# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

လောကဓံတရား တွေ့ရပြားလည်း
တံခါးတိုင်ပမာ မြေကမ္ဘာသို့
မတုံ့မပြန် ကြံ့ကြံ့ခံခြင်း။
သင့်တင့်လျောက်ပတ် အကျင့်မြတ်ခြင်း။
အနည်မထ ကြည်လင်လှသည့်
ရေအိုင်အသွင် စိတ်ကြည်လင်ခြင်း။
သို့ ကြံ့ကြံ့ခံ ဂုဏ်ပေါင်းရုံသော
ပုဂ္ဂိုလ်မြတ်မွန် အရဟံအား
ကျင်လည်စရာ သံသရာသည်
မရှိပါတည့်။ မရှိတည့်။
ဓမ္မပဒ၊ အရဟန္တဝဂ်၊ ရဟန္တာ-၉၅။ (မြန်မာပြန်-မင်းသုဝဏ်)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၂ရက် တနင်္ဂနွေနေ့ | 8, Sunday May 2016 | (၈၅၅၅)


# ရန်ကုန်မြို့ပြ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် တိုင်းဒေသကြီးအစိုးရသစ်အတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်



သတင်း - သီသီမင်း၊ ဓာတ်ပုံ - ဖြိုး

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့ပြ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်အတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ကြောင်း၊ အစိုးရသစ် တာဝန်ယူပြီး ဆောင်ရွက်မည့် ရန်ကုန်မြို့ပြ စီမံကိန်းသည် နောင်တစ်ချိန် ပြန်လှည့်ကြည့် ချိန်တွင် ပြည်သူအတွက် အေးချမ်းလုံခြုံပြီး စိမ်းလန်းစိုပြည်သည့် မြို့ကြီးအဖြစ် တာဝန် ကျေပွန်နေရန်လိုအပ်ကြောင်း၊ ထိုသို့ တာဝန် ကျေပွန်ရန်အတွက်လည်း အားလုံးပူးပေါင်း ဆောင်ရွက်မှ အဆင်ပြေမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် *Renaissance Institute* တို့ မေ ၅ ရက်က ရန်ကုန်မြို့တော် ခန်းမ၌ ပြုလုပ်သည့် ရန်ကုန်မြို့ပြဘက်စုံ ဖွံ့ဖြိုးရေးအကြံပြုချက်များ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ရန်ကုန်မြို့ကြီးကို ပြန်လည်ထူထောင်ရန် ဆောင်ရွက်ရာတွင် စံနှုန်းပျက်မှု အများကြီး ရှိခဲ့ကြောင်း၊ စံနှုန်းပျက်မှုများထဲတွင် ခေတ်ဟောင်း၊ စနစ်ဟောင်းနှင့် အတွေးအခေါ် ဟောင်းများကြောင့် ကုန်ဆုံးခဲ့သည့်အချိန်များ အများကြီးရှိခဲ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများ အားနည်းပြီး မြို့ပြ၏ စီမံဆောင်ရွက်မှုများ သည် ပရမ်းပတာဖွံ့ဖြိုးတိုးတက်မှုဖြစ်ခဲ့ရ ကြောင်း၊ မိုးရာသီရောက်လာလျှင် ရေကြီး ရေလျှံမှု **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

## စက်သုံးဆီဈေးနှုန်းကို အမှန်တကယ်ဖြစ်သင့်သည့် ဈေးနှုန်းအရှင်ဖြင့်သာ ဖြန့်ဖြူးရောင်းချရန်လို

စာမျက်နှာ - ၂

## အမှန်အကန်တန်ဖိုးနည်းအိမ်ရာ ကျပ်သိန်း ၁၀၀ အောက် ရောက်အောင်သာ ဆောက်လုပ်လိုက်ပါ

စာမျက်နှာ - ၆

# တရားဥပဒေဘောင်အတွင်းကတောင်းဆိုမှုဆိုရင် အပြည့်အဝရနိုင်ပေမယ့် ဥပဒေပြင်ပကတောင်းဆိုမှုမျိုးဆိုရင်တော့ မျှော်လင့်ချက်ထားလို့မရဘူး

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်**

"တကယ်တော့ ကိုယ့်ရဲ့လိုလားချက်တွေကို တောင်းဆိုတဲ့ကိစ္စရပ်တွေမှာ အော်ဟစ်တောင်းဆိုတာ၊ စီတန်းလှည့်လည်ဆန္ဒပြတောင်းဆိုတာတွေဟာ ပြဿနာတစ်ရပ်ကို ပြေလည်အောင်ဖြေရှင်းနိုင်မယ့် နည်းလမ်းမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းသည်သာ ပြဿနာတစ်ရပ်ကို မှန်ကန်တဲ့ဖြေရှင်းနည်းဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှသာ လိုလားချက်တွေကိုပြောနိုင်မယ်။ တစ်ဖက်ရဲ့လိုလားမှုတွေကိုလည်း သိနိုင်မှာဖြစ်ပြီး ဘယ်လိုပေါင်းစပ်ဖြေရှင်းရင်ကောင်းမလဲဆိုတာကိုလည်း သိမှာဖြစ်ပါတယ်။ တွေ့ဆုံညှိနှိုင်းတိုင်းလည်းကိုယ်တောင်းဆိုတာ အပြည့်အဝရချင်မှရမယ်ဆိုတာ မျှော်မှန်းထားရမယ်။ ဥပဒေဘောင်အတွင်းကတောင်းဆိုမှုဆိုရင်အပြည့်အဝရနိုင်ပေမယ့် ဥပဒေပြင်ပကတောင်းဆိုမှုမျိုးဆိုရင်တော့ မျှော်လင့်ချက်ထားလို့မရဘူးပေါ့" ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်မှ ဆန္ဒဖော်ထုတ်သည့် အလုပ်သမားများနှင့် တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြခြင်းနှင့် စပ်လျဉ်း၍ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




# ကြေးမုံ

## ပြည်သူ့စာကြည့်တိုက်များနှင့် နိုင်ငံတော်

တစ်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတို့ အစိုးရဖွဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံကြပါသည်။

ယနေ့ ပြည်သူ့အစိုးရ စတင် သန္ဓေတည်ကတည်းက အပြောင်းအလဲကို မျှော်လင့်ခဲ့ကြသည်။ ပြောင်းလဲချိန်တန်ပြီဟူသော လှုံ့ဆော်သံက ပြည်သူတို့၏ရင်မှာ စွဲစွဲလမ်းလမ်းရှိနေခဲ့သည်။

အပြောင်းအလဲ. . . ။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့ မျှော်လင့်နေကြသော အပြောင်းအလဲဆိုသည်မှာ ရုတ်ချည်း အမြစ်ကလှန်ကာ ပြောင်းလဲသော တော်လှန်ရေးအပြောင်းအလဲမျိုးဖြစ်မည်မဟုတ်ဆိုသည်ကို ပြည်သူတို့လည်း သဘောပေါက်နားလည်ပြီးဖြစ်သည်။ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲသော အပြောင်းအလဲ။ တစ်ဆင့်ပြီးတစ်ဆင့် အပြောင်းအလဲဆိုသော်လည်း လျင်လျင်မြန်မြန်နှင့် အရှိန်အဟုန်နှင့် တိုးတက်သော အပြောင်းအလဲကို မျှော်လင့်ကြသည်။

သည်လို မှန်မှန်ကန်ကန် တစ်ဆင့်ချင်းနှင့် အချိန်မြန်မြန် အပြောင်းအလဲဖြစ်ဖို့ဆိုလျှင် နိုင်ငံ၏ ပညာရေးစနစ်မြင့်မားရေးက အလွန်အရေးကြီးသော အခြေခံတစ်ခုဖြစ်ပါလိမ့်မည်။

အမျိုးသားပညာရေးစနစ် မြင့်မားရေးအကြောင်းပြောလျှင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍက ရှေ့တန်းကို ရောက်ရှိလာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှာ ပြည်သူ့စာကြည့်တိုက်များ အများကြီး လိုပါသည်။ စုံလင်များပြားသော စာအုပ်များဖြင့် ကြွယ်ဝနေသည့် ပြည်သူ့စာကြည့်တိုက်များ လိုပါသည်။ လူအများ စာဖတ်ရှုရေးကို အားပေးသည့်၊ စာဖတ်ရှုသူများကို ပြည့်ပြည့်ဝဝ ကူညီဝန်ဆောင်မှုပေးသည့် စာကြည့်တိုက်ဝန်ထမ်းများနှင့် ပြည့်စုံသော ပြည်သူ့စာကြည့်တိုက်များလိုပါသည်။

သည်မျှ အရေးကြီးသည့် ပြည်သူ့စာကြည့်တိုက်များ ပေါ်ပေါက်ရေးကို အစိုးရက မုချ အားပေးဖို့ လိုပါမည်။ ခေတ်သစ် မြန်မာနိုင်ငံ၏ ဖြစ်နေကျပုံစံအတိုင်းဆိုလျှင် အစိုးရက ကျကျနန တာဝန်ယူရန်လိုအပ်ပါလျက် တာဝန်မကျေဖြစ်နေသည့် နေရာများတွင် ပြည်သူတို့က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဝင်ရောက်ဆောင်ရွက်ပြီး လိုအပ်ချက်ကို ဝင်ရောက်ဖြည့်ဆည်းလေ့ရှိသည်။

နာဂစ်မုန်တိုင်းလို ပြည်သူတို့ ဒုက္ခအကြီးအကျယ်ရောက်ချိန်မှာ လူထုက နီးစပ်ရာ နီးစပ်ရာ စုကြဝေးကြသဖြင့် တတ်နိုင်သလောက် တာဝန်ယူခဲ့ကြသည့်အတွက် လူများစွာ အတော်အသင့် သက်သာရာရခဲ့ကြခြင်းဖြစ်သည် မဟုတ်ပါလား။ သည်လိုနှင့် လူမှုရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံမှာ ပေါပေါများများ ရှိနေ၊ ပေါ်ပေါက်နေခဲ့ခြင်းဖြစ်ပါသည်။ စာကြည့်တိုက်များ အခန်းကဏ္ဍတွင်လည်း သည်လိုပဲဖြစ်ပါသည်။ စာကြည့်တိုက်များရှိရင်လိုအပ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ကြသူများက ဝိုင်းကြဝန်းကြပြီး ပြည်သူ့စာကြည့်တိုက်များ ပေါ်ထွန်းရေးကို ဝိုင်းဝန်းဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

သည်လို လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာအခြေပြု အသင်းအဖွဲ့များတို့က ဤသို့ ဤနှယ် ဝိုင်းဝန်းထောက်ကူကြသည့်အတွက် တစ်စိတ်တစ်ဒေသအားဖြင့် အကူအညီရခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ သို့သော်လည်း အမျိုးသားတိုးတက်ရေးအတွက် သည်မျှအရေးကြီးသော ပြည်သူ့စာကြည့်တိုက်များပေါ်ထွန်းရေး အစိုးရက အထူးတလည် ဂရုပြုကာ အားပေးတည်ထောင်ဖို့လိုပါမည်။

အထက်မှာပြောခဲ့သလို အရပ်ဘက်လူမှုအဖွဲ့အစည်းကြီးများ၊ ရပ်ရွာမြို့နယ် အခြေခံလူမှုအဖွဲ့အစည်းများ၊ တစ်ဦးချင်း တတ်ကျွမ်းနားလည်သော စာကြည့်တိုက်ပညာရှင်များ၏ ဝိုင်းဝန်းကူညီမှုဖြင့် အစိုးရက ဦးဆောင်ကာ ပြည်သူ့စာကြည့်တိုက်များပေါ်ထွန်းရေးကို မဖြစ်မနေ စတင်ဆောင်ရွက်သင့်သော ယခုလိုအချိန်တွင် အစိုးရက စာကြည့်တိုက်များ ပေါ်ထွန်းရေးခြေလှမ်းများ စတင်လာသည်ကို ကြိုဆိုရပါသည်။

ယနေ့ ပြည်သူ့ အစိုးရသစ်လက်ထက်တွင် ပြည်သူတို့ အမှန်တကယ်ထိတွေ့ဝင်ထွက်ရန် လွယ်ကူသော အမျိုးသားစာကြည့်တိုက်ကြီးတစ်ခု ပေါ်ပေါက်ရန်နှင့် နိုင်ငံလုံးအနှံ့တွင် ပြည်သူ့စာကြည့်တိုက်များ ပေါ်ပေါက်ရန် မျှော်လင့်မိပါကြောင်း။ ။

## စက်သုံးဆီဈေးနှုန်းကို အမှန်တကယ်ဖြစ်သင့်သည့် ဈေးနှုန်းအရှင်ဖြင့်သာ ဖြန့်ဖြူးရောင်းချရန်လို



**နေပြည်တော် မေ ၇**

စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီဈေးနှုန်းကို အမှန်တကယ်ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းအရှင်ဖြင့်သာ ဖြန့်ဖြူးရောင်းချသွားကြရန် လိုကြောင်း မေ ၂ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားခဲ့သည်။

ထို့ပြင် စက်သုံးဆီရောင်းချခြင်းနှင့် ပတ်သက်၍ စည်းကမ်းဖောက်ဖျက်မှုများကို ပြည်သူလူထုက တိုက်ရိုက်တိုင်ကြားနိုင်ပြီး တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိလျှင်လည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်သူလူထုလိုအပ်သည့် စက်သုံးဆီများကို ဈေးနှုန်းမှန်၊ ပစ္စည်းမှန်၊ အခြင်အတွယ်မှန်စွာဖြင့် လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်တွင်းစက်သုံးဆီဈေးကွက်၏ လက်ရှိအခြေအနေနှင့် နောင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးခဲ့ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲသူ ပြည်သူများ ထိုက်သင့်သောဈေးနှုန်းဖြင့် သက်သာစွာဝယ်ယူသုံးစွဲနိုင်ရေးနှင့် တင်သွင်းဖြန့်ဖြူးရောင်းချသူများလည်း အခက်အခဲမရှိစေသည့် ဈေးနှုန်းများကို ညှိနှိုင်းအဆိုပြု သတ်မှတ်ရောင်းချစေရေးအတွက် စက်သုံးဆီလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများထံမှ အဆိုပြုချက်၊ အကြံပြုချက်များ ကျယ်ကျယ်ပြန့်ပြန့်တောင်းခံထားပြီး ညှိနှိုင်းဆွေးနွေးသတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## နယ်လှည့်စာကြည့်တိုက်ဖြင့် စာအုပ်၊စာစောင်များ အခမဲ့ငှားရမ်းပေးပြီး အယ်နီညိုအကြောင်း အသိပညာပေး

**နေပြည်တော် မေ ၇**

နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများသို့ အပတ်စဉ်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် ပြည်သူများ လက်ဝယ်အရောက် စာအုပ်များကို အခမဲ့ ငှားရမ်းပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာသို့ သွားရောက်၍ ကျေးလက်နေပြည်သူများအား စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ကြပြီး စာအုပ်၊ စာစောင် လာရောက်ငှားရမ်းကြသူများအား အယ်နီညိုအကြောင်း သိကောင်းစရာများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အယ်နီညိုနှင့် ပတ်သက်၍ အသိပညာပေး ထုတ်ပြန်ချက်များကို နံရံကပ်ပြဘုတ်များဖြင့် ပြသပေးကြသည်။

အဆိုပါရွှေ့လျားစာကြည့်တိုက်တွင် သုတ/ရသစာအုပ်၊စာစောင် ၃၀၀ ကျော်ပါရှိပြီး ကျေးလက်နေ ပြည်သူများ ငှားရမ်းဖတ်ရှုလိုသည့် သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြသည်။ အဆိုပါ ငှားရမ်းပေးခဲ့သည့်စာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(ရွှေကူကွို)**





## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုး နေမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၂-၈၆၁၀၀၆၁၅၊ စီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၇၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ Myanmar Veneer and Plywood Private Ltd; သစ်အချောထည်စက်ရုံမှ ဆန္ဒဖော်ထုတ်သည့် အလုပ်သမားများ၊ အလုပ်ရှင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သည့် တာဝန်ရှိသူများသည် အလုပ်သမား၊ အလုပ်ရှင်ဆိုင်ရာ ကိစ္စရပ်များကို မေ ၆ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။

ထိုတွေ့ဆုံပွဲ၌ အလုပ်သမားများက အမျိုးသမီး ၆၀ ကို ပထမဦးစားပေး အလုပ်ပြန်လည်ခန့်ထားရေး၊ ကျန်အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပေးရေး၊ အလုပ်မဆင်းသည့် ကြားကာလနစ်နာကြေးနှင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေဖြင့် ဆောင်ရွက်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လျှော့ပေါ့ပေးရေးတို့ကို တောင်းဆိုခဲ့ကြပြီး အလုပ်ရှင်ဘက်မှ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် မှတ်တမ်းများတိုက်ဆိုင်စစ်ဆေးပြီး အမျိုးသမီး၊ အမျိုးသားမခွဲခြားဘဲ အလုပ်အကိုင် ပြန်လည်ခန့်ထားပေးမည်ဖြစ်ကြောင်း၊ မေ ၁၁ ရက်တွင် အလုပ်အကိုင်ပြန်လည်ခန့်ထားသူများကို ကြေညာသွားမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်အကိုင်ရရှိဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီမယ်ဆိုတာကလည်း အလုပ်ရှင်ကို ဖိအားပေးလို့မရဘူး၊ အလုပ်ခန့်ထားရေးဟာ အလုပ်ရှင်ရဲ့သဘောထားပဲဖြစ်တယ်။ ဥပဒေဘောင်အတွင်းက ပူးပေါင်းဆောင်ရွက်မယ်ဆိုတာပေါ့။ ကြားကာလ နစ်နာကြေးနဲ့ပတ်သက်ပြီး ခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်မှာပါမလာဘူး။ ဥပဒေနဲ့အညီပဲ ဆောင်ရွက်လို့ရမယ်ဆိုတာကို ရှင်းလင်းအောင် ပြောပြထားပြီးဖြစ်ပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ဖြေလျှော့ဖို့ဆိုတာကလည်း ဝန်ကြီးဌာနတွေ ပေါင်းစပ်ဆောင်ရွက်မယ့် ကိစ္စရပ်သာဖြစ်ပါတယ်"ဟု ဦးမျိုးအောင်က ဆိုသည်။

စစ်ကိုင်းမြို့ပတ္တမြားစက်မှုဇုန်ရှိ Myanmar Veneer and Plywood Private Ltd; သစ်အချောထည်စက်ရုံမှ အလုပ်သမားများ၏ ဆန္ဒဖော်ထုတ်မှုများသည် ယခင်ကလည်း ရှိခဲ့ပါကြောင်း၊ အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက် ပြေလည်စွာဖြေရှင်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

"အဲဒီစက်ရုံမှာ ၂၀၁၅ ခုနှစ်လောက်ကတည်းက အလုပ်ရှင် အလုပ်သမားဖြစ်ပွားတဲ့ ပြဿနာလေးတွေရှိခဲ့တယ်။ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်။ ဒီနှစ် ဇန်နဝါရီလတုန်းက အချိန်ပိုကြေး၊ ထုတ်လုပ်မှုကြေး၊ ကျွမ်းကျင်ကြေး၊ ရက်မှန်ကြေး စတာတွေနဲ့ ပတ်သက်ပြီး အလုပ်ရှင်အလုပ်သမားပြဿနာဖြစ်ပွားခဲ့ပေမယ့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်တွေနဲ့ ပြေလည်အောင်ဖြေရှင်းနိုင်ခဲ့တယ်။ ဖေဖော်ဝါရီလမှာ အချိန်ပိုခိုင်းတာနဲ့ပတ်သက်ပြီး ထပ်မံဖြစ်ပွားခဲ့ပေမယ့် နှစ်ဖက်ညှိနှိုင်းပြီး ပြေလည်ခဲ့ကြတယ်"ဟု ဦးမျိုးအောင်က ဆက်လက်ပြောသည်။

ယခုဖြစ်ပွားသည့် အလုပ်သမားများ၏တောင်းဆိုမှုများနှင့် ပတ်သက်၍ ပြဿနာ၏ အရင်းအမြစ်ကိုလည်း ၎င်းက "ဖေဖော်ဝါရီ ၂၉ မှာ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ စက်ရုံမှာ အလုပ်သမားတွေဟာ နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး အလုပ်ဆင်းရတယ်။ အဲဒီနေရာမှာ အလုပ်သမားတွေက နေ့ဆိုင်း၊ ညဆိုင်းပေါင်းပြီး ကိုယ့်သဘောနဲ့ကိုယ် တပေါင်းတစည်းထဲ အလုပ်ဆင်းကြတယ်။ အဲဒီမှာ အလုပ်ရှင်က အလုပ်ရှင်ရဲ့စီမံခန့်ခွဲမှုကို စွက်ဖက်တယ်ဆိုပြီး အလုပ်သမား ၁၂၈ ဦးကို အလုပ်ထုတ်ခဲ့တယ်။ အဲလိုထုတ်ခဲ့တဲ့နေရာမှာ အလုပ်ရှင်သတိပေးခံရတာ သုံးကြိမ်ရှိတဲ့သူတွေ၊ မိမိသဘောနဲ့အလုပ်ကထွက်တဲ့သူတွေ ဖြစ်တယ်လို့သိရတယ်။ ဒါကြောင့် အလုပ်ထုတ်ခံရသူတွေနဲ့ ကျန်အလုပ်သမားတွေပေါင်းပြီး ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်ပွားခဲ့တာပါ။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ စစ်ကိုင်းမြို့ Myanmar Veneer and Plywood Private Ltd; သစ်အချောထည် စက်ရုံ၏ အလုပ်သမားရေးရာကိစ္စ နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားစဉ်။
(ဓာတ်ပုံ - မောင်ဇော်)

မတ် ၂၉ ရက်မှာ အလုပ်ကထုတ်ပယ်ခံရသူ ၁၂၈ ဦးနဲ့ အလုပ်မဆင်း အလုပ်ကိုသတင်းမပို့တဲ့သူတွေ စုစုပေါင်း ၁၅၈ ဦး အလုပ်က ထွက်ရတဲ့သဘောဖြစ်သွားတယ်။

အဲဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွေ၊ ခုံသမာဓိနဲ့ ခုံသမာဓိကောင်စီတွေ၊ သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်တာဝန်ရှိသူတွေက ဖြေရှင်းပေးကြတယ်။ အဲဒီဖြေရှင်းပေးမှုကို အလုပ်သမားတွေက မကျေနပ်ဘူး။ ဧပြီ ၂၆ ရက်မှာ စစ်ကိုင်းကနေ မော်တော်ယာဉ်တွေနဲ့ နေပြည်တော်ကို ထွက်လာတယ်။ ဝမ်းတွင်းမြို့အရောက်မှာ ဌာနဆိုင်ရာတွေက ဖျန်ဖြေပြောဆိုလို့ စစ်ကိုင်းကိုပြန်သွားခဲ့ကြတယ်။ စစ်ကိုင်းရောက်တဲ့အခါ အလုပ်မှာ သုံးကြိမ်သတိပေးခံရသူတွေ အလုပ်ကထုတ်မယ်ဆိုတယ်။ အလုပ်သမားတွေက အဲဒီသုံးကြိမ်သတိပေးခံရတဲ့လက်မှတ်ဟာ အတုတွေလို့ ပြောတယ်။ အလုပ်ရှင်က မဟုတ်ဘူးပြောတယ်။ ဒါနဲ့ပဲ အလုပ်သမားတွေဟာ ဆန္ဒဖော်ထုတ်ဖို့ နေပြည်တော်ကို ခြေကျင်လျှောက်ခဲ့ကြတယ်။ အဲဒီမှာ အလုပ်သမားတွေက သူတို့ဆန္ဒတွေကိုပြည်ထောင်စုအဆင့်က ဖြေရှင်းပေးဖို့တောင်းဆိုခဲ့ကြတယ်။ တာဝန်ရှိသူတွေ အကြိမ်အကြိမ်သွားရောက်ဖြေရှင်းပေမယ့် သူတို့က ပြည်ထောင်စုတာဝန်ရှိသူတွေ ဖြေရှင်းပေးဖို့ပဲ တောင်းဆိုကြတယ်။ ဒါနဲ့ပဲ နေပြည်တော်က ကျွန်တော်တို့ဝန်ကြီးဌာနမှာ မေ ၆ ရက်က ခေါ်ယူညှိနှိုင်းဖြေရှင်းကြတာဖြစ်တယ်။ လောလောဆယ်အထိ ဆန္ဒဖော်ထုတ်ကြတဲ့အလုပ်သမားတွေဟာ ဝမ်းတွင်းမြို့နယ်ထဲမှာ ရှိနေကြတုန်းပဲ"ဟုဆိုသည်။

**မင်းမင်းဇော်(ကလေး)**

## မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုတင်ပြချက်များကို လျစ်လျူရှုခဲ့ခြင်းကြောင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစံနှုန်းပျက်ခဲ့ရဟု ပညာရှင်များပြောကြား

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့ပြဧရိယာ တိုးချဲ့တည်ဆောက်ခဲ့ရာတွင် မြို့ပြစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုတင်ပြချက်များ၊ ဆွေးနွေးချက်များအပေါ် လျစ်လျူရှုကာ ဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့ ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုပုံစံတွင် စံနှုန်းပျက်ခဲ့ရမှုများနှင့် ကြုံတွေ့နေရခြင်းဖြစ်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ခေတ်အဆက်ဆက် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများတွင် မြို့ပြစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာသို့ အကြံပြုတင်ပြချက်များ တင်ပြခဲ့သော်လည်း ပညာရှင်များ၏ အကြံဉာဏ်များကို လျစ်လျူရှုဆောင်ရွက်ခဲ့သော စနစ်မကျသည့် စီမံကိန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ မြေအသုံးချမှုများ စီမံခန့်ခွဲမှု အလွဲများ ဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ ရန်ကုန်မြို့နေ ပြည်သူများ ကြုံတွေ့ခံစားနေရသည့် မြို့ပြအင်္ဂါရပ်များနှင့် ကိုက်ညီမှုမရှိသည့် မြို့ပြရေးရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်ဟု မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ အဆိုပြုချက်များနှင့် အကြံပြုချက်များ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"ယနေ့ ကြုံတွေ့နေရတာတွေဟာ အရင်ကပညာရှင်တွေ တင်ပြခဲ့တာတွေကို လျစ်လျူရှုခဲ့လို့ပါ။ ရန်ကုန်မြို့ကြီးဟာ ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀၊ ၃၀ အတွင်းမှာ လေးဆလောက်တိုးသွားပါတယ်။ ၁၉၈၈ ခုနှစ်တုန်းက ၈၄ စတုရန်းမိုင်ကနေပြီးတော့ အခု စတုရန်းမိုင် ၃၀၀ ကျော်ဖြစ်သွားပါပြီ။ သို့သော် တိုးလိုက်ချဲ့လိုက်နဲ့ အခြေအနေတွေဟာ အကြမ်းအားဖြင့် တိုးချဲ့မြို့သစ်တွေဟာ ရေမြောင်းမရှိ၊ ရေမရှိ အဲသလိုပဲ နေကြရပါတယ်။ နောက် ပုဂ္ဂလိက ကန်ထရိုက်လို့ခေါ်ကြတဲ့ developer တွေနဲ့ပေါင်းပြီး လုပ်ကြတယ်။ လူသားမဆန်တဲ့ အထပ်မြင့်တိုက်တွေဖြစ်လာခဲ့တယ်။ ကားထားစရာ နေရာမရှိပါဘူး။ အမှိုက်ပုံစရာ နေရာမရှိပါဘူး။ နိုင်ငံတကာ စံနှုန်းအရနဲ့ကြည့်ရင် ဒီအဆောက်အအုံတွေရဲ့ တစ်ခုနဲ့တစ်ခုရဲ့ အကွာအဝေးက အလွန်ကိုကပ်လွန်းတယ်။ အဲဒါတွေဟာ ပညာရှင်တွေကို မတိုင်ပင်ဘဲနဲ့ လုပ်သွားတဲ့ ကိစ္စတွေပါ။ လူသားမဆန်တဲ့ အိမ်ရာကဏ္ဍလို့ ဒီလိုပဲ ပြောချင်ပါတယ်" ဟု ဒေါက်တာကျော်လတ်က ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသွားသည်။

မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် ပညာရှင်များကသာ တည်ဆောက်ခြင်း မဟုတ်ဘဲ ပညာရှင်များအနေဖြင့် အကြံပြုချက်များ၊ ဆွေးနွေးတင်ပြချက်များအပေါ် ကဏ္ဍအသီးသီးအလိုက်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအလိုက် တင်ပြအကြံပြုခြင်းဖြစ်ပြီး အကောင်အထည်ဖော်ရသည်မှာ သက်ဆိုင်ရာ အာဏာပိုင်များပင်ဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။ ရန်ကုန်မြို့ပြကဏ္ဍ တိုးချဲ့တည်ဆောက်ခဲ့ရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်းမရှိခဲ့ဘဲ လယ်မြေများတွင် အကွက်ရိုက်ကာ နေထိုင်စေခဲ့ခြင်း၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍအတွက် နှစ်ရှည်စီမံကိန်းများဖြင့် ကြိုတင်ဆောင်ရွက်ခြင်းမရှိခဲ့ခြင်းတို့အပြင် ရေစီးရေလာကဏ္ဍ၊ ရေရရှိမှုကဏ္ဍ၊ လျှပ်စစ်မီးသွယ်တန်းမှု၊ အမှိုက်စွန့်ပစ်မှု၊ ရေဆိုးစွန့်ထုတ်မှု၊ မီးသတ်စနစ်နှင့် မော်တော်ယာဉ်ရပ်နားရန် နေရာအပါအဝင် စိမ်းလန်းမြေများ၊ အားကစားကွင်းများတွင်လည်း လိုအပ်ချက်များစွာ ရှိခဲ့ပြီး မြို့ပြရေးရာ ပြဿနာများကို ယနေ့ ကြုံတွေ့နေရခြင်းဖြစ်သည်ဟု မြို့ပြရေးရာပညာရှင်များက ဝေဖန်သုံးသပ်ကြခြင်းဖြစ်သည်။

**(ဆုနှင်းလှဲ့)**

## ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ကြက်မွေးမြူရေး အထူးဇုန်အတွင်းရှိ ကြက်ခြံအချို့တွင် ၃-၄-၂၀၁၆ ရက်မှစတင်၍ ကြက်များစတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5 နှင့်အတူ H9 ဗိုင်းရပ်စ်ပိုး ပထမဆုံးအကြိမ် ပူးတွဲတွေ့ရှိခဲ့ရပါသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး တွေ့ရှိရသဖြင့် ဥစားကြက်ခြံများတွင် ဥထုတ်လုပ်မှု သိသာစွာကျဆင်းခြင်း၊ ကြက်သေဆုံးမှု ၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်အထိ နှစ်ရက်အတွင်း တွေ့ရှိခဲ့ရပြီးကူးစက်မှုနှုန်းမြန်ဆန်သဖြင့် ရောဂါထိန်းချုပ်နိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာအဖွဲ့နှင့် ဒေသဆိုင်ရာအဖွဲ့များပူးပေါင်း၍ မွေးမြူသူများ၏ ဆန္ဒအရ ကြက်များရှင်းလင်းမှုကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် ရောဂါစူးစမ်းထောက်လှမ်းခြင်း (Surveillance) များ ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)သို့ (၁၆-၄-၂၀၁၆) ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်း အရေးပေါ်အသိပေးချက် အစီရင်ခံစာ ပေးပို့ခဲ့ပါသည်။

ဗိုင်းရပ်စ်ပိုးမျိုးကွဲများနှင့်ပတ်သက်၍ ဆက်လက်စမ်းသပ်နိုင်ရန် ဒေသဆိုင်ရာ ရည်ညွှန်းကိုးကား ဓာတ်ခွဲခန်းဖြစ်သည့် Australia Geelong ရှိ Australia Animal Health Laboratory (AAHL) သို့ နမူနာပစ္စည်းများ နှစ်ကြိမ်ခွဲပြီး ပေးပို့စစ်ဆေးခဲ့ပါသည်။

ပထမအကြိမ်ပေးပို့ခဲ့သည့် နမူနာပစ္စည်းစစ်ဆေးချက်အရ H9N2 ရောဂါပိုး ပါဝင်ကြောင်း AAHL မှ ကနဦးအစီရင်ခံစာပြန်ကြားခဲ့ပြီး အခြားမျိုးကွဲများပါဝင်မှုကို မျိုးရိုးဗီဇစစ်ဆေးနည်းများဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

မုံရွာမြို့ဥစားကြက်မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူထားသော ကြက်ခြံများတွင် ၆-၅-၂၀၁၆ ရက်အထိ စုစုပေါင်းကြက် ၆၉၂၄၈ ကောင်ကို ပိုင်ရှင်များ၏ ဆန္ဒအရ စနစ်တကျ သုတ်သင်ရှင်းလင်းခဲ့ပါသည်။

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မင်္ဂလာဒုံ၌ တောင်သူစက်ပြင်သင်တန်းဖွင့်

**ရန်ကုန် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) ၏ တောင်သူစက်ပြင်သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို မေ ၆ ရက်နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ ပင်မစက်ပြင်အလုပ်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ညွှန်ကြားရေးမှူး ဦးအောင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ကျိုက္ကလို့ ပင်မစက်ပြင်အလုပ်ရုံမှူး ဦးကျော်ဝေက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားရာ မိမိတို့၏ ပြင်ဆင်ရေးနယ်မြေအတွင်းရှိ လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်သော တောင်သူများအား ထွန်စက်ကြံ့ခိုင် ထိန်းသိမ်းနည်း စာတွေ့လက်တွေ့၊ ရိတ်သိမ်းခြွေစက် ထိန်းသိမ်းနည်း စာတွေ့လက်တွေ့၊ ကောက်စိုက်စက် စာတွေ့လက်တွေ့၊ လက်တွန်းထွန်စက် စာတွေ့လက်တွေ့ တို့ကို ရက်ပေါင်း ၁၀၀ အတွင်း သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းကာ လက်တွေ့ထွန်စက်ကြံ့ခိုင် ထိန်းသိမ်းနည်းကို လက်တွေ့သင်ကြားပို့ချသည်။

အဆိုပါဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများ၊ နည်းပြများ တက်ရောက်ပြီး တောင်သူသင်တန်းသား ၄၃ ဦး တက်ရောက်ကာ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆုလှိုင်(IPRD)**

■



## မော်ရိုကိုနိုင်ငံတောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးနေ

**ဘာရတ် မေ ၇**
မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်ရိုကိုနိုင်ငံတောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း မော်ရိုကို ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

တာရိုဒန့်ပြည်နယ်တွင် ရေကြီးမှုကြောင့် နေအိမ်တစ်လုံးမျောပါသွားပြီးနောက် ယင်းနေအိမ်၌ နေထိုင်သည့် မိသားစုဝင်လေးဦးစလုံးသေဆုံးကာ အခြားအမျိုးသမီးတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အလားတူပင် ကွာဇာဇတ်ပြည်နယ်တွင်လည်း နေအိမ်တစ်လုံးရေနှင့်မျောပါသွားပြီးနောက် ယင်းနေအိမ်၌ နေထိုင်သူအမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ ထို့အပြင် အမျိုးသားနှစ်ဦးသည် အွက်ဒေ့မြစ်ကိုဖြတ်ကူးရန်ကြိုးပမ်းနေစဉ် တစ်ဦးသေဆုံးသွားပြီး အခြားအမျိုးသားတစ်ဦးမှာ ယခုထိတိုင်ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲကန္တာရများရှိသည့် မော်ရိုကိုမြို့တွင် မေ ၃ ရက်ကစပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ။**

## တောင်ကိုရီးယားနိုင်ငံတွင် ဇီကာပိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၇**
တောင်ကိုရီးယားနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦးမြောက်လူနာကို ယနေ့တွေ့ရှိခဲ့ကြောင်း ကိုရီးယားရောဂါရှာဖွေရေးနှင့်ကုသရေးစင်တာက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါရောဂါကူးစက်ခံရသူ အသက်(၂၅)နှစ်အရွယ်အမျိုးသမီးသည် မကြာသေးမီက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ ဧပြီ ၁၀ ရက်မှ ၃၀ ရက်အတွင်း သွားရောက်ခဲ့ပြီး မေ ၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မေ ၄ ရက်တွင် အဆိုပါအမျိုးသမီးသည် အဆစ်အမျက်များနာကျင်ခြင်း၊ အရေပြားယားယံခြင်းစသည်တို့ကို ခံစားပြီးနောက် လည်ချောင်းနာကျင်မှုဝေဒနာကို ကုသရန် ဆေးရုံသို့ ရောက်ရှိခဲ့သည်။ ရောဂါရှာဖွေမှုပြုခဲ့ပြီးနောက် ခြင်ကြောင့်ဖြစ်ပွားသော ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း သိရှိခဲ့ရသည်။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း ဗိုင်းရပ်စ်ပိုးရှိသော ခြင်ကိုက်ခံခဲ့ရခြင်း ဖြစ်နိုင်ခြေရှိသည်ဟု ကိုရီးယားရောဂါရှာဖွေရေးစင်တာက ထင်ကြေးပေးသည်။ ကျန်းမာရေးအာဏာပိုင်များက ဗီယက်နမ်နိုင်ငံတွင် ရောက်ရှိစဉ်ကာလအတွင်း ယင်းလူနာနှင့် တွေ့ဆုံခဲ့သူတစ်ဦးအား ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုမရှိစေရန် စစ်ဆေးလျက်ရှိသည်။

ယခုဗိုင်းရပ်စ်ပိုးတွေ့ရှိမှုသည် တောင်ကိုရီးယားနိုင်ငံ၏ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ လေးယောက်မြောက်ဖြစ်သည်။ ပထမဆုံးသော ဇီကာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ အသက်(၄၃) နှစ်အရွယ် အမျိုးသမီးကို မတ် ၂၂ ရက်က တွေ့ရှိခဲ့ပြီး ဧပြီ ၂၇ နှင့် ၂၉ ရက်တွင် နောက်ထပ်နှစ်ဦးကို ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါနှစ်ဦးသည် ဖိလစ်ပိုင်နိုင်ငံသို့ အတူတကွ ခရီးသွားရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

## အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့များ တိုက်ခိုက်၍ စစ်သွေးကြွ ၄၃ ဦးသေဆုံး

**ကဘူး မေ ၇**
အာဖဂန်နစ္စတန်တွင် အမျိုးသားလုံခြုံရေးတပ်ဖွဲ့များက မေ ၆ ရက်အစောပိုင်း၌ စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၄၃ ဦးသေဆုံးကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်းမှ ပြည်နယ် ၃၄ ခုအနက် ၁၇ ခုတွင် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့များက အာဖဂန်ကြည်းတပ်အမြောက်တပ်ဖွဲ့များနှင့် အာဖဂန်လေတပ်လေယာဉ်များ၏ ထောက်ကူမှုများဖြင့် စစ်ဆင်ရေးများကို တစ်ရက်ကြာပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၁၅ ဦး ဒဏ်ရာရရှိပြီး အခြား ၁၃ ဦးကို ဖမ်းဆီးရမိကြောင်း အာဖဂန်စစ်ဘက်၏ ကြေညာချက်တွင်ဖော်ပြသည်။

သေဆုံးသွားသောစစ်သွေးကြွများထဲတွင် နိုင်ငံခြားသားစစ်သွေးကြွခြောက်ဦးပါဝင်ကြောင်း စစ်ဘက်ကြေညာချက်တွင်ပါရှိပြီး ၎င်းတို့မှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ရှင်းလင်းဖော်ပြမှုမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ် ဘာတီကော့တ်ခရိုင်တွင် အာဖဂန်လေတပ်မှ စီးနင်းတိုက်ခိုက်ခဲ့ရာ အိုင်အက်စ်အဖွဲ့ဝင် စစ်သွေးကြွတစ်ဦးသေဆုံးပြီး အခြားသုံးဦးထိခိုက်ဒဏ်ရာရရှိသွားသည်ဟု ကြေညာချက်၌ ဆက်လက်ဖော်ပြသည်။ ယခုပြုလုပ်သော စစ်ဆင်ရေးကာလအတွင်း အာဖဂန်ကြည်းတပ်မှတပ်ဖွဲ့ဝင်ခုနစ်ဦးကျဆုံးခဲ့ကြောင်းလည်း အတည်ပြုပြောကြားသည်။

အာဖဂန်နစ္စတန် တာလီဘန်စစ်သွေးကြွအဖွဲ့က တစ်ပြည်လုံးအတိုင်းအတာဖြင့် အာဖဂန်အစိုးရတပ်ဖွဲ့များအား နွေဦးရာသီထိုးစစ်စတင်မည်ဟု ဧပြီလလယ်အတွင်းက ပြောကြားပြီးနောက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက တာလီဘန်တို့အား တိုက်ခိုက်မှုများတိုးမြှင့်ပြုလုပ်လျက်ရှိသည်။

**ဆင်ဟွာ။**



## ဆာရာဝပ်ပြည်နယ်တွင် ပျောက်ဆုံးသွားသော ရဟတ်ယာဉ်မှ အပျက်အစီးအစိတ်အပိုင်းများရှာဖွေတွေ့ရှိ

**ကွာလာလမ်ပူ မေ ၇**
အထက်တန်းအစိုးရအရာရှိများလိုက်ပါသွားသည့် ပျောက်ဆုံးသွားသောရဟတ်ယာဉ်တစ်စင်း၏အပျက်အစီးအစိတ်အပိုင်းအချို့ကို ဘော်နီယိုကျွန်းမြောက်ပိုင်းရှိ ဆာရာဝပ်ပြည်နယ်အတွင်း၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က မေ ၆ ရက်တွင်ပြောကြားသည်။ မေလ ၅ ရက် မွန်းလွဲပိုင်းတွင် အဆိုပါရဟတ်ယာဉ်သည် လူခြောက်ဦးလိုက်ပါ၍ ဆာရာဝပ်ပြည်နယ် မြို့တော် ကူချင်သို့ပျံသန်းရာတွင် မြေပြင်မှ တက်ပြီး မိနစ် ၂၀ အကြာတွင် လေကြောင်းထိန်းချုပ်ရေးမျှော်စင်နှင့်အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီးနောက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

ပျက်ကျသွားသောရဟတ်ယာဉ်မှာ အေအက်စ် ၃၀၀ အမျိုးအစားဖြစ်ပြီး ရဟတ်ယာဉ်၏ပျံသန်းမှုမှတ်တမ်းတင်၊ ကိရိယာ၊ ပြတင်းပေါက်အစိတ်အပိုင်းတစ်ခုနှင့် ပန်ကာဒလက်တစ်ခုကို ယင်းဒေသတွင်းမှ မြစ်တစ်စင်းအနီးတွင်တွေ့ရှိရကြောင်း၊ ရဟတ်ယာဉ်ပေါ်ပါလူခြောက်ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ရဟတ်ယာဉ်ပေါ်၌ လိုက်ပါသွားသည့်အစိုးရအထက်တန်းအရာရှိခြောက်ဦးအနက် စိုက်ခင်းများလုပ်ငန်းနှင့် ထုတ်ကုန်ပစ္စည်းဝန်ကြီးဌာန ဒုတိယဝန်ကြီး နော်ရစ်ကာတွန်ပါဝင်ကြောင်း မလေးရှားဝန်ကြီးချုပ်က အတည်ပြုပြောကြားသည်။ **ဆင်ဟွာ။**



## ပထမဦးဆုံးသော လန်ဒန်၏မြို့တော်ဝန်အဖြစ်အရွေးခံရသည့် ဆာဒစ်ခ်ခန်

**လန်ဒန် မေ ၇**
ဗြိတိန်အလုပ်သမားပါတီ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဆာဒစ်ခ်ခန်သည် လန်ဒန်မြို့တော်ဝန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး မြို့တော်လန်ဒန်၏ ပထမဦးဆုံးသောအစ္စလာမ်ဘာသာဝင် မြို့တော်ဝန်တစ်ဦးဖြစ်လာခဲ့ကြောင်း ယနေ့တရားဝင်ထုတ်ပြန်ကြေညာသည့် ရွေးကောက်ပွဲရလဒ်များအရသိရသည်။

မေ ၅ ရက်က ကျင်းပသည့် လန်ဒန်မြို့တော်ဝန်ရွေးကောက်ပွဲများတွင် အသက် ၄၅ နှစ်အရွယ်ရှိ ခန်က ကွန်ဆာဗေးတစ်ပါတီမှ ပြိုင်ဘက် ဇက်ခ်ဂိုးလ်စမစ်ဆိုသူကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကဲန်လစ်ဗင်းစတုန်းနှင့် ဘောရစ်ဂျွန်ဆင်တို့ပြီးနောက် တတိယမြောက်လန်ဒန်မြို့တော်ဝန်အဖြစ် ရွေးချယ်ခြင်းခံခဲ့သူတစ်ဦးဖြစ်လာခဲ့သည်။

ခန်၏မိဘများသည် ခန်မမွေးခင် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ပါကစ္စတန်နိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ခန်ကို အင်္ဂလန်နိုင်ငံတွင်မွေးဖွားခဲ့သည်။ လန်ဒန်နွယ်ဖွား ဆာဒစ်ခ်ခန်သည် မြောက်လန်ဒန်တက္ကသိုလ်၌ ဥပဒေပညာကိုဆည်းပူးလေ့လာခဲ့ပြီး နိုင်ငံရေးလောကထဲမဝင်ခင်က လူ့အခွင့်အရေးဆိုင်ရာရှေ့နေတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ထို့အပြင် ခန်သည် ၂၀၀၅ခုနှစ်ကတည်းက လွှတ်တော်အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အလုပ်သမားပါတီအစိုးရလက်ထက် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပို့ဆောင်ရေးဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ကာ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း အစိုးရဦးဆောင်သော အစိုးရအဖွဲ့တွင် အစ္စလာမ်ဘာသာဝင်တစ်ဦးအနေဖြင့် ပထမဦးဆုံး ပါဝင်တက်ရောက်ခွင့်ရသူတစ်ဦးလည်းဖြစ်သည်။ ထို့အပြင် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ ပို့ဆောင်ရေးနှင့် တရားရေးဝန်ကြီးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ လန်ဒန်မြို့တွင် လူဦးရေ ၈ ဒသမ ၆ သန်းရှိပြီး ယင်းအနက် မူဆလင် ဦးရေ ၁ သန်းကျော် ပါဝင်ကြောင်း သတင်းများအရသိရသည်။ **ဆင်ဟွာ။**

# စိုက်ပျိုးရာသီ အချိန်မီထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး လယ်ယာသုံးစက်ကိရိယာများ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်

**နေပြည်တော် မေ ၇**
လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးသည် အထူးအရေးပါကြောင်း၊ လယ်ယာလုပ်သား ရှားပါးလာမှုကို ဖြေရှင်းကျော်လွှားနိုင်ရေးနှင့် စိုက်ပျိုးရာသီအချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးခြင်း၊ ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းများကို သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သဖန်းပင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ယင်းနောက် တောင်သူလယ်သမားများက လယ်ယာလုပ်ငန်းခွင်နှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တောင်သူ ဦးစိုးမောင်၏ လယ်မြေတွင် နွေစပါးများရိတ်သိမ်းနေမှုနှင့် ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ကေတုမတီ တောင်သူအကျိုးပြု ကေတုမတီ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းသို့ ရောက်ရှိကြရာ အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အသင်း၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်သမဝါယမ အသင်းများ ထူထောင်၍ စုပေါင်းလုပ်ကိုင်ကြခြင်းဖြင့် စနစ်ကျနသော စက်မှုလယ်ယာမြေစနစ် ဖော်ဆောင်လုပ်ကိုင်နိုင်ခြင်း၊ သီးနှံမျိုးနှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးသာမက စားသုံးမှုဘေးအန္တရာယ် လုံခြုံမှုရှိရေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ စုပေါင်းရောင်းချရသဖြင့် ကြားခံကုန်သွယ်စရိတ်လျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်ပိုမိုရရှိခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေပါသဖြင့် ပိုမိုကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်မှုအပါအဝင် လိုအပ်သော နည်းပညာ အကူအညီများကို ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကေတုမတီ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ် သမဝါယမ အသင်း၏ တစ်နေ့တန် ၆၀ ကျ ခေတ်မီအဆင့်မြင့် ဆန်စက်အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**





# တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်တင်ပို့ခြင်းကို ကာကွယ်တားဆီးနိုင်လျှင် တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာနိုင်

**နေပြည်တော် မေ ၇**
နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများမှ ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များတွင် Quarantine Stations များ၊ Check Points များ ဖွင့်လှစ်ထားရှိပြီး လိုအပ်သော စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားသည်။

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ တင်သွင်း/တင်ပို့သည့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း/တင်ပို့ခြင်းအား ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေးဆိုင်ရာ ဆွေးနွေးခြင်းနှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားဝင် တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ ဆွေးနွေးခြင်းဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ဆွေးနွေးကြသည်။

"တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက် ပစ္စည်းတွေ တင်သွင်း/တင်ပို့တာကို အဟန့်အတားဖြစ်စေတဲ့ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါတွေ ဥပမာ- ခွာနာလျှာနာ၊ ကြက်ငှက်တုပ်ကွေး၊ ဝက်ဝမ်းကျရောဂါ။ ဒီလိုရောဂါတွေ ထိန်းချုပ်နိုင်ဖို့နဲ့ ကင်းရှင်းပပျောက်စေဖို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO) တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။"

"တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တရားမဝင်တင်ပို့တာကို ဥပဒေနဲ့ ကာကွယ်တားဆီးနိုင်ရင် တရားဝင်ကုန်သွယ်မှုလုပ်ငန်းတွေ တိုးတက်လာမယ်။ ဒ့ါပြင် နိုင်ငံတော်အတွက် အခွန်အခတွေ ရလာမယ်။ နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါတွေကိုလည်း အလွယ်တကူ ထိန်းချုပ်နိုင်မယ်၊ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအတွက် ဝင်ငွေပိုရပြီး ဈေးကွက်ဖော်ဆောင်နိုင်မယ်" ဟု အမြဲတမ်းအတွင်းဝန်က အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပြီး ပြည်ပသို့တင်ပို့သော တိရစ္ဆာန်ထွက်ပစ္စည်းများအား လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခြင်း၊ ပြည်ပသို့ တင်ပို့သော တိရစ္ဆာန်အရှင်များ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)အား တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးမှုစခန်းတွင် ထိန်းသိမ်းထားရှိပြီး တင်သွင်းမည့် နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ရောဂါရှာဖွေစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဘေးအန္တရာယ်ကင်းရှင်းသော တိရစ္ဆာန်ထွက်ပစ္စည်းများ စားသုံးနိုင်ရေးနှင့် တင်သွင်းလာသော တိရစ္ဆာန်ထွက်ပစ္စည်းများ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အသားစစ်ဆေးအဖွဲ့ (Myanmar Meat Inspection Board-MMIB) ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# သီပေါမြို့ရှိ ရတနာရွှေဂူကျောင်းတိုက်သို့ တိုက်ပွဲရှောင်ပြည်သူများ လာရောက်ခိုလှုံ

**သီပေါ မေ ၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အနောက်ဘက် တောင်ပေါ်ဒေသ အုံမုကျေးရွာအုပ်စုပန်ခါးကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများသည် သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ရတနာရွှေဂူကျောင်းတိုက်သို့ လာရောက်ခိုလှုံလျက်ရှိကြသည်။ **(အောက်ပုံ)**

အဆိုပါတိုက်ပွဲရှောင်ပြည်သူများနေထိုင်ရာ ပန်ခါးကျေးရွာအနီးတစ်ဝိုက်၌ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ချင်း တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်မိသဖြင့် မေ ၅ ရက်အထိ အိမ်ထောင်စု ၄၈ စုမှ ကလေးလူကြီး စုစုပေါင်း ၁၈၉ ဦး ရောက်ရှိလာကြသည်။

ဆက်လက်၍ နှစ်ဖက်တိုက်ပွဲအခြေအနေကြောင့် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ကလေးလူကြီး စုစုပေါင်း ၁၁၁ ဦး ထပ်မံရောက်ရှိလာကြသည်။ သီပေါမြို့ ရတနာရွှေဂူကျောင်းတိုက်သို့ မေ ၆ ရက် ညနေပိုင်းအထိ ရောက်ရှိလာသည့် အိမ်ထောင်စု ၇၃ စုမှ ကလေး လူကြီး အမျိုးသား ၁၂၂ ဦး၊ အမျိုးသမီး ၁၇၈ ဦး တိုက်ပွဲရှောင်ပြည်သူစုစုပေါင်း ၃၀၀ ရှိနေပြီး ၎င်းတို့ကို ရတနာရွှေဂူကျောင်းတိုက်ဆရာတော်က လက်ခံစောင့်ရှောက်ပေးထားသည်။

ယင်းတိုက်ပွဲရှောင်ပြည်သူများအတွက် သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များကလည်း အလှူငွေနှင့် လိုအပ်သောအကူအညီများကို လာရောက်ပေးအပ်ကြသည်။ သီပေါမြို့ ပန်းကမ္ဘာဆိုင်မှ အလှပြင်ဆရာမများနှင့် စေတနာရှင်ဆံသဆရာများကလည်း တိုက်ပွဲရှောင်လူကြီးလူငယ်များကို ဆံပင်များလာရောက်ရိတ်ပေးခဲ့ကြသည်။

အဆိုပါတောင်ပေါ်ဒေသတွင်ပလောင်တိုင်းရင်းသားများ အများစုနေထိုင်လျက်ရှိကြပြီး ယခုရွှေဖီလက်ဖက်ခူးရာသီချိန်ကုန်ဆုံး၍ ပြောင်းစိုက်ပျိုးရန် လုပ်ဆောင်နေချိန်မှာ နှစ်ဖက်တိုက်ပွဲအန္တရာယ်များကြောင့် နေအိမ်များကို စွန့်ခွာတိမ်းရှောင်လာခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်ပွဲများဖြစ်ရခြင်းကို လုံးဝမလိုလားပါကြောင်း၊ ငြိမ်းချမ်းစွာဖြင့် ကောင်းကောင်းမွန်မွန် အတူပူးပေါင်းနေထိုင်သွားလိုပါကြောင်းဖြင့် တိုက်ပွဲရှောင်ပြည်သူတစ်ဦးဖြစ်သူ ကလေးသုံးယောက်၏မိခင် မခင်သန်းနုက ပြောပြသည်။
**(သီပေါကိုလတ်)**



# အမှန်အကန် တန်ဖိုးနည်းအိမ်ရာ ကျပ်သိန်း ၁၀၀ အောက် ရောက်အောင်သာ ဆောက်လုပ်လိုက်ပါ

**မောင်လွင်ပြင်**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်မှုကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်နေသည်ဟု သိရသည်။ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေရေး ရက် ၁၀၀ စီမံချက် ပထမအဆင့်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လမ်း၊ တံတား လေလံဂိတ်များကို ဂိတ်ကြေးကောက်ခံမှုဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ဒုတိယအဆင့်အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်မတော်တဆဖြစ်မှုလျှော့ချရေး စီမံချက်ကို ဧပြီ ၃၀ ရက်က စတင်ဆောင်ရွက်နေသည်။ ယင်းစီမံချက်သည် မိုင်ပေါင်း ၃၆၀ ကျော်ရှည်လျားသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ယာဉ်မတော်တဆဖြစ်ပွားနိုင်ခြေရှိသည့် လမ်းမိုင် ၂၀ ကို စတင်ပြုပြင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းပြုပြင်မည့် မိုင် ၂၀ လမ်းပိုင်းမှာ မိုင်တိုင်အမှတ် ၁၅ မှ ၂၅ အထိနှင့် မိုင်တိုင်အမှတ် ၁၆၃ မှ ၁၇၃ အထိတို့ဖြစ်သည်။ မိုင် ၂၀ ပြုပြင်ခြင်းအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျသင့်မည်ဟု ခန့်မှန်းပြီး ယင်းကို ဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဟုလည်း သိရသည်။

ရက် ၁၀၀ စီမံချက် တတိယအဆင့်အနေဖြင့်ကတော့ ပြည်သူများ နေရေး၊ ထိုင်ရေး အဆင်ပြေစေရေးအတွက် ပြည်သူ့အိမ်ရာစီမံကိန်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်မည်ဟု ဆိုသည်။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းဟုဆို၍ ခေါင်းထောင်ကြည့်မိသောအခါ "စံနမူနာတန်ဖိုးနည်းအိမ်ရာ" ဖြစ်သည်ဟု ဝန်ကြီးက ပြောသွားသည်။ "ပြည်သူ့အိမ်ရာလုပ်ငန်းတွေ အရင်တုန်းက ဆောက်ခဲ့တဲ့ဟာမှာ တန်ဖိုးနည်းအိမ်ရာဆိုပြီး တန်ဖိုးက မနည်းဘူးဖြစ်နေတယ်။ ပြည်သူလူထုတွေ မတတ်နိုင်တဲ့ တန်ဖိုးတွေ ဖြစ်နေတယ်။ ကျွန်တော်တို့ ရက် ၁၀၀ စီမံကိန်းထဲမှာ ငါးထပ်အခန်း ၄၀ ပါတဲ့ စံနမူနာဖြစ်တဲ့ တန်ဖိုးနည်းအိမ်ရာတစ်ခုကို ဆောက်မှာပါ"ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

အမှန်တကယ် တန်ဖိုးနည်းအိမ်ရာအတွက် ဈေးနှုန်းသတ်မှတ်နိုင်ရေး စံနမူနာတန်ဖိုးနည်းအိမ်ရာ တစ်ခု တည်ဆောက်ပြီးစီးသည့်အခါ ယင်းအိမ်ရာက ပေါ်ထွက်လာမည့် အခန်းများကို တစ်ခန်းကျပ်သိန်း ၁၀၀ အောက်ဖြင့် ရောင်းချပေးနိုင်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သေးသည်။ ဝန်ကြီး ပြောကြားချက်များကို ဆက်လက်နားစွင့်ကြည့်လိုက်သည့်အခါ "တန်ဖိုးဘယ်လောက်အထိ နည်းနည်းနဲ့ ဆောက်ပေးလို့ ရမလဲဆိုတာကို စံချိန်စံညွှန်းယူမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါကို ဆောက်လို့ရတယ်ဆိုရင် နောက်ပိုင်းစံနမူနာအတိုင်း အဲဒီစံချိန်စံညွှန်းထက်လည်း ကောင်းရမယ်၊ တန်ဖိုးနည်းတယ်ဆိုတဲ့ အဆင့်ကိုလည်း ရောက်ရမယ်။ ဒါလေးကို ကျွန်တော်တို့ ရက် ၁၀၀ အတွင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ ဆောက်မှာပါ။ စံပြအိမ်ရာဆောက်လို့ရပြီဆိုရင် အခြေခံစံနှုန်းကို ရသွားပြီ။ တန်ဖိုးနည်းအိမ်ရာကို ဘယ်လောက်နဲ့ စပြီးဆောက်လို့ရပြီဆိုတာကို ဝန်ကြီးဌာနတစ်ခုအနေနဲ့ သတ်မှတ်ပေးလိုက်လို့ရပြီ။ ဒီလိုလုပ်ခြင်းအားဖြင့် ပြည်သူလူထုရဲ့ အိမ်ရာအခက်အခဲကိုလည်း ကျွန်တော်တို့ ဌာနအနေနဲ့ ဖြေရှင်းပေးရမယ်ဆိုတာကို တာဝန်တစ်ခုအနေနဲ့ ကျွန်တော်တို့ ခံယူထားပါတယ်"ဟု ဆိုပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၏ ပြောစကားများသည် အိုးမဲ့အိမ်မဲ့သမားများအဖို့ မသေခင် အိမ်ပိုင်ရာပိုင်လေးဖြင့် နေထိုင်သွားချင်သူများအဖို့ ဝရာဇာပိတိဂွမ်းဆီထိ ပမာ သုတိမင်္ဂလာငြိမ့်ညောင်းသာယာသွားကြရှာပေလိမ့်မည်။ အမှန်တကယ် တန်ဖိုးနည်းအိမ်ရာအဖြစ် လက်ညှိုးထိုးပြ မမြင်မတွေ့ရခင် နားအကြားဖြင့်ပင်နားဝင်ချိုစိမ့် ရင်သိမ့်တုန်စေရသည်။ ယခင်က ထိုသို့အပြော၊ ထိုသို့ အစီအမံ၊ ထိုသို့သော ပြည်သူ့အပေါ်တာဝန်ခံပါသည်ဆိုသည်များ ရှိမှမရှိခဲ့၍ ဖြစ်သည်။ တန်ဖိုးနည်းအိမ်ရာဟုဆို၍ ထမကြည့်၊ ထနားမထောင်လိုက်လေနှင့်၊ ထထိုင်နားစွင့်လိုက်မိလို့ကတော့ ကျပ်သိန်း ၂၀၀ ကျော် ၃၀၀ ဈေးနှုန်းများဖြစ်သည်။ ယခုဆိုလျှင် ယင်းကျပ်သိန်း ၂၀၀ ကျော် ၃၀၀ဟူသည် မြောင်းထဲရောက်သွားပြီ၊ ယင်းဈေးဖြင့် မရနိုင်တော့ပေ။

ယခင်အစိုးရအဖွဲ့ ပြောင်းခါနီးလေးတွင် ယခင်ဆောက်လုပ်ရေးဝန်ကြီးဌာနက ရွာဝဏ်-ရတနာ တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများကို ရောင်းချပေးရန် ယခုနှစ် မတ် ၁၆ ရက်က လျှောက်လွှာခေါ်ယူခဲ့သေးသည်။ လျှောက်လွှာတစ်စောင် ၁၅၀၀ ကျပ်ဖြစ်သည်။ တန်ဖိုးနည်းတိုက်ခန်း တစ်ခန်းဈေးနှုန်း ကျပ် သိန်း ၆၀၀ မှ သိန်း ၁၂၀၀ အတွင်းရှိသည်ဟုဆိုသည်။ ယင်းတိုက်ခန်းများ ရောင်းထွက်သွားပြီလား၊ ပြန်ရောင်းစားမည့်သူများ လက်ထဲ ရောက်ရှိသွားပြီလား သေချာဂယနဏ မသိရချေ။ ယင်းတိုက်ခန်းများကို ယခင်အစိုးရအဖွဲ့၏ အရေးကြီးပုဂ္ဂိုလ်များက သူတို့ကို ရောင်းချပေးရန် ပူဆာသံများလည်း ပေါ်ထွက်ခဲ့သည်။ ယင်း ရွာဝဏ်-ရတနာတန်ဖိုးနည်း တန်ဖိုးသင့်ဟုခေါ်သော အိမ်ရာ၏ တိုက်ခန်းဈေးနှုန်းကို တစ်စတုရန်းပေလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် တွက်ချက်ထားသည်ဟု ဆိုသည်။ ရောင်းချပေးမှုမှာလည်း ငွေပေးသွင်းမှုပုံစံနှစ်မျိုးဖြင့် ဝယ်ယူနိုင်သည်ဟု သိရ၏။ လက်ငင်းဝယ်ယူမည်ဆိုက ငါးရာခိုင်နှုန်းလျှော့ပေးပြီး ကျပ်သိန်း ၆၀၀ တန်အခန်းကို ကျပ်သိန်း ၅၇၀၊ သိန်း ၁၂၀၀ တန်အခန်းကို သိန်း ၁၁၄၀ ကျသင့်မည်။ အရစ်ကျဝယ်ယူလိုပါက တိုက်ခန်းတန်ဖိုးတစ်ဝက် ၅၀ ရာခိုင်နှုန်းကို မိမိကိုယ်ပိုင်ငွေဖြင့် အရစ်ကျ ၁၂ လပေးသွင်းရမည်။ ဥပမာ- ကျပ်သိန်း ၆၀၀ တန်အခန်းဆိုလျှင် ကျပ်သိန်း ၃၀၀ ကို တစ်လ ၂၅ သိန်းဖြင့် ၁၂ လပေးသွင်းရမည်။ ကျန် ၅၀ရာခိုင်နှုန်း ကျပ်သိန်း ၃၀၀ ကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးမှုဘဏ် (CHDB) ထံတွင် ရှစ်နှစ်အရစ်ကျ ချေးငွေရယူနိုင်သည်။ ဘဏ်ဝန်ဆောင်ခ တစ်ရာခိုင်နှုန်းအဖြစ် ကျပ်သုံးသိန်းပေးဆောင်ရမည်။ ကျပ်သိန်း ၃၀၀ အတွက် တစ်လကျပ် ၄ ဒသမ ၈၈သိန်းဖြင့် ၉၆ လ (ရှစ်နှစ်)ပေးသွင်းရမည်ဖြစ်သည်။ ကျပ်သိန်း ၁၂၀၀ တန်အခန်းအတွက် မိမိငွေဖြင့် တစ်လ ၂၅ သိန်းဖြင့် ၂၄ လ ပေးသွင်းရသည်။ ဘဏ်ချေးငွေဖြင့် တစ်လ ၉ ဒသမ ၇၅ သိန်းဖြင့် ၉၆ လ ပေးသွင်းရမည်။ ဘဏ်ဝန်ဆောင်ခ ကျပ်ခြောက်သိန်းကျမည်။

ယင်းသည် ယခင်အစိုးရလက်ထက်က တန်ဖိုးနည်း တန်ဖိုးသင့်အိမ်ရာတို့၏ နောက်ဆုံးအခြေအနေဖြစ်သည်။ ထိုသို့သော အခြေအနေများအောက်တွင် အိုးပိုင်အိမ်ပိုင် နေချင်ကြရှာသည့် ပြည်သူများ ပြားပြားမှောက်နေခဲ့ရသည်။ တန်ဖိုးနည်းအိမ်ရာဟူသော အသံများမကြားလိုက်နှင့် ကြားလိုက်၍ကတော့ ငါတို့နှင့် မဆိုင်ဟုသာ သဘောထားပြီး ဆက်အိပ်နေလိုက်တာက အကောင်းဆုံးဖြစ်သည်။ ယခင်အစိုးရသည်လည်း အိုးအိမ်မဲ့များအား တိုက်ခန်းပေါ် တင်ပေးချင်သည့် စေတနာထားခဲ့ပါသော်လည်း တန်ဖိုးနည်းအိမ်ရာဟု အမည်ပေးဆောက်လိုက်တိုင်း တန်ဖိုးများ မြင့်မြင့်သွားရသည်ချည်းဖြစ်နေသည်။ အဘယ်အကြောင်းကြောင့်ပါလိမ့်။ ယခုဝန်ကြီး ဦးဝင်းခိုင်တို့က အမှန်တကယ် တန်ဖိုးနည်းအိမ်ရာဖြစ်ရေး စံနမူနာတန်ဖိုးနည်းအိမ်ရာ တစ်လုံးကို ဧပြီ ၁ ရက်ကစပြီး တည်ဆောက်ကြပါတော့မည်။ ယင်းစံနမူနာအိမ်ရာကို အခြေတည်ကာ နောက်နောင် ဆက်လက်တည်ဆောက်မည့် အိမ်ရာများအတွက် တန်ဖိုးနည်းနိုင်သမျှ နည်းနည်းသွားရေး

> **ကျပ်သိန်း ၁၀၀ အောက် လျှော့သည်ထက်လျှော့အောင်သာ ဆောက်လုပ်ပေးနိုင်ဖို့ လိုသည်။ အခန်းအရေအတွက်များများ ပေါ်ထွက်ရေးကိုလည်း တဖြည်းဖြည်းချင်း စီမံကိန်းချ ဆောင်ရွက်သွားမည်ဆိုလျှင် အိုးအိမ်မဲ့ပြဿနာများ၊ အိမ်ခန်းငှားရမ်းခ ကြီးလေးသည့် ပြဿနာများအား အထိုက်အလျောက် ဖြေရှင်းကင်းပျောက်သွား လိမ့်မည်ဟု ယုံကြည်ပါကြောင်း ...**

ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။ မည်သူဆောက်ဆောက်၊ မည်သည့်နည်းဖြင့် ဆောက်ဆောက် အိုးပိုင်အိမ်ပိုင်ဖြင့်နေချင်သည့် ပြည်သူများကတော့ တန်ဖိုးနည်းလေ ကောင်းလေ၊ ခြေနိုင်လက်နိုင်ဖြစ်လေ ကောင်းလေဟု ဆိုနေကြသည်။ တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများ တန်ဖိုးကြီးနေရခြင်းမှာ မြေဈေးများ ခေါင်ခိုက်နေခြင်းကြောင့်၊ မြေနေရာအခက်အခဲရှိခြင်းကြောင့် တို့လည်း တစ်ကြောင်းပါဝင်နေကြောင်း ယခင်အစိုးရလက် ထက်က အရပ်သားပညာရှင်အချို့က ထောက်ပြခဲ့ကြသည်ဟုလည်း သိခဲ့ရသည်။

မည်သို့ဖြစ်စေ ယခုဆောက်လုပ်ရေးဝန်ကြီးအသစ်က သူတို့ဝန်ကြီးဌာန ကိုယ်တိုင်ဦးစီးကွပ်ကဲပြီး စံနမူနာတန်ဖိုးနည်းအိမ်ရာ ဆောက်ကြည့်မည်။ ကျပ်သိန်း ၁၀၀ အောက်ဖြင့် ရောင်းပေးနိုင်မည်ဟု ဆိုထားသည်။ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်နှင့် အကျိုးတူပူးပေါင်းမဆောက်လျှင်၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့ လက်ထဲ ထည့်မဆောက်ခိုင်းလျှင် ဝန်ကြီးပြောသလို တိုက်ခန်းတစ်ခန်း ကျပ်သိန်း ၁၀၀ အောက်ဖြင့် ရနိုင်ခြေရှိသည်ဟု ဆိုနေကြသည်။

ဒါတောင် ယင်းတိုက်ခန်း၏ အကျယ်အဝန်းနှင့် ဖွဲ့စည်းပုံက မည်သို့ စံသတ်မှတ်ထားသလဲဆိုတာလည်း ရှိသေးသည်။ မိသားစုဘယ်နှစ်ဦး နေထိုင်နိုင်မလဲ၊ မည်သည့် ပစ္စည်းများသုံးမလဲကိုလည်း ထည့်တွက်ရဦးမည်။ မည်သို့ပင်ဖြစ်ဖြစ် ဝန်ကြီးတို့၏ ပြည်သူအပေါ်ထားသော စေတနာကိုတော့ လေးစားဂုဏ်ယူပါသည်။ သို့သော် စေ့စေ့တွေးကြည့်သောအခါ ကျပ်သိန်း ၁၀၀ အောက်တန်ဖိုးရှိတိုက်ခန်းကို ဝယ်ယူနေထိုင်ဖို့ရာ အခြေခံလူတန်းစား အိုးအိမ်မဲ့ပြည်သူများအတွက် လက်ငင်းဝယ်ယူရန် လုံးဝမဖြစ်နိုင်သေးပါ။ သူတို့အဖို့ မဖြစ်နိုင်သည့်အပြင် လူလတ်တန်းစား လစဉ် ပုံမှန် ဝင်ငွေရှိသူများအဖို့လည်း မဖြစ်နိုင်သေးပါ။ သို့အတွက် ဖြစ်နိုင်အောင် အကြံပြုချင်ပါသည်။

သည်နေရာတွင် ဘဏ်ချေးငွေစနစ်ကို ကောင်းကောင်းအသုံးချရပါမည်။ ဘဏ်နှင့်အလုပ်လုပ်တတ်သည့် အကျင့်ကောင်းကိုလည်း မိတ်ဆက်ပေးခွင့်ရပါမည်။ ထို့ကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ တန်ဖိုးနည်းတိုက်ခန်းဝယ်ယူချင်သူများ အယုတ်၊ အလတ်၊ အမြတ်မရွေး ရောင်းချပေးမည်။ သို့သော် အိုးအိမ်အမှန်တကယ်မဲ့သူ (အမှန်အကန်ငှားရမ်းနေထိုင်နေသူ) ဖြစ်ရမည်။ ဝယ်ယူသူသည် အလုပ်အကိုင် အတည်တကျရှိပြီး လစဉ်ပုံမှန်ဝင်ငွေရှိရမည်၊ ဘဏ်သို့လည်း လစဉ်ပုံမှန်ပေးသွင်းနိုင်သူဖြစ်ရမည် စသည်ဖြင့် တိုက်ခန်းဝယ်ယူသည့် အမှန်အကန် အိုးအိမ်မဲ့သူအား စာချုပ်ချုပ်ကာ တိုက်ခန်းတန်ဖိုးကို အစိုးရက နိုင်ငံတော်ဘတ်ဂျက်ဖြင့် စိုက်ထုတ်ကျခံပေးထားသင့်ပါသည်။ အချိန်ကာလအားဖြင့်လည်း လပေါင်း ၁၀၀ သို့မဟုတ် ၁၂၀ (၁၀နှစ်) တာ ကာလရှည်ချေးငွေဖြစ်သင့်သည်။ သို့သော် ဝယ်ယူသူက တစ်လကျပ်တစ်သိန်းကိုတော့ မဖြစ်မနေဘဏ်သို့ ပေးသွင်းစေရမည်။

သို့ဖြစ်လျှင် ကျပ်သိန်း ၁၀၀ အောက်တန်ဖိုးရှိတိုက်ခန်းကို ရှောရှောရှူရှူဝယ်ယူနေထိုင်နိုင်မည်ဟု တွက်မိသည်။ ယနေ့ လက်လုပ်လက်စားဈေးသည်အများစုသည် ဈေးထဲတွင် တစ်နေ့ကျပ် ၃၀၀၀၊ ၄၀၀၀ စသည်ဖြင့် မဲစုနေကြသည်။ ယင်းသို့ စုနိုင်လျှင် တစ်လကျပ်တစ်သိန်းကတော့ သာသာလေးသွင်းနိုင်လိမ့်မည်။ သို့မဟုတ်ပါကလည်း အိုးပိုင်အိမ်ပိုင်နှင့် နေထိုင်ချင်လျှင် မိသားစုများ ခြိုးခြံသင့်တန်ခြိုးခြံပြီး တစ်နေ့ ၃၀၀၀၊ ၄၀၀၀ စုနိုင်အောင် ကြိုးစားရမည်ဟုယူဆသည်။ ဤသို့ဆိုလျှင် တစ်လကျပ်တစ်သိန်းပေးသွင်းပြီး ၁၀ နှစ်အကြာတွင် တိုက်ခန်းလက်ဝယ်ပိုင်ပိုင် ဖြစ်သွားမည်ဆိုလျှင် ဝယ်ချင်သူများ အလွန်များပြားနေပါမည်။ များပြားပါစေ။ အမှန်တကယ် အိုးအိမ်မဲ့ဖြစ်နေဖို့သာလိုပါသည်။ လိမ်ညာဝယ်ယူသူဟု အကြောင်းခိုင်လုံလျှင် ချက်ချင်းအရေးယူဖို့ လက်မနှေးပါနှင့်။ နိုင်ငံတော်အား လိမ်ညာမှုပုဒ်မဖြင့် တရားစွဲပါ။ ပေးသွင်းထားသော ငွေများလည်း သိမ်းဆည်းပစ်လိုက်ပါ။ အတင်းကျပ်ဆုံးထားရမည်ကတော့ လက်ငင်းရောင်းချခြင်း၊ လက်ငင်းဝယ်ယူခြင်းများကို လုံးဝမပြုလုပ်သင့်ပါဟု အကြံပြုပါသည်။ ထို့ပြင် လက်လွှဲပေါင်နှံ ရောင်းချခြင်းကိုလည်း အထူးတားမြစ်ရပါမည်။

ဝန်ကြီးတို့သာ ကျပ်သိန်း ၁၀၀အောက် လျှော့သည်ထက် လျှော့အောင်သာ ဆောက်လုပ်ပေးနိုင်ဖို့ လိုသည်။ အခန်းအရေအတွက်များများ ပေါ်ထွက်ရေးကိုလည်း တဖြည်းဖြည်းချင်းစီမံကိန်းချ ဆောင်ရွက်သွားမည်ဆိုလျှင် အိုးအိမ်မဲ့ပြဿနာများ၊ အိမ်ခန်းငှားရမ်းခကြီးလေးသည့်ပြဿနာများအား အထိုက်အလျောက် ဖြေရှင်းကင်းပျောက်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

## ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဓိက ကူညီပံ့ပိုးပေးမည့် ဧရာဝတီဘဏ်၊ CB Bank၊ International Beverages Trading Co.,Ltd (IBTC)၊ အင်းဝဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ Phyo Si Thu Teak Plantaition & ECO Natural Resort စသည့် ဘဏ်များ၊ ကုမ္ပဏီများနှင့် ပြိုင်ပွဲကျင်းပခြင်းဆိုင်ရာကိစ္စရပ်များအား သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Central Hotel Jade Hall ၌ ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အဓိကကူညီပံ့ပိုးပေးမည့် ဧရာဝတီဘဏ်မှ အထွေထွေမန်နေဂျာ ဦးကျော်ဇောဟန်၊ CB Bank မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဥမ္မာအေး၊ International Beverages Trading Co.,Ltd. မှ ဒါရိုက်တာ ဦးတင့်ဦး၊ အင်းဝဘဏ်မှ တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦး၊ ကမ္ဘောဇဘဏ်မှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးဆန်းအောင်၊ မြဝတီဘဏ်မှ အထွေထွေမန်နေဂျာ ဦးမြင့်ထူးနှင့် Phyo Si Thu Teak Plantaition & ECO Natural Resort မှ ဒါရိုက်တာ ဦးကျော်ကိုကိုချစ်တို့ ပြိုင်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များအား သဘောတူလက်မှတ်ရေးထိုးကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ ကျင်းပနိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံးပြိုင်ပွဲ ကျင်းပရာမြို့ကြီးများသို့ လိုက်လံကစားသည့် ဂေါက်သီးအားကစားသမား ၂၀၀ ခန့်ရှိပြီး ၂၀၁၅ ခုနှစ်တွင် အကောင်းဆုံးအားကစားသမားအဖြစ် ပရော်ဖက်ရှင်နယ်အဆင့်တွင် ဇော်ဇော်လတ်ကလည်းကောင်း၊ ဝါသနာရှင်အဆင့်တွင် ကျော်သက်ဦးကလည်းကောင်း၊ အမျိုးသမီးဝါသနာရှင်အဆင့်တွင် ယဉ်မေမျိုးက လည်းကောင်း အသီးသီးရရှိသည်။ **(ဖိုးသော်ဇင်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ချစ်လွန်လွန်းလို့ ဓားနဲ့ထိုးတယ်

## ခင်ဘုန်းသွယ်

ခုတလော မိန်းကလေးငယ်လေးတွေကို သူတို့ချစ်သူဟောင်း ယောက်ျားလေးတွေက ဓားနဲ့ထိုးတဲ့ အမှုတွေက တစ်မှုပြီး တစ်မှု တိုးလို့လာနေပါတယ်။ အမှန်အားဖြင့် မိန်းကလေးငယ်လေးတွေကို စောင့်ရှောက်လိုစိတ်ရှိကြတဲ့ ယောက်ျားလေးတွေဟာ ခုတော့ မိန်းကလေးငယ်လေးတွေကို လူပုံအလယ်မှာ ဓားနဲ့ထိုးသတဲ့။ ဓားနဲ့ထိုးတာကလည်း သေစေလိုသည်အထိကို ထိုးမိတဲ့ အဖြစ်မျိုးတွေ။ ပြီးတော့လည်း အဲဒီမိန်းကလေးတွေဟာ သူတို့မုန်းသူတွေ၊ ရန်ငြိုးရန်စရှိသူတွေမဟုတ်၊ သူတို့ရဲ့ ချစ်သူရည်းစားတွေပါတဲ့။ ခုခေတ်ကြီးထဲ ဖြတ်သန်းနေရရှာတဲ့ မိန်းကလေးငယ်လေးတွေ၊ ယောက်ျားငယ်လေးတွေရဲ့ဘဝကို ပြောရမယ်ဆိုရင်ဖြင့် ခေတ်ကြီးကိုပဲ ပြန်လည်အပြစ်ဆိုပြီး ပြောလိုက်ချင်ပါတယ်။ ကောင်းမွန်တဲ့ပညာရေးကို မရတဲ့အပြင် အဝေးသင်ဆိုတဲ့ ပညာရေးကိုတောင်မှ ပြည့်ပြည့်ဝဝ မသင်ကြရတဲ့ လူငယ်လေးတွေ အများကြီးပါ။ အထူးသဖြင့်တော့ တစ်ဦးကိုတစ်ဦးက ကူညီခြင်း၊ တစ်ဦးကိုတစ်ဦးက ဖေးမစောင့်ရှောက်ခြင်း ဆိုတာမျိုးတွေကိုလည်း လူငယ်လေးတွေမှာ အတုယူစရာ နည်းပါးခဲ့လို့လည်းဖြစ်ပါလိမ့်မယ်။

ခုခေတ်ကြီးဟာ 'မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ'ဆိုတဲ့ ခေတ်ကနေ ပုခက်လွှဲသောလက်ဟာ ကမ္ဘာကို အုပ်စိုးရမည်လို့ ဆိုစမှတ်ပြုလာတဲ့ခေတ်ကို ရောက်လာပြီလို့ ဆိုပါရစေ။ မိန်းကလေးတွေဟာ အပြင်လောကကြီးကို ကြောက်ရွံ့စွာနဲ့ မိဘရင်ခွင်ထဲကနေ မခွဲမခွာ ထမင်းအိုး၊ ဟင်းအိုးလေးတည်လို့ ဆိုရုံလောက်မကတော့တဲ့ ခေတ်ကြီးပါ။ မိန်းကလေးအများစုဟာ မိဘရင်ခွင်ကို ခွဲခွာလို့ တစ်ရပ်တစ်ကျေးမှာ အလုပ်လုပ်ပြီး အမိ၊ အဖကို လုပ်ကျွေးနေသူတွေ ဖြစ်နေကြပါပြီ။ တစ်ရပ်တစ်ကျေးဆိုရာမှာ တချို့လည်း နိုင်ငံရပ်ခြားထိအောင် စွန့်စားသွားလာလို့ တချို့လည်း ကိုယ့်နိုင်ငံတွင်း၊ ရန်ကုန်လိုမြို့ကြီးများမှာ ပညာလည်းရှာရင်း၊ ဝင်ငွေလည်း ရှာရင်းဆိုတာလို သွားရောက်နေထိုင်လာကြပြီ ဖြစ်ပါတယ်။ မိန်ကလေးငယ်လေးတွေ ဒီလိုမျိုး တစ်ရပ်တစ်ကျေးမှာ လာရောက်အလုပ်လုပ်ကိုင်တဲ့အခါ ကာရာအိုကေလို၊ အနှိပ်ခန်းလိုနေရာမျိုးတွေမှာပဲ လုပ်ကိုင်လို့ ကိုယ့်ဘဝကို၊ ကိုယ့်ခန္ဓာကို ရင်းနှီးလုပ်ကိုင်စားသောက်ကြတာသာ များတာပဲလို့လည်း မမြင်စေလိုပါဘူး။ တကယ့်လက်တွေ့မှာ ကိုယ့်ကိုယ်ကိုယ် ကိုယ်တိုင်စောင့်ရှောက်လို့ ဘဝကို ခက်ခဲပင်ပန်းစွာ ရပ်တည်နေကြတဲ့ မိန်းကလေးငယ်လေးတွေ အများကြီးရှိလို့နေပါတယ်။

ကျွန်မတော့ အရောင်းဆိုင်လုပ်ငန်းတွေက အရောင်းဝန်ထမ်းလေးတွေကို တကယ်ပဲ လေးစားတန်ဖိုးထားပါတယ်။ သူတို့တွေခမျာ ပိုက်ဆံရရာရကြောင်း လွယ်ကူတဲ့ အနှိပ်ခန်းလိုနေရာမျိုး၊ အလုပ်မျိုးတွေဆီကို မရောက်သွားဘဲ တစ်နေ့နေလို့မှ မုန့်ဟင်းခါးတစ်ပွဲ ဝယ်စားဖို့တောင် စဉ်းစားနေကြတဲ့ အလုပ်မျိုးကို အပင်ပန်းခံပြီး ကြိုးစားလုပ်ကိုင်နေကြရှာတာပါ။ ပိုလို့ကရုဏာသက်ရတာက ဒီလိုခက်ခဲပင်ပန်းတဲ့ အလုပ်လုပ်ရဖို့အတွက်ကို မိဘတွေနဲ့ခွဲပြီး ရန်ကုန်မှာ အဆောင်နေလို့ တစ်ကိုယ်တည်း စွန့်စားနေကြရတာပါ။ အရေးအကြောင်းရှိလို့မှ သူတို့တွေအတွက် အားကိုးရာဆိုတာ ကိုယ့်အလုပ်ရှင်၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်ကလွဲလို့ အခြားမရှိရှာပါဘူး။ အလုပ်က ခက်ခဲပင်ပန်းသလို အဆောင်နေရတဲ့ ဘဝဟာလည်း ဘယ်လောက်ခက်ခဲပင်ပန်းမယ်ဆိုတာကို ကိုယ်တိုင် မနေဖူးပေမယ့်လည်း သူတို့လေးတွေပြောစကားမှာ အမြဲကြားနေရပါတယ်။ တချို့လည်း အဆောင်တွေ ခဏခဏပြောင်းကြရသလို တချို့လည်း အဆင်မပြေတဲ့ အဆောင်မှာ သည်းခံနေကြရပြီး နားရက်လေးရလို့မှ အဆောင်မှာ အပန်းဖြေလို့ မဖြစ်နိုင်တာမျိုးလည်း ကြုံကြရပါတယ်။

ဆိုတော့ ဒီလောက်ပင်ပန်းခက်ခဲတဲ့ ဘဝတွေကို ဖြတ်သန်းနေကြရသူတို့ပီပီ ကိုယ့်စိတ်ပျော်ရာ၊ အားကိုးရာ၊ ရင်ဖွင့်ရာ အဖော်သဟဲလေးတွေတော့ လိုချင်ကြရှာတယ်။ အဖော်လည်း ပြုကြရှာပေတယ်။ လမ်းမပေါ်မှာ အမြဲလိုလို မြင်တွေ့ဖူးကြမှာပါ။ အလုပ်သွား၊ အလုပ်ပြန် ကျောပိုးအိတ်လေးတွေလွယ်ထားတဲ့ ကောင်မလေးတွေနဲ့အတူ ထမင်းချိုင့်လေးတွေကူဆွဲလို့ အနားမှာ အဖော်ပြုလိုက်ပါလာတဲ့ ကောင်လေးတွေ အတူယှဉ်တွဲပြီး တွေ့ရတတ်ပါတယ်။ အများစုကတော့ လူငယ်စုံတွဲလေးတွေပါပဲ။ ပိုပြီးဖြစ်နိုင်တာက အဲဒီယောက်ျားလေးပါ နယ်ကနေ အလုပ်လာလုပ်ပြီး အဆောင်နေသူတစ်ဦးဖြစ်နိုင်တာပါ။ ဒီလိုစုံတွဲလေးတွေဟာ ခေတ်ရဲ့အခြေအနေကို အပြည့်အဝဖော်ပြလို့နေပါတယ်။ နောက်တစ်ခုကလည်း သူတို့တွေမှာ ကိုယ့်မွေးရပ်ဇာတိမဟုတ်တဲ့ မြို့ကြီးပြကြီးထဲ ရပ်ဆွေရပ်မျိုးရှားပါးလို့၊ မိတ်ဆွေရှားပါးလို့ မြင်မြင်သမျှဟာ သူစိမ်းတွေချည်းဖြစ်လို့နေတဲ့အခါ ဆင်ခြင်စရာလည်း သိပ်မမြင်နိုင်ကြရှာတော့တာလည်း ဖြစ်ပါမယ်။

ဒီလို မိဘဆွေမျိုးနဲ့ ဝေးကွာနေကြရတဲ့ လူငယ်လေးတွေ၊ ရပ်ဆွေရပ်မျိုးကင်းကွာပြီး ကိုယ့်ကိုယ်ကိုယ်သာ တစ်ကမ္ဘာလုပ်နေကြရတဲ့ လူငယ်လေးတွေ များလာတဲ့အခါ တချို့လည်း လမ်းမှားကို ရောက်ကြလေသလားပါ။ လူငယ်ယောက်ျားလေးတွေဆိုရင် မူးယစ်ဆေးဝါးတွေပါ အလွယ်တကူ သုံးစွဲမိတာမျိုးလည်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း မိန်းကလေးငယ်လေးတွေကို ဓားနဲ့ထိုးလိုက်မိသည်ထိအောင် လုပ်မိလေကြသလားလို့လည်း တွေးစရာဖြစ်ရပါတယ်။ မူးယစ်ဆေးဝါးပယောဂနဲ့ ဆေးဝါးတွေ၊ ဆေးပြားတွေ ပူးကပ်ထားရင် အသိကြွစွာနဲ့ အလုပ်လုပ်ကိုင်နေကြရမယ့်အချိန်အခါမှာ ခုတော့ မြွေပါလည်းဆုံး သားလည်းဆုံး၊ တိုင်းပြည်ရဲ့ အဖိုးတန် မိန်းကလေးငယ်ရော၊ ယောက်ျားလေးငယ်လေးပါ အနာဂတ်ပျောက် လမ်းဆုံးရောက်ကြရတဲ့အဖြစ်ပါ။ ဒီလို အမှုအခင်းတွေ များပြားလာတာ၊ ဆင်တူယိုးမှားတွေ ပြုလုပ်လာကြတာတွေကို ဘယ်လိုထိန်းချုပ်ကြမလဲ။ လူငယ်လေးတွေကို လူ့အဖွဲ့အစည်းထဲ ပါဝင်နိုင်ဖို့ အခွင့်အလမ်းတွေ များများပေးနိုင်ရပါမယ်။ ရပ်ကွက်မှာ၊ လမ်းထဲမှာ တစ်နယ်တစ်ကျေးကလာလို့ အဖော်မဲ့နေသူ လူငယ်လေးတွေကို ရပ်ကွက်သူ ရပ်ကွက်သားတွေက သတိမူပြီး ဆွဲဆောင်သိမ်းသွင်းနိုင်ကြရင်တော့ အကောင်းဆုံးပါ။

ရိုးသားကြိုးစားစွာနဲ့ အမိ၊ အဖကို လုပ်ကျွေးလို့ ကိုယ့်ဝန်ကိုယ်ထမ်း ရပ်တည်နေကြတဲ့၊ ရုန်းကန်နေကြတဲ့

**တိုင်းပြည်သာ ဖွံ့ဖြိုးတိုးတက်နေမယ်ဆိုရင် အနာဂတ်မျှော်လင့်ချက်တွေအပြည့်နဲ့ ရှင်လန်းတက်ကြွစွာနဲ့ အလုပ်လုပ်ကိုင်နေကြရမယ့် အချိန်အခါမှာ ခုတော့ မြွေပါလည်းဆုံး သားလည်းဆုံး၊ တိုင်းပြည်ရဲ့ အဖိုးတန် မိန်းကလေးငယ်ရော၊ ယောက်ျားလေးငယ်လေးပါ အနာဂတ်ပျောက် လမ်းဆုံးရောက်ကြရတဲ့အဖြစ်ပါ။ ဒီလိုအမှုအခင်းတွေ များပြားလာတာ၊ ဆင်တူယိုးမှားတွေ ပြုလုပ်လာကြတာတွေကို ဘယ်လိုထိန်းချုပ်ကြမလဲ။**

အမြင်လွဲတာမျိုးတွေလည်း ရှိနိုင်တယ်လေ။ ခေတ်ရဲ့ ကျပ်တည်းမှု၊ စိတ်သက်သာရာ သက်သာကြောင်း စိတ်ထွက်ပေါက်နည်းပါးမှုတွေရဲ့နောက်မှာ တလွဲစိတ်ထွက်ပေါက်တွေလုပ်မိနေကြတဲ့ လူငယ်လေးတွေပါ။ လောကကြီးထဲ သူစိမ်းလိုနေ၊ သူစိမ်းလိုတွေးပြီး ဘာကိုမှ ညှာတာထောက်ထားမှုမရှိတော့တဲ့၊ ကိုယ့်အနာဂတ်ကိုလည်း ကိုယ်မသိနိုင်တော့တဲ့ အမျိုးသားငယ်လေးတွေပါ။

တကယ်တော့ တိုင်းပြည်သာ ဖွံ့ဖြိုးတိုးတက်နေမယ်ဆိုရင် အနာဂတ်မျှော်လင့်ချက်တွေအပြည့်နဲ့ ရှင်လန်းတက်ကြွစွာနဲ့ အလုပ်လုပ်ကိုင်နေကြရမယ့်အချိန်အခါမှာ ခုတော့ မြွေပါလည်းဆုံး သားလည်းဆုံး၊ ... လူငယ်လေးတွေ အလေအလွင့် နည်းပါးစေရေး၊ ခေတ်ကြီးလည်း အမြန်ဆုံးကောင်းရာကောင်းကြောင်း လမ်းကြောင်းပေါ်ကို ရောက်ပါစေ။ ချစ်လွန်လွန်းလို့ ဓားနဲ့ ထိုးလေသလား။ အချစ်ခံချင်လွန်းလို့ပဲ ဓားနဲ့ထိုးလေသလား။ တကယ်တော့ ဒါဟာ ယောက်ျားလေးတစ်ယောက်က မိန်းကလေးငယ်လေးတစ်ယောက်ကို ဓားနဲ့ထိုးလိုက်တယ်ဆိုတာထက်ပိုပြီး တွေးမိရရင် လူငယ်လေးတွေရဲ့ လှပတဲ့အနာဂတ်တွေကို ရက်ရက်စက်စက် ဓားနဲ့ ထိုးနေတယ်လို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။




## ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**မြောင်းမြ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ရန်မနိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းဆောင်သစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ RC နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းနှင့် ကျေးရွာပြည်သူပူးပေါင်းမှုဖြင့် ကျပ်သိန်း ၁၀၈၀ ကုန်ကျခံကာ Royal Ayar ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် စာသင်ကျောင်း လေးကျောင်း ဆောက်လုပ်လှူဒါန်းထားကြောင်းနှင့် ယခုဖွင့်လှစ်သော စာသင်ကျောင်းမှာ ဧရာဝတီတိုင်းအတွင်း ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းများအနက် ၃၇ ကျောင်းမြောက် ဖွင့်လှစ်သော စာသင်ကျောင်းဖြစ်သည်။

ရန်မနိုင်ကျေးရွာ၌ ၂၀၁၂ ခုနှစ် ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ပညာသင်နှစ်တွင် အထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ကာ သူငယ်တန်းမှ အထက်တန်းအဆင့် (ဒသမတန်း) အထိ ကျောင်းသားကျောင်းသူပေါင်း ၄၀၀ ကျော် ပညာသင်ကြားလျက်ရှိကြောင်း၊ ကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင်မျှတမှုမရှိဘဲ လိုအပ်နေရာမှ ယခုကဲ့သို့ ကျောင်းဆောင်သစ်ရရှိလာသည့်အတွက် ကျောင်းသားကျောင်းသူများနည်းတူ ဝမ်းမြောက်ပျော်ရွှင်မိကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**အောင်မင်း (ပြန်/ဆက်)**

**သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ❑ သယံဇာတသားကောင်များမှ

ယခုမေလ ၅ ရက်နေ့ညက ဆိတ်မူ ကျေးရွာအုပ်စု စပေါ့ကျေးရွာအနီးရှိ တစ်သုံးလုံးကုမ္ပဏီ ကျောက်စိမ်းလုပ်ကွက် ပေ ၂၀၀ ခန့်အမြင့်ရှိသော မြေစာပုံမှ မြေပြိုကျမှုဖြစ်ပွားခဲ့ပြန်ရာ တောင်ကမ်းပါးယံတွင် ရေမဆေးကျောက် ရှာဖွေနေကြသော ဒေသခံတိုင်းရင်းသားလူငယ် ၁၃ ဦး မြေပိသေဆုံးခဲ့ရပြီး လေးဦး ဒဏ်ရာရခဲ့သည့် ပူပူနွေးနွေးအဖြစ် ထပ်မံဖြစ်ပွားခဲ့သေးသည်။ သို့သော် သေဘေးကိုမမှု ထိုအရပ်ဒေသခံလူငယ်များအနေဖြင့် ရေမဆေးကျောက်ကို ဆက်လက်ရှာဖွေနေကြဦးမည်ဖြစ်သည်။

ရေမဆေးကျောက် ရှာဖွေကြသူတို့သည် ခဲ၊ ကြေး၊ သံ စသည့် သတ္တုသုံးမျိုးဖြင့် ပြုလုပ်ထားသော စိန်တူလေးများကိုကိုင်ကာ လွယ်အိတ်ကိုယ်စီနှင့် မြေစာပုံကြီးကိုစောင့်မျှော် ရှာဖွေနေကြသည်။ ကျောက်စိမ်းတောင်ကြီးများကိုဖြိုဖျက်ရာမှ ကျလာသောမြေစာများကို ကုမ္ပဏီများမှ ဘီး ရှစ်ပေမြင့်ဘက်ဟိုး ကားကြီးများဖြင့် နေ့စဉ်လာရောက်ပစ်ချကြသည်။ ထိုအထဲတွင် ကျောက်စိမ်းကြောများမှ သပိတ်ရောင်ရှိသော အမဲကြော၊ အမဲသံချေးကြော၊ ကျောက်သွေးကြော၊ မြေမှုန်ကြောနှင့် အမဲအကြွပ်ကြော များမှ မြေစာများ ပါဝင်သည်။ အမဲကြောသည် ကျောက်စိမ်းမျိုးအရင့်ဆုံးနှင့် အကောင်းဆုံးကြောဖြစ်သည်။

ရေမဆေးသမားများအတွက် ကျောက်စိမ်းရှာရသည်မှာ အလွန်ပင်ကြမ်းတမ်းပြီး အန္တရာယ်များသည့် နေ့စဉ်အလုပ်ဖြစ်သည်။ ဘယ်အချိန်လာရောက်ပစ်ချမည်မှန်းမသိသည့် မြေစာပုံကြီးကို နေပူမရှောင် မိုးရွာမရှောင် စောင့်မျှော်ရသည့်အပြင် ဘက်ဟိုးကားကြီးမှ တွန်းချလာသော မြေစာများ၊ ကျောက်ခဲလုံးကြီးများအား အသက်ရင်းကာ ကျောက်စိမ်းတစ်လုံးရရှိရေး အပြေးအလွှားအလုအယက် ရှာဖွေကြသည်။ ပူပြင်းသည့် နေရောင်ခြည်အောက်မှ မြေဖုန်မှုန့်လုံးကြီးများကြားတွင်လည်း တောစီးဖိနပ်ကိုစီး၊ ခမောက်ကိုဆောင်းကာ ကြိုးကန်းတောင်းမှောက်ရှာဖွေကြသည်။ ထို့အပြင် ကျောက်မရှာဖွေနိုင်သည့် မိသားစုတို့မှာမူ မြေစာပုံအနီးတွင် ဝါးဆယ်ချောင်းခန့်နှင့် မိုးကာဖျင် အမိုးအုပ်ကာ တဲထိုးပြီး မုန့်ပဲသရေစာများ ရောင်းချ အသက်မွေးဝမ်းကျောင်းပြုကြသည်။

၂၀၁၅ ခုနှစ်က ဖားကန့် ကျောက်မျက် ရတနာမြေတွင် ကျောက်စိမ်း တူးဖော်ကြသည့် တရားဝင်ကုမ္ပဏီကြီးများမှ စွန့်ပစ်ခဲ့သည့် မြေစာပုံတောင်ပြိုကျမှုကြောင့် ရေမဆေးရှာသူများ၊ မြေစာပုံအနီးတွင် နေထိုင်ကြသူများ ရာနှင့်ချီ မြေစာပိသေဆုံးခဲ့ရသည့် ဖြစ်ရပ်များများစွာရှိခဲ့သည်။ ထို့အပြင် မူးယစ်ဆေး အကြောထဲထိုးသွင်းရာမှ ဆေးလွန်ပြီးသေဆုံးရသည့် ဖြစ်ရပ်များလည်း ရှိခဲ့သည်။ သို့ရာတွင် လက်ရှိတွင် ဖားကန့် မြို့နယ်အတွင်းရှိ ရွာများမှ ဒေသခံတိုင်းရင်းသားတို့မှာ စွန့်ပစ်မြေစာပုံများမှ ရေမဆေးကျောက်များကို မိမိတို့ ဘဝရပ်တည်ရေးအတွက် အသက်ကိုအလေးမထားဘဲ နေ့စဉ်လာရောက်ရှာဖွေနေကြဆဲ၊ မြေစာပုံအနီးတွင် ဆက်လက်နေထိုင်ကြမြဲဖြစ်သည်။

ရေမဆေးကျောက်ရှာဖွေသူတို့ တစ်နေ့လုံးရှာ၊ တစ်ပတ်လုံးရှာမှ ကျောက်တစ်လုံးရကြသူရှိသလို အချို့လည်း နေ့ချင်းကျောက်ရရှိကြသူများလည်းရှိသည်။ ရရှိလာသော ကျောက်များကို ရေးမဆေးသမားများက ကျောက်အလုံးအလိုက် အချိန်ကြီးပါက သုံးဘီး၊ ကား၊ ဘက်ဟိုးများဖြင့် သယ်ယူကြသည်။ ကျောက်များကို အရည်အသွေး သတ်မှတ်ချက်ပေါ် မူတည်ပြီး ထောင်ဂဏန်း၊ သောင်းဂဏန်း၊ ရာဂဏန်းအထိ ဈေးရကြပြီး ကျောက်အောင်ပါက သိန်းထောင်ချီရသည်များလည်းရှိသည်။ ကျောက်ကောင်းတစ်လုံးရရှိမှသာ ဈေးခေါင်းဒေသအခေါ် လော်ပန်မျက်နှာလှမည်ဟု လော်ပန်များ၏ ရေဆေးသမားများက ဆိုကြသည်။

တစ်ပိုင်တစ်နိုင် လုပ်ကြသည့် ရေဆေးသမားများမှာမူ တစ်ဦးတစ်ယောက်သော် လည်းကောင်း၊ အစုဖွဲ့၍ သော်လည်းကောင်း ရှာဖွေကြပြီး ကျောက်တွေ့ရှိပါက ခွဲတမ်းဖြင့်ယူကြသည်။ ၂၄ နာရီပတ်လုံး စွန့်ပစ်မြေစာပုံများမှ ကျောက်များကို ရှာဖွေကြသော်လည်း ရေမဆေးသမားများ၏ ဘဝသည် ထမင်းကြမ်းခဲနှင့် တဲအိမ်တွင်သာ ချို့တဲ့စွာ နေထိုင်နေကြမြဲ ဖြစ်သည်။ အကြောင်းမှာ မူးယစ်ဆေးဝါးများက ဖားကန့်ဒေသကို ချုပ်ကိုင်လွှမ်းမိုးထားသည်။ ထိုအရပ်တွင် အချိုမှုန့်တစ်ထုပ်ဝယ်ယူရန် ခက်ခဲသော်လည်း မူးယစ်ဆေးကိုမူ ဈေးဆိုင်တိုင်းတွင် အလွယ်တကူပင်ဝယ်ယူရရှိနိုင်သည်။ ရှုရှိုက်သည့်အဆင့်မှ အကြောထဲထိုးသွင်းကြသည်အထိ မူးယစ်ဆေးကို တပ်မက်စွာ လူမျိုးပေါင်းစုံအသုံးပြုကြသည်။ ဝယ်ယူရန် လွယ်ကူသည့်မူးယစ်ဆေးကြောင့်ပင် ဆေးနောက်လိုက်ရင်း မူးယစ်သားကောင်များ ဖြစ်ကုန်ကြသည်မှာ ဖားကန့်ဒေသအတွက် မထူးဆန်းသည့် ဖြစ်ရပ်များပင်ဖြစ်သည်။ သို့ရာတွင် ရေမဆေးကျောက် ရှာဖွေသူအများစုမှာ တက္ကသိုလ်ကျောင်းသားများ၊ လယ်သမားများ၊ ပညာမတတ်သည့် ကလေးသူငယ်များအထိ ပါဝင်သည်။

ထို့အပြင် ကျောက်စိမ်းရှာဖွေတူးဖော်ရေး ကုမ္ပဏီများသည် ယခင် မြေစာပုံပြိုကျပြီး လူ့အသက်များ သေဆုံးမှုနှင့် ယာဉ်ယန္တရားကြီးများနှင့် တရားမဝင်၊ တရားဝင် သယ်ယူပို့ဆောင်မှုပြဿနာများ၊ စုံစမ်းစစ်ဆေး အရေးယူမှုများကြောင့် နေ့ပိုင်းတွင် အနည်းငယ်သာစွန့်ပစ်ကြခြင်း၊ အချို့ကုမ္ပဏီများမှာ အစိုးရပြောင်းသည့် နောက်ပိုင်း ကျောက်သားပါဝင်သည့် မြေသားများကို ကုမ္ပဏီပိုင် ဧရိယာအကျယ်ခြံဝင်းထဲတွင် စုပုံထားခြင်း၊ ညဘက်မှ စွန့်ပစ်ခြင်း၊ အချို့ရေမဆေးသမားများမှာ တစ်လလုံးနေမှ ကျောက်တစ်လုံး ရရှိရန် ခက်ခဲလာခြင်းတို့ကြောင့် မိသားစုစားဝတ်နေရေး အခက်အခဲကြုံလာရသည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ကျောက်စိမ်းတူးဖော်မှုမှရသည့် အကျိုးအမြတ်အများစုကို ကုမ္ပဏီများမှသာ ရရှိခြင်းဖြစ်သည်။ ရေမဆေးသမားများထံမှ ကျောက်များကို သာဝယ်ယူသော လော်ပန်ပင်လျှင် တစ်နှစ်လျှင် သိန်းထောင်ချီရသည်ဆိုပါက ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများ မည်မျှရမည်ကို စဉ်းစားရန်ပင် လိုက်မီနိုင်မည်မထင်။ အရည်အသွေးကောင်းသည့်ကျောက်စိမ်းကို မြန်မာနိုင်ငံ ကချင်ပြည်နယ်ဒေသ အများစုတွင်သာ အများဆုံးတူးဖော်ရရှိနိုင်သည်။ သို့သော်လည်း တွင်းထွက်သယံဇာတများသည် ကျောက်တူးသမားများအတွက် အခွင့်ထူးခံမဟုတ်၊ ကုမ္ပဏီကြီးများမှ စက်ယန္တရားများဖြင့် လက်ဝါးကြီးအုပ်ထားသည့် သယံဇာတများသာ ဖြစ်သည်။

ယခုချိန်တွင် စွန့်ပစ်လိုက်သည့် မြေစာပုံများမှ အသက်ရင်းပြီး မစို့မပို့သာရရှိသော ကျောက်စိမ်းများကို အခကြေးငွေအနည်းငယ်ဖြင့် ရောင်းချကြပြီး ဝမ်းရေးဖြည့်ကြရသည့် ဒေသအသီးသီးမှ တိုင်းရင်းသားရေဆေးသမားများမှာ ဖားကန့်ဒေသတွင် တစ်သိန်းဝန်းကျင်ခန့်ရှိနေပြီ။ ဘဝနှင့်ရင်းပြီး ရှင်သန်လှုပ်ရှားနေသော လူသားအရင်းများဖြစ်သည်ဟု ဆိုချင်ပါသည်။ ။



မြေစာပုံတွင် ကျောက်ရှာကြသူများနှင့် ဈေးရောင်းကာ အသက်မွေးဝမ်းကျောင်းပြုသူများ ကျောက်မျက်ရတနာလုပ်ကွက် မြေစာပုံအနီးတွင် စုပေါင်းနေထိုင်ကြစဉ်။

## ○ ကင်းတားရေလှောင်တမံမှ

အဆိုပါ ကင်းတားတမံဘက်စုံစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တင်ဒါခေါ်ယူမှုစနစ်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ လာမေယာအင်တာနေရှင်နယ်ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းများနှင့် ပတ်သက်ပြီး "ကင်းတားရေလှောင်တမံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်ရန်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ ကင်းတားရေလှောင်တမံအောက်ဘက် ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ/လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧကများကို စိုက်ပျိုးရေပေးဝေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၀၀၀၀ခန့် စိုက်ပျိုးနိုင်ခဲ့ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကီလိုဝပ်နာရီပေါင်း ၅၂ ဒသမ ၅၈ သန်းထုတ်လွှတ်နိုင်ခဲ့ပါတယ်"ဟု တမံမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ မြစ်သားမြို့နယ်မှာ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၂အုပ်စု၊ လူဦးရေ ၁၈၀၀၀၀ ကျော်ရှိပါတယ်။ အယ်နီညိုရာသီဥတုကာလတွေမှာ ဒေသခံပြည်သူများကို ကင်းတားဆည်မှ သောက်သုံး၊ ရေစိုက်ပျိုးရေများ အခက်အခဲမဖြစ်ပေါ်ရအောင်ကူညီပေးထားပါတယ်။ ကင်းတားရေလှောင်တမံမှာ မေ ၇ ရက်အထိ ခန့်မှန်းရေလှောင်ပမာဏ ၁၆၉၂၅၀ ဧကပေရှိပါတယ်။ တမံသို့ ရေဝင်ရောက်မှုနည်းပါးခြင်းမှာ (၁)(Climate Chage) ရာသီဥတုရွေ့လျားပြောင်းလဲခြင်း၊ (၂) (Deforestation and Water ShoRtage.problem)သစ်တောပြုန်းတီးခြင်းနှင့်မိုးခေါင်ခြင်း၊ (၃) (Socio-economic) လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေအသုံးပြုမှု ပိုမိုများပြားလာခြင်းစတဲ့ အချက်သုံးချက်ကြောင့်ဖြစ်ပါတယ်"ဟု မြစ်သားမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦး၏ ပြောကြားချက်အရ သိရသည်။

ကင်းတားရေလှောင်တမံအနီး သစ်တောများပြုန်းတီးခြင်းနှင့် ပတ်သက်ပြီး ကင်းတားတမံသွား (၂၁)မိုင်လမ်းပိုင်းမှာ တရားမဝင်သစ်ကားတွေသွားလာနေတာကြောင့်ဟု မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးက ပြောပြသည်။

"ကျွန်တော်အခုဆိုရင် အသက်(၅၀)ကျော်ပါပြီ။ ကျွန်တော်တို့ငယ်ငယ်တုန်းက ကင်းတားတမံအနီးက တောတောင်တွေဟာ စိမ်းစိမ်းဆိုဆိုနဲ့ သဘာဝအလှတရားများနဲ့ အမြဲလှပနေတဲ့ တောတောင်တွေပါ။ ဒီတောတောင်တွေပေါ်မှာဆိုရင် သဘာဝအလျောက်ထွက်ရှိနေတဲ့ စိမ့်စမ်းရေထွက်တွေ၊ သစ်ပင်မျိုးစုံတွေဟာ အရမ်းကိုပေါများလွန်လို့ နိုင်ငံခြားခရီးသွားများဟာ မပြတ်လာရောက်လေ့လာကြပါတယ်။ အခုတော့ တရားမဝင် သစ်ဆွဲလှေတွေ အနယ်နယ်အရပ်ရပ်ရှိ ရွှေ့ပြောင်းနေထိုင်သူတွေဟာ သစ်ခုတ်မီးသွေးဖုတ်ပြီး သစ်ပွဲစားတွေဆီ ပြန်လည်ရောင်းဝယ်မှုတွေ လုပ်ကိုင်နေတာတွေ့မြင်နေရပါတယ်။ ဒီလိုလုပ်ကိုင်နေတာကြောင့် သစ်တောတွေပြုန်းတီးလာပြီး ရာသီဥတုတွေ ပျက်စီးလာပါတယ်။ အခုအယ်နီညို ရာသီဥတုကာလမှာလည်း သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ဘယ်သူကမှလာရောက်ပြီးကူညီလှူဒါန်းထားတာမရှိသေးပါဘူး။ ကျွန်တော်တို့ ကံဆည်ကျေးရွာက ပြည်သူတွေဟာ ပန်းလောင်မြစ်ထဲကရေကို အင်ဂျင်စက်တွေနဲ့ မောင်းတင်ပြီး စိုက်ပျိုးကြတာပါ။ ဒီလိုတာသစ်တောတွေ ဆက်လက်ပြုန်းတီးနေမယ်ဆိုရင် ကျွန်တော်တို့ကျေးရွာနေပြည်သူများဟာ ကိုယ့်ရပ်ရွာကို စွန့်လွှတ်ပြီး တစ်နယ်တစ်ကျေးကို ဝမ်းစာအတွက် အလုပ်ထွက်လုပ်ရမယ့်အခြေအနေရှိပါတယ်။ သစ်တောပြုန်းတီးတဲ့အတွက် မိုးခေါင်ပြီး ဆည်အတွင်း ဝင်ရေနည်းပါးလာရင် ဒေသခံစိုက်ပျိုးတောင်သူတွေ ဝမ်းစာအတွက် အခက်အခဲဖြစ်ပေါ်ရမှာပါ"ဟု ကင်းတားတမံအနီး ကံဆည်ကျေးရွာမှ စိုက်ပျိုးတောင်သူများထံမှ သိရသည်။

ဤကဲ့သို့ မြစ်သားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ အဓိကအားကိုးအားထားနေရသည့် ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေးလိုအပ်နေပြီဖြစ်ပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူတို့က ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# ထေရဝါဒတောင်တန်းသာသနာပြုဗဟိုကျောင်း နာယကဆရာတော် ဘဒ္ဒန္တရေဝတ ပျံလွန်တော်မူ

ရှမ်းပြည်နယ် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် အနော်ရထာလမ်း ထေရဝါဒ တောင်တန်းသာသနာပြုဗဟိုကျောင်း နာယကဆရာတော် ဘဒ္ဒန္တရေဝတ(အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၈၅) နှစ် သိက္ခာတော် (၆၅) ဝါရှိ ဆရာတော်ကြီးသည် ၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက်၊ မေ ၆ ရက်(သောကြာနေ့) နံနက် ၆ နာရီခွဲအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အမောဖောက်လဲကျသည့် ဂျပန်နိုင်ငံသားအား ခရီးသွားတပ်ဖွဲ့က ကူညီပေး

**နေပြည်တော် မေ ၇**

ပုဂံအလိုတော်ပြည့်ဘုရားအနီးတွင် အသက် ၆၀ ခန့် ဂျပန်နိုင်ငံသားတစ်ဦး စက်ဘီးစီးလာစဉ် အမောဖောက်လဲကျသွားကြောင်း မန္တလေးတိုင်းဒေသကြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ)မှ သတင်းရရှိသည်။

မေ ၅ ရက်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ညနေ ၄ နာရီခွဲခန့်တွင် အဆိုပါ ဂျပန်နိုင်ငံသား အမောဖောက်မူးနေသည်ကို တွေ့ရှိခြင်းဖြစ်သည်။

အောင်မင်္ဂလာဟိုတယ် အခန်းအမှတ် (၁၀၄)တွင် တည်းခိုနေသော အဆိုပါဂျပန်နိုင်ငံသားသည် ဆေးရုံ၊ ဆေးခန်း ကူညီပို့ဆောင်မည်ဆိုသော်လည်း ဟိုတယ်သို့သာ ပို့ဆောင်ရန်ပြောဆို၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ဟိုတယ်သို့ လိုက်လံပို့ဆောင်ခဲ့ကြောင်း တပ်ဖွဲ့ဝင်တစ်ဦးက အတည်ပြုပြောဆိုသည်။ **(ရဲပြန်ကြား)**






မေ ၆ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် မြို့မရဲစခန်းမှူးများဦးစီးသည့် အဖွဲ့များက သောက်သုံးရေ ဂါလန် ၅၂၀၀ အား နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းကြစဉ်။

(ရဲပြန်ကြား)

# အခြေခံပညာအလယ်တန်း၊အထက်တန်း သင်ထောက်ကူပစ္စည်းနှင့် အသုံးပြုနည်းပြပွဲကျင်းပ

**ရန်ကုန် မေ ၇**

အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းသင်ထောက်ကူပစ္စည်းနှင့်အသုံးပြုနည်းပြပွဲကို ယနေ့နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်ရှိ Business Alliance ဟိုတယ်၌ ကျင်းပသည်။

"ပညာရေးအတွက် လိုအပ်တဲ့ သင်ထောက်ကူပြုပစ္စည်းတွေအသုံးပြုပြီး ပိုမိုထိရောက်တဲ့သင်ကြားမှုတွေဖြစ်ပေါ်လာအောင် ရည်ရွယ်ပါတယ်။ ကျင်းပတာကတော့ ဒါက ပထမဆုံးအကြိမ်ပါ။ ကျွန်တော်တို့ကုမ္ပဏီနဲ့ထိုင်းနိုင်ငံက Doing Science ကုမ္ပဏီတို့ ပူးပေါင်းကျင်းပတာပါ။ နည်းပညာသစ်တွေလည်း မိတ်ဆက်တဲ့သဘောပါ။ ကိုးတန်းနဲ့ ၁၀တန်းအတွက် အဓိကဖြစ်ပါတယ်။ သင်ထောက်ကူနဲ့ရင်းနှီးသွားရင် ပညာကိုအသုံးပြု အသုံးချတတ်မယ်။ ထပ်ပြီးတီထွင်ချင်စိတ်တွေ ပေါ်လာပြီး တီထွင်မှုတွေပြုလုပ်နိုင်လာစေဖို့ ရည်ရွယ်ပါတယ်"ဟု စီစဉ်ပြသသည့် အာကာသနှင့် စကြဝဠာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ သန့်ထူးအောင်ကပြောသည်။



လေးတန်းကနေ ၁၀ တန်းအထိ သိပ္ပံနဲ့ပတ်သက်တဲ့ ဓာတုဗေဒနဲ့ ရူပဗေဒ ဘာသာရပ်တွေကို ထုတ်လုပ်သွားဖို့လည်း အစီအစဉ်ရှိပါတယ်။ ပြပွဲမှာတော့ ဆရာ၊ ဆရာမတွေ လာရောက်လေ့လာကြပါတယ်။ ပြသတဲ့ နည်းပညာတွေကိုလည်း ထိုင်းနိုင်ငံက ဆရာ၊ ဆရာမတွေ၊ ပါမောက္ခတွေရော မြန်မာပြည်က ပါမောက္ခ ဆရာ၊ ဆရာမတွေရော အကြံဉာဏ်တွေပေးတာရှိပါတယ်။ ထိုင်းကအခု ကုမ္ပဏီကတော့ အာဆီယံနိုင်ငံတွေလှည့်ပြီး နည်းပညာရပ်တွေပြသနေတာပါ"ဟု ဒေါက်တာ သန့်ထူးအောင်ကဆက်လက်ပြောသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့အပြင် မန္တလေးမြို့နှင့်မကွေးမြို့များ၌ပါပြသသွားမည်ပြီး ပြပွဲမှသင်ထောက်ကူပြုပစ္စည်းများတချို့ကို မြန်မာပြည်မှ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များမှထုတ်လုပ်ထားကြောင်း သိရသည်။

**သတင်း - မြတ်စန္ဒီ**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# လှိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား၊ နေအိမ် ၁၀ လုံးမီးလောင် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့မှုများပြုလုပ်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ရေနွေးအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲခန့်က အဆိုပါမြို့နယ် (၁၂) ရပ်ကွက် မာလာရုံလမ်းသွယ် (၂) ရှိ အမှတ်(၆၁၅)ဦးအောင်အောင်ဦး၏ နှစ်ထပ်နေအိမ် အောက်ထပ်၌ တည်ထားသော လျှပ်စစ်ရေနွေးအိုး ရေခန်းခြောက်၍ အပူလွန်ကဲရာမှ မီးစတင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်ရာသို့သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၂၆ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၂ဦး၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၈၀ တို့က မီးငြှိမ်းသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ် ရှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၁၀ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် အကျယ်အဝန်း (၁၂×၁၅)ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်းနှစ်ထပ်အိမ် နှစ်လုံး၊ (၁၂×၁၅)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း နှစ်ထပ်အိမ် ငါးလုံး၊ ၁၂ ×၁၅ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်၏ အပေါ်ထပ်သုံးလုံး နှင့် အတွင်းပစ္စည်းများ မီးလောင်ခံခဲ့ရပြီး အိမ်ထောင်စု ကိုးစုမှ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၄၃ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့ရသဖြင့် သက်ဆိုင်ရာက အဆိုပါရပ်ကွက်ရှိ အောင်ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ယာယီ မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်လျက်ရှိကြောင်းသိရသည်။

ထိုဖြစ်ပွားမှုကြောင့် အိမ်ရှင် ဦးအောင်အောင်ဦးအား လှိုင်မြို့နယ်ရဲစခန်းက (ပ) ၃၉၅/၂၀၁၆ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ယင်းဖြစ်စဉ်မှ မီးဘေးသင့်ပြည်သူများကို ရန်ကုန်တိုင်းဒေသကြီး ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများက အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေကျပ် ၁၁ သိန်း၊ ဆန်ဘိုးထောက်ပံ့ငွေကျပ် ၃၈၇၀၀ နှင့် အိမ်ထောင်စုကိုးစုအတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည့်အပြင် Care Myanmar Family Kit ကိုးထုပ်၊ ရေသန့် ၁၈ ကတ်၊ ခေါက်ဆွဲခြောက် လေးကာတွန်းနှင့် စားဆီ သုံးဖာတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**ချောင်းဆုံ မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နွေရာသီကာလ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးကြုံတွေ့နေသောကျေးရွာများသို့ သွားရောက်ရေပေးဝေလျက်ရှိရာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် နတ်မော်ကျေးရွာ စေတနာရှင်လူငယ်အဖွဲ့တို့ ပူးပေါင်း၍ စံဖကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာများသို့ ရေဂါလန် ၇၅၀ ဆံ့ရေသယ်ယာဉ်နှစ်စီးဖြင့် အိမ်ထောင်စု ၆၄စုအတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရထားရဲတပ်ဖွဲ့မှ မီးရထားစက်ခေါင်းအား မှုတ်ဆေးမင်ဖြင့် ဆေးရောင်ခြယ်ဖျက်ဆီးသူ နှစ်ဦးအား ဖမ်းဆီးအရေးယူ

**ရန်ကုန် မေ ၇**

ရန်ကုန်ဘူတာကြီးယာဒ်ဝင်းအတွင်းရှိ RBE အကြီးစားပြုပြင်ရေးစက်ရုံ ပြင်ပ သံလမ်းအမှတ်(၁၀)တွင် ရပ်တန့်ထားသည့်RBE-၃၀၁၈ စက်ခေါင်းဘေး ဝဲ/ယာတွင် မှုတ်ဆေးမင်များဖြင့် ဆေးရောင်ခြယ်သွားကြောင်း မြန်မာ့မီးရထား တိုင်း(၇)၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးထွန်းနွယ်က မေ ၄ ရက်တွင် ရထားရဲတပ်ဖွဲ့ တပ်ခွဲ(၁၃) ရန်ကုန် ရထားရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် ရထားရဲတပ်ဖွဲ့တပ်ခွဲ(၁၃) ရန်ကုန်ခေတ္တခွဲမှူး ရဲအုပ်စန်းထူးနိုင် ဦးစီးအဖွဲ့တို့က မေ ၅ ရက်တွင် ရန်ကုန်ဘူတာကြီးယာဒ်ဝင်းအတွင်း RBE တွဲဆိုင်းများ ရပ်ထားရာအနီးရှိ ပန်းဆိုးတန်းခုံးကျော်တံတားပေါ်တွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ရန်ကုန်ဘူတာကြီးအရှေ့ဘက် ပန်းဆိုးတန်းခုံးကျော်တံတား လှေကားအတက်အဆင်း ယာဘက်ခြမ်းတွင် မှုတ်ဆေးဘူးဖြင့် ဆေးမှုတ်ထွက်ပြေးသွားသည့် ဖြိုးဟိန်းကျော် ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ဇွဲထက်အောင် ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့အား ဖမ်းဆီးရမိသဖြင့် RBE စက်ရုံတာဝန်မှူး ဦးပြည့်ဖြိုးအောင်နှင့် ဦးစန်းအောင်နိုင် စက်မှု(လုပ်သား) ရှေ့တွင် ရှာဖွေစစ်ဆေးရာ ၎င်းတို့လွယ်ထားသည့် အနက်ရောင်အိတ်အတွင်းမှ ATM SPRAY မှုတ်ဆေးဘူးရောင်စုံ ငါးဘူး၊ ဆေးဘူးခေါင်း မျိုးစုံ ၁၀ ခေါင်း၊ ဆေးမှုတ်မည့်ဒီဇိုင်းစာရွက်ကြီးတစ်ရွက် အသေးတစ်ရွက်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးအား မြန်မာ့မီးရထား၊ တိုင်း(၇) RBE အလုပ်ရုံစုမှူး ဦးဇော်မိုးက တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ရန်ကုန်ရထားရဲစခန်း(ပ)၆၄/၂၀၁၆ ပပက ၆(၁)ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုး၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိ

**လားရှိုး မေ ၇**

အမှတ် (၂၄) မူးယစ်တပ်ဖွဲ့စု (လားရှိုး)မှ ရဲအုပ်မြတ်သူရွှေ၊ ရဲတပ်ကြပ်ကြီး စိုင်းမောင်အေး၊ ရဲတပ်ကြပ်ကြီး မျိုးဦး၊ ရဲဒုတပ်ကြပ် အိုက်ကာတို့အဖွဲ့သည် သက်သေများနှင့်အတူ မေ ၆ ရက် ည ၈ နာရီခွဲက လားရှိုးမြို့ရှောင်လမ်း မိုင်တိုင်အမှတ်(၆/၂)တွင် စောင့်ဆိုင်းနေစဉ် မူဆယ်ဘက်မှ မန္တလေးဘက်သို့ သာဒင် မောင်းနှင်ပြီး သက်နိုင်ဦးနှင့် ဝင်းနီ(ခ)စိုင်းလိတ်တို့ လိုက်ပါလာသည့် YGN 7E/------ နံပါတ်တပ်ဆင်ထားသည့် ODYSSEY အမျိုးအစား အနက်ရောင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ယာဉ်နောက်ခန်း ညာဘက်ခြမ်းဘေးကာဗာအတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (အလေးချိန် ၄ ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် သိန်း ၈၀၀) ကို ရှာဖွေတွေ့ရှိခဲ့သည့်အတွက် မြို့မရဲစခန်း( လားရှိုး)တွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဆရာမောင်(မူဆယ်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**သီပေါ မေ ၇**

သီပေါမြို့ ရွာသစ်ကျေးရွာအုပ်စုနယ်မြေအတွင်း၌ မူးယစ်ဆေးဝါးများရောင်းဝယ်နေကြောင်းသတင်းရရှိ၍ သီပေါမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်မြင့်၏ ကြီးကြပ်မှုဖြင့် သီပေါမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ် ရဲမြင့်အောင်နှင့်နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မေ ၅ ရက် ညနေ၄နာရီခန့်က သီပေါမြို့နယ်ရွာသစ်အုပ်စု ကျောင်းစုရွာနေ မရွှေဟန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုကဲ့သို့ရှာဖွေရာတွင် WDMတံဆိပ်WYစာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၊ 88 တစ်ဖက် 1 တစ်ဖက်ပါစိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြား၊ ဘိန်းဖြူဝါဖြူရောင်အမှုန့်အလေးချိန် ၅ ဒသမ ၁၀၃ ဂရမ်ခန့် တန်ဖိုးစုစုပေါင်း ၁၆သိန်းကျော်ဖိုးခန့်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရှိခဲ့သည့် အိမ်ရှင် မရွှေဟန်အပါအဝင် နေအိမ် အတွင်းသို့ရောက်ရှိနေသောအမျိုးသား ငါးဦးနှင့်အမျိုးသမီး နှစ်ဦးတို့အပေါ် သီပေါမြို့မရဲစခန်းက မယ(ပ)၄/၁၆ ပုဒ်မ၁၅/၁၉(က)၂၁တို့ဖြင့်အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စောနော်မောင်)**

# ကုက္ကိုဝတံတားသစ်ကြီး သြဂုတ်လအပြီး တည်ဆောက်သွားမည်

**ရန်ကုန် မေ ၇**

ကုက္ကိုဝတံတားသစ်ကြီးမှာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နှင့် လမုတန်း၊ လှည်းဆိပ်သို့ ဆက်သွယ်ထားသော တံတားသစ်ကြီးဖြစ်သည်။ ဥတိုနှင့် မော်ဘီသို့ ဧရာဝတီတိုင်းဒေသကြီးမှ အချိန်မရွေးသွားလာနိုင်စေရန် တည်ဆောက်နေသည့် တံတားဖြစ်သည်။

ကုက္ကိုဝ တံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) က ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်ဦး ခေါင်းဆောင်၍ တည်ဆောက်နေခြင်းဖြစ်သည်။ ကုက္ကိုဝတံတားကို ၂၀၁၄ ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကုက္ကိုဝတံတားသစ်ကြီးမှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်သည်။ အုတ်မြစ်မှာ ဘိုးပိုင်ဖောင်ဒေးရှင်း အမျိုးအစားဖြစ်သည်။ အပေါ်ထည်မှာ သံမဏိသံပေါင်၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ တံတားအရှည်မှာ ၆၉၄ ဒသမ ၅ မီတာဖြစ်သည်။

ကုက္ကိုဝတံတားသစ်ကြီးကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) က သတ်မှတ်ချိန်အတွင်းပြီးစီးရန် တံတား တည်ဆောက်ရေးဆိုင်ရာ မြို့ပြ အင်ဂျင်နီယာများ၊ ယန္တရားများ၊ စက်မှုအင်ဂျင်နီယာများ၊ တိုင်းတာရေး အင်ဂျင်နီယာများ၊ ရေသန့်အင်ဂျင်နီယာများအပါအဝင် အင်ဂျင်နီယာ ၂၀ ကျော်နှင့် ကျွမ်းကျင်တံတားလုပ်သား ၇၀ ကျော်တို့ဖြင့် တည်ဆောက်နေသည်။

ကုက္ကိုဝတံတားသစ်ကြီးအတွက် လိုအပ်သော သံပေါင်များကို မြောင်းတကာ သံမဏိစက်ရုံနှင့် သာကေတရှိ JNM စက်ရုံတို့မှ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော အဆင့်မြင့်သံပေါင်များဖြစ်သည်။ သံပေါင်များမှာ ငွေရောင်တောက်ပနေသည်။ တံတားကြီးပေါ်တွင် ရေလယ်တိုင် RP (၂)(၃) သာ သံပေါင်တပ်ဆင်ရန်သာရှိနေပြီး တံတားနှစ်ဖက်တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှာ ပြီးစီးနေပြီဖြစ်သည်။

ကုက္ကိုဝမြစ်အတွင်း စက်လှေ၊ ကျောက်၊ သဲ၊ သစ်တင်သော စီဘီတွဲများ အဆက်မပြတ် ဖြတ်သန်းနေသည်။ လကွယ်ရက်၊ ရေထရက်ဖြစ်သည့်အတွက် နံနက်ခင်းရေကျချိန်တွင် ရေသည် ဝါးလုံးထိုးစီးဆင်းနေသောကြောင့် ရေလယ်တိုင်မီတာ ၁၂၀ အကျယ်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာရာတွင် အခက်အခဲမရှိသော်လည်း ရေလယ်တိုင် သံပေါင်တပ်ဆင်ချိန်တွင် ရေလမ်းကြောင်းအား အကျယ် ၇၂၀ မီတာရှိသော RP(၃)နှင့် (၄) နေရာမှ ဖြတ်သန်း မောင်းနှင်ရမည်ဖြစ်သောကြောင့် ရေယာဉ်များ သတိပြုသွားလာရမည်ဖြစ်သည်။

ကုက္ကိုဝ တံတားသစ်ကြီး၏ ရေလယ်တိုင် RP(၂)(၃) နေရာတွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် သံပိုက်လုံးများ ပြောင်းရွှေ့ထားပြီးဖြစ်သည်။ ရေလမ်းကြောင်းကိုလည်း ပိတ်၍ RP(၂)(၄) နေရာများတွင် ဧပြီ ၁၅ ရက်မှစ၍ ရေလည်တိုင် မီတာ ၁၂၀ အကျယ်နေရာမှ ၇၂၀ အကျယ်ရှိသည့် RP(၃)(၄) သို့ ရေလမ်းကြောင်းပြောင်းရာတွင် စီဘီတွဲရေယာဉ်များ သတ်မှတ်ထားသော ရေလမ်းကြောင်းပြ၊ အချက်ပြ အမှတ်အသားများအတိုင်း လိုက်နာရမည်ဖြစ်သည်။

ဇူလိုင်လအထိ ထိုရေလမ်းကြောင်းအတိုင်း မောင်းနှင်ရမည်ဖြစ်သည်။ ဇွန် ၂၅ ရက်တွင် သံပေါင်လုပ်ငန်းပြီးစီးမည်ဖြစ်၍ ဇူလိုင်လကုန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ကာ သြဂုတ်လတွင် အများပြည်သူများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုက္ကိုဝတံတားသစ်ကြီး ပြီးပါက ထန်းတပင်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် မော်ဘီမှ ဝင်ရောက်လာသော ကုန်စည်ယာဉ်များ၊ ခရီးသွားယာဉ်များ လျင်မြန်စွာ သွားလာနိုင်ပြီး စီးပွားရေးအခွင့်အလမ်းများနှင့် ပညာရေး၊ ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**



# ပိုလီယိုကာကွယ်ဆေးသုံးမျိုးစပ်(tOPV)များ စနစ်တကျဖျက်ဆီးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်

**စစ်ကိုင်း မေ ၇**

ပိုလီယိုအရိုင်းပိုးများ ကင်းစင်သောအချိန်တွင် ပိုလီယိုအစက်ချကာကွယ်ဆေးအားလုံးကို ရေရှည်အစီအစဉ်ဖြင့်အဆင့်အလိုက် ဖယ်ရှားမည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ပိုးသုံးမျိုးပါဝင်သော tOPV ကာကွယ်ဆေးများ စွန့်ပစ်ဖျက်ဆီးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မေ ၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် မေလ ပုံမှန်ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တွင် စတင်ပြောင်းလဲသုံးစွဲပြီးဖြစ်၍ ယခု မေ ၄ ရက်တွင် tOPV များကို စနစ်တကျ ဖျက်ဆီးခြင်းဖြစ်ရာ ဖွင့်ပြီးအသုံးပြုထားသော ၁၇၉၂ လုံးနှင့် မဖွင့်ရသေးသော ၁၄၂၃ လုံးတို့ကို အင်တေမံ မြေမြှုပ်ကာ စွန့်ပစ်ခဲ့ခြင်းဖြစ်သည်။

"လက်ကျန် tOPV ကာကွယ်ဆေးအားလုံးကို မတော်တဆဖြစ်ဖြစ်၊ တမင်တကာဖြစ်ဖြစ် အသုံးပြုတာကနေ ကာကွယ်နိုင်ဖို့ ဖျက်ဆီးရတာပါ။ ပြောင်းလဲအသုံးပြုရက်ပြီးတဲ့နောက်မှာ လက်ကျန် tOPV ကာကွယ်ဆေးအားလုံးကို စုဆောင်းသိမ်းဆည်းပြီး စွန့်ပစ်ပစ္စည်းအဖြစ် စနစ်တကျစွန့်ပစ်တာဖြစ်ပါတယ်။

"အပူချိန်မြင့်တဲ့ မီးရှို့စက်မှာ ဖျက်ဆီးတာ၊ ပုလင်းတွေကိုမံပြီး အမှိုက်ကျင်းထဲစွန့်ပစ်တာနဲ့ အင်ဂျင်နီယာ စနစ်နဲ့တည်ဆောက်ထားတဲ့ အမှိုက်စွန့်ပစ်နေရာမှာ တိုက်ရိုက်စွန့်ပစ်တာတွေရှိပါတယ်။ ဒီမှာကတော့ အင်တေနဲ့မံပြီး မြေမြှုပ်တဲ့စနစ်သုံးပြီး ဖျက်ဆီးခဲ့တာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ထွန်းက ပြောသည်။

ပိုလီယိုကာကွယ်ဆေး သုံးမျိုးစပ် (tOPV)မှ နှစ်မျိုးစပ် (bOPV)သို့ ပြောင်းလဲအသုံးပြုခြင်းကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်ဆောင်ရွက်မှုများနှင့် အဆင့်ဆင့်ကြီးကြပ်မှုများ ညှိနှိုင်းခြင်း၊ ညွှန်ကြားခြင်းများကို ဧပြီ ၂၅ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ NGOများ၊ INGO များကို အသိပေးရှင်းလင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဧပြီ ၂၉ ရက်မှစ၍ ပိုလီယိုပိုးရပ်စ်အမျိုးအစား ၁ နှင့် ၃ နှစ်မျိုးတည်းပါဝင်သည့် (bOPV)ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးတိုက်၊ ဆေးထိုးအစီအစဉ်တွင် ကလေးအသက်၂ လ၊ ၄ လနှင့် ၆ လတို့တွင် တိုက်ကျွေးပေးမည်ဖြစ်ပြီး ပိုလီယိုရောဂါပိုး လုံးဝပပျောက်သည့်အချိန်အထိ ရောဂါကာကွယ်ရန်အကောင်းဆုံးနည်းလမ်းမှာ ပါးစပ်မှတိုက်ရသော ပိုလီယိုကာကွယ်ဆေးကို အသုံးပြုခြင်းသာဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ပိုလီယိုကာကွယ်ဆေး ထိုးဆေးတွင် ပိုလီယိုရောဂါပိုး အမျိုးအစား (၁)၊ (၂)နှင့်(၃) သုံးမျိုးစလုံးပါဝင်၍ ပုံမှန်ကာကွယ်ဆေးတိုက်ခြင်းနှင့် ထိုးခြင်းအစီအစဉ်တွင် ကလေးအသက် ၄ လ တွင် ထိုးနှံပေးနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပျက်အစဉ် ပြင်ခဏ

❖ အစဉ်သဖြင့် ပျက်လာခဲ့တာ
ကြာပြီ။
ဆယ်စုနှစ် ငါးစုလောက်မှာ
စိတ်ဓာတ်တွေပျက်
စာရိတ္တတွေပျက်
ယဉ်ကျေးမှုတွေပျက်
တောတွေပျက်
တောင်တွေပျက်
မြစ်ချောင်းတွေပျက်
လယ်ယာတွေပျက်
မီးတွေပျက်။
ကဲ- ပျက်လိုက်သမျှ အပျက်တွေ
ဘယ်လိုပြန်ပြင်ကြမလဲ
ဘယ်သူတွေပြင်ကြမလဲ
ငါကစပြင်၊ မင်းကစပြင်
တစ်ယောက်စီကစပြင်
ပျက်အစဉ်ပြင်ခဏ
အားလုံးပြင်ကြ တစ်ကစ။

**ဗအုပ်ခိုင်**

# ပုံတောင်ခြေတွင် စတုတ္ထအကြိမ်မြောက် စာဖတ်ရှုန်မြှင့်တင်ရေးပွဲ ကျင်းပမည်

**ပုလဲ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နှင့် ၃၄ မိုင်ကွာဝေးသည့် ပုံတောင်ခြေရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက္ကယ်ကျင်းကျေးရွာ "အလင်းစေတမာန်" စာကြည့်တိုက်ကော်မတီတို့ ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော် ကျပန်း၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို မေ ၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် အိုင်းမကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာ "အလင်းစေတမာန်"စာကြည့်တိုက်ကော်မတီ နာယက ဆရာတော် ဦးဝိစိတ္တက "စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပခဲ့တာ ဒီနှစ်က စတုတ္ထအကြိမ်မြောက် ရောက်ရှိခဲ့ပါပြီ။ တောင်ပေါ်ဒေသက မြေပြန့်နဲ့စာရင် ဒေသဖွံ့ဖြိုးမှုကော၊ အသိဉာဏ်ပညာဖွံ့ဖြိုးမှုကော အားနည်းနေသေးတာကြောင့် ကျောင်းသား ကျောင်းသူတွေကိုဗဟိုပြုပြီး ကျပန်း၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်နဲ့ အခြေခံပညာအလယ်တန်းအဆင့်ဆိုပြီး ကျင်းပပေးတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး (ဇေယျာမြေ)**

# ဧပြီလအတွင်း တစ်နိုင်ငံလုံး ယာဉ်မတော်တဆမှု ၁၆၇၄ မှုဖြစ်ပွားခဲ့

**နေပြည်တော် မေ ၇**

ဧပြီလအတွင်း တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ယာဉ်မတော်တဆမှု ၁၆၇၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၀၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၀၆၈ ဦး ရှိကြောင်း သိရသည်။

ယင်းသို့ ဖြစ်ပွားရာတွင် နေပြည်တော် ကောင်စီနယ်မြေတွင် ယာဉ်မတော်တဆမှု ၃၉ မှု ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၁၈ ဦး၊ ကချင်ပြည်နယ်တွင် ၄၄ မှု ဒဏ်ရာရရှိသူ ၅၁ ဦး၊ သေဆုံးသူ ၂၀ ဦး၊ ကယားပြည်နယ်တွင် ရှစ်မှု ဒဏ်ရာရရှိသူ ခြောက်ဦး၊ သေဆုံးသူ ငါးဦး၊ ကရင်ပြည်နယ်တွင် ၄၄ မှု ဒဏ်ရာရရှိသူ ၁၂၀၊ သေဆုံးသူ ၁၅ ဦး၊ ချင်းပြည်နယ်တွင် ငါးမှု ဒဏ်ရာရရှိသူ ခြောက်ဦး၊ သေဆုံးသူ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၃၇ မှု ဒဏ်ရာရရှိသူ ၃၀၅ ဦး၊ သေဆုံးသူ ၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၉ မှု ဒဏ်ရာရရှိသူ ၈၁ ဦး၊ သေဆုံးသူ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၄၆ မှု ဒဏ်ရာရရှိသူ ၄၄၆ ဦး၊ သေဆုံးသူ ၆၈ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၁၆၂ မှု ဒဏ်ရာရရှိသူ ၃၀၇ ဦး၊ သေဆုံးသူ ၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၁၁ မှု ဒဏ်ရာရရှိသူ ၃၁၇ ဦး၊ သေဆုံးသူ ၇၀၊ မွန်ပြည်နယ်တွင် ၇၉ မှု ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၄၄ ဦး၊ ရခိုင်ပြည်နယ်တွင် ၅၀၊ ဒဏ်ရာရရှိသူ ၁၁၅ ဦး၊ သေဆုံးသူ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၂၁ မှု ဒဏ်ရာရရှိသူ ၂၈၀၊ သေဆုံးသူ ၅၈ ဦး၊ ရှမ်းပြည်နယ်တွင် ၉၉ မှု ဒဏ်ရာရရှိသူ ၁၅၉ ဦး၊ သေဆုံးသူ ၄၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၈၃ မှု ဒဏ်ရာရရှိသူ ၆၀၃ ဦး၊ သေဆုံးသူ ၆၂ ဦး ရှိခဲ့သည်။

ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး သေဆုံးသူ ၆၂ ဦးရှိခဲ့သည်။ သေဆုံးမှုအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး မတော်တဆမှုမှာ ၂၄၆ မှုရှိကာ သေဆုံးသူ ၆၈ ဦး ရှိခဲ့သည်။

**(သန်းဦး-လေးမျက်နှာ)**

**✱ ရန်ကုန်မြို့ပြမှ**

ဒဏ်ကို ပြည်သူများခံနေရကြောင်း၊ ရေစီးရေလာကောင်းမွန်ရေးသည် အမှိုက်များနှင့် ဆက်စပ်နေကြောင်း၊ ပြည်သူလူထုအနေဖြင့် အခွန်ပေးဆောင်ရန် အမြဲစဉ်းစားနေရသည့်အတွက် အစိုးရအနေဖြင့် ဘယ်လောက်ကောင်းအောင် လုပ်ပေးမှာလဲဆိုသည့် မေးခွန်းများမေးမည်ဖြစ်ကြောင်း၊ အခွန်ကောက်ပြီး အမှိုက်ပုံထဲနေရမည်ဆိုလျှင် ပြည်သူက သဘောတူမည်မဟုတ်ကြောင်း၊ ပြည်သူက လက်ခံနိုင်သည့်၊ ပြည်သူများ ကျေနပ်အောင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခု ထူထောင်ရန်လိုကြောင်း၊ အစိုးရဘက်က အနစ်နာခံ စတင်လုပ်ပေးရမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ချိရေးအနေဖြင့် ကိုယ့်မှာရှိသည့် အင်အားနှင့် မချိန်ညှိဘဲ ဆောင်ရွက်နေမှုသည် ပြည်သူကို ဒုက္ခဖြစ်စေပါကြောင်း၊ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရန်ကုန်မြို့အတွင်း မဆောက်လုပ်သင့်သော အဆောက်အအုံများ ဆောက်လုပ်ထားခြင်းသည်လည်း မြို့ဟောင်း၏ အင်္ဂါရပ်ကို ထိခိုက်ပျက်စီးစေသည့်အတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲရာတွင် ပညာရှင်များ၏ အမြင်သက်သက် မဟုတ်ဘဲ ပြည်သူများ ပါဝင်နိုင်သည့် အစီအစဉ်များဖြင့် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များနှင့် လူနေအိမ်များတစ်ဆက်တည်းဖြစ်နေသည့် အန္တရာယ်ရှိသည့် အခြေအနေများကို ပြန်လည်ပြုပြင်နိုင်ခွင့်နှင့် စက်မှုဇုန်များကိုလည်း မြှင့်တင်ရန်လိုကြောင်း။

တာဝန်ယူမှုသည် အင်မတန်အရေးကြီးကြောင်း၊ ရန်ကုန်မြို့ဟောင်းဧရိယာကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ယခုလို ဆောင်ရွက်သည့်အခါ ပြည်သူ့ကိုယ်စားလှယ်များ၊ ဥပဒေမဏ္ဍိုင်ဘက်က ပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအတွေ့အကြုံရှိသည့်ပညာရှင်များ အားလုံးပူးပေါင်း ဆွေးနွေးတိုင်ပင်ပြီး မြို့ပြစီမံကိန်းသစ်ကို ပြန်လည်ဖော်ထုတ်ရမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်မြို့တော် ဘက်စုံဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ရန်ကုန်မြို့လူဦးရေ ၇၅ ရာခိုင်နှုန်းက မြို့လယ်ကောင်မှာ အလုပ်လာဆင်းကြတယ်။ ဒီတော့ ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်လာတယ်။ မြို့ပြတွေချဲ့မယ်၊ ဖွံ့ဖြိုးမှုတွေလုပ်မယ်ဆိုရင် အဲဒီဒေသမှာနေမယ့်လူတွေအတွက် အလုပ်တွေရှိရမယ်၊ နေစရာပေးထားရမယ်၊ ဆေးရုံ၊ ဆေးခန်း၊ ရုပ်ရှင်ရုံ၊ သုသာန်ကအစ ချထားပေးမယ်ဆို တစ်ပတ်မှာ ၆ ရက်လောက်က အဲဒီမှာပဲရှိမယ်။ တစ်ရက်လောက်ပဲ မြို့ထဲရောက်မယ်"ဟု ပြောသည်။

၂၀၁၂ ခုနှစ် မေလပိုင်းက ယခင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် JICA မှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များအပေါ် အခြေခံကာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးဝေရေး၊ မိလ္လာနှင့် ရေစီးရေလာစနစ်ကောင်းမွန်ရေးစီမံကိန်း၊ ပြီးပြည့်စုံသော မြို့ပြပို့ဆောင်ရေးစီမံကိန်း၊ အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲရေးစီမံကိန်း၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံကိန်း၊ လျှပ်စစ်ကဏ္ဍစီမံကိန်းများ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က "မြို့ပြဖွံ့ဖြိုးမှုအတွက် အဓိကက JICA နဲ့လုပ်ထားတဲ့ Master Plan ပါ။ Master Plan အရဆို အဆင့်သုံးဆင့်ပါ။ ပထမအဆင့်က မြို့လယ်ကောင်ဧရိယာ၊ နောက်တစ်ဆင့်က ဆင်ခြေဖုံး၊ မင်းဓမ္မတို့ သီလဝါတို့ဘက်၊ နောက်တစ်ဆင့်က ပိုပြီးတော့ဝေးတဲ့ လှည်းကူးဘက်တွေလိုပါ။ မြို့ပြကိုချဲ့တော့မယ်ဆို ပိုက်ဆံတွေအများကြီးလိုတယ်။ ဂျပန်လို အင်အားကြီးနိုင်ငံတွေက ပေးနိုင်မယ်လို့မျှော်လင့်ပါတယ်။ မြို့ပြဖွံ့ဖြိုးရေးက စကိုစရမှာ။ စနစ်ကျဖို့လိုပါတယ်။ ရန်ကုန်မြို့ရဲ့ လူဦးရေက ခြောက်သန်းကျော်၊ ခုနစ်သန်းအထိရှိတယ်။ တကယ်တမ်းကျတော့ အလုပ်တွေက မြို့ထဲကို လာရတဲ့အခါကျတော့ ပြဿနာက ယာဉ်ကြောကျပ်တည်းမှု ပြဿနာပါ။ နိုင်ငံတကာလိုဖြစ်ဖို့ဆိုရင် ဒီအဆင့်သုံးဆင့်က လုပ်ကိုလုပ်ရမှာ"ဟု ပြောသည်။

ထို့အတူ မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က "အိုးအိမ်က အငှားအိမ်ရာစီမံကိန်းတွေလုပ်ပြီး တစ်ခန်းကို ကျပ်သုံးသောင်းနဲ့ငှားတယ်။ အိမ်ရာကဏ္ဍနဲ့ပတ်သက်လို့ ကျွန်တော်အဆိုပြုချင်တာက အိမ်ရာတွေပေါ်လာတာကောင်းပါတယ်။ မြေတွေ အသစ်ချဲ့ပေးမယ်။ ဒါကောင်းတယ်။ အိမ်ရာတွေပေါ်လာတာ မြေဈေးကြီးလို့ဖြစ်တာ။ တိုင်းပြည်ဆင်းရဲတဲ့အချိန်မှာ အစိုးရက အကြာကြီးစိုက်ထားရမယ့် အငှားအိမ်ရာစနစ်ကို ကျွန်တော်တော့ အားမပေးဘူး။ (Housing Financing Scheme)ဆိုတဲ့ စနစ်ပေါ်လာဖို့က အင်မတန်အရေးကြီးတယ်။ အိမ်ရာလိုအပ်တဲ့သူက ကြိုတင်စုဆောင်းငွေ ဘဏ်မှာစုထားပြီး ဘဏ်အပ်ငွေနဲ့ နှစ်ပေါင်း ၂၀- ၃၀ အတွင်းမှာ နည်းနည်းချင်းဆပ်ရင် အပိုင်ရမယ့် အဲဒီလိုအိမ်ရာစနစ်မျိုး မြန်မာပြည်မှာပေါ်ဖို့အရေးကြီးတယ်"ဟု ပြောသည်။

ရန်ကုန်မြို့တွင် နေထိုင်သူဦးရေသည် တစ်နေ့တခြားတိုးပွားလာလျက်ရှိရာ ယခုလက်ရှိ ၅ သန်းကျော်မှ နောင်လာမည့် နှစ်ပေါင်း ၃၀ ခန့်တွင် ၁၀ သန်းကျော်ခန့် ထပ်မံတိုးပွားလာနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် မြို့ပြပတ်ဝန်းကျင်နှင့် ပတ်သက်သော ကဏ္ဍအသီးသီးတို့အတွက် ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲသတ်မှတ်၍ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း Renaissance Institute ကထုတ်ပြန်သော ရန်ကုန်မြို့ဘက်စုံဖွံ့ဖြိုးမှု အခြေခံအချက်အလက်များနှင့် အဆိုပြုချက်များမှ သိရသည်။

ဗိသုကာပညာရှင် ဦးမော်လင်းက " အဓိကကတော့ ဒီနေ့ဆွေးနွေးပွဲမှာ ရန်ကုန်မြို့ဘက်စုံဖွံ့ဖြိုးရေး ဘယ်လိုလုပ်မှ တိုးတက်မလဲ။ မြို့ကြီး ဘယ်လိုဖွံ့ဖြိုးမလဲ။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ စနစ်တကျဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဖရိုဖရဲတိုးတက်ရင် မြို့မှာနေတဲ့လူတွေ ဒုက္ခရောက်တယ်။ လမ်းတွေကျပ်တယ်။ အိမ်ရာတွေ မလုံလောက်ဘူး။ အမှိုက်တွေများမယ်။ အဲဒီလိုဖြစ်နေတာတွေကို စနစ်တကျဖွံ့ဖြိုးဖို့အတွက် ဒီကိစ္စကို စနစ်တကျလေ့လာထားတဲ့ ပညာရှင်တွေက အကြံဉာဏ်တွေပေးမယ်။ ဝိုင်းပြီး စီမံကိန်းတွေရေးဆွဲမယ်။ အဲဒါကို ပြည်သူလူထုက ရန်ကုန်မြို့ကို ဘယ်လိုပုံစံမြင်ချင်လဲ။ သူတို့မြင်ချင်တဲ့ပုံစံကို ထောက်ခံမယ်။ အားပေးမယ်။ ကန့်ကွက်စရာရှိတာ ကန့်ကွက်မယ်။ အကြံဉာဏ်တွေပေးမယ်။ ဒါကို ပေါင်းစုပြီး လုပ်နိုင်မယ့်၊ ဆုံးဖြတ်ချက်ချနိုင်မယ့်သူတွေက ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်ရတာပေါ့"ဟုပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက "အခုဆွေးနွေးတာတွေ၊ ပြောသွားတာတွေက အကြမ်းဖျင်းပြောသွားတဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပြန်ပြီးဆွေးနွေးရမယ်။ အဖြေရှာရမယ်။ ရန်ကုန်မြို့သစ်စီမံကိန်းနဲ့ ပတ်သက်ပြီး တင်ဒါခေါ်တဲ့အခြေအနေကို ပြန်လည်သုံးသပ်တာက လွှတ်တော်ရဲ့ အခြေအနေမဟုတ်ဘူး။ မြို့ပြစီမံကိန်းကတော့ လတ်တလော အခုတက်လာတဲ့ အစိုးရသစ်နဲ့ လွှတ်တော်ရဲ့ကိစ္စဖြစ်တယ်။ အားနည်းချက်တွေကို ထောက်ပြရမယ်။ အဲဒီလိုထောက်ပြဖို့က ကျွန်မတို့ရဲ့ ဝတ္တရားပါ။ ဆုံးဖြတ်ရမှာက အစိုးရရဲ့တာဝန်ပါ"ဟု ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် အိမ်ရာကဏ္ဍဖော်ဆောင်ရာတွင် အစိုးရမှစိုက်ထုတ်သော အငှားအိမ်ရာစနစ်အစား အစိုးရမှ ကူညီပံ့ပိုးသည့်စနစ်သို့ ဦးတည်သင့်ကြောင်း၊ တိုက်ခန်းတန်ဖိုး အပြည့်အဝပေးချေရမည့် အခက်အခဲကို ကျော်လွှားနိုင်ရန် ဘဏ်များက ကြိုတင်တွက်ချက်၍ (Housing Financing Scheme)ခေါ် အိမ်ရာအတွက် ငွေပံ့ပိုးသည့် ဘဏ်ငွေချေးစနစ်ကို အသုံးပြုပါက နိုင်ငံတော်အစိုးရအပေါ်တွင်လည်း ဝန်ထုပ်ဝန်ပိုးတင်ရှိခြင်းမှ ကင်းလွတ်မည်ဖြစ်ကြောင်းအပါအဝင် ရန်ကုန်မြို့တွင် နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန် စီးပွားရေးဇုန်တစ်ရပ် စီမံကိန်းရေးဆွဲခြင်း၊ ရန်ကုန်မြို့ မြို့နယ်အနှံ့အပြားတွင် နှစ်စဉ် မိုးရာသီရောက်လာပါက ရေကြီးရေလျှံခြင်း ကြုံတွေ့နေရသည့်အတွက် စနစ်ကျသည့်ရေမြောင်းစီမံကိန်းတစ်ရပ်ကို နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်သင့်ပြီး အမှိုက်စွန့်ပစ်ရေးအတွက် မီးရှို့စက်ကို ရန်ကုန်မြို့တွင် သင့်တော်သောနေရာတွင် တည်ဆောက်ရန်နှင့် ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးနှုန်း မြင့်မားခြင်းနှင့် လိုအပ်သောကျောင်းများ၊ ဈေးများ၊ ဆောက်လုပ်ရန်၊ ရန်ကုန်မြို့ကိုတိုးချဲ့ရန် မလွဲမသွေလုပ်ဆောင်ရမည့် မြို့ပြစီမံကိန်းအတွက် လိုအပ်ချက်များကို ပညာရှင်အသီးသီးကဆွေးနွေးခဲ့ကြသည်။

## ၂၀၁၆ ခုနှစ် ဧပြီလအတွင်း မူးယစ်ဆေးဝါးမှုနှင့် တရားခံပေါင်း ၉၂၆ ဦးအား အရေးယူနိုင်ခဲ့

**နေပြည်တော် မေ ၇**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စုတို့မှ ဘိန်း ၁၂ မှု(အလေးချိန် ၃၄ ဒသမ ၁၅၀၂ ကီလို)၊ ဘိန်းဖြူ ၂၃၁ မှု(အလေးချိန် ၇ ဒသမ ၆၃၀၈ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၉ မှု(၈၀၅၇၆၁ ဒသမ ၅ ပြား)၊ ဆေးခြောက် ၁၇ မှု(အလေးချိန် ၁ ဒသမ ၃၆၆၈ ကီလို)၊ ဘိန်းဆီခဲ ၁ မှု (အလေးချိန် သုည ဒသမ ၁၁၄၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ၃ မှု(အလေးချိန် သုည ဒသမ ၀၂၀၂ ကီလို)၊ ဘိန်းစာမှုန့် ၁ မှု(၁၄ ဒသမ ၅၈ ကီလို)၊ စိတ်ကြွအကြေမှုန့် ၁ မှု (အလေးချိန် သုည ဒသမ ၀၀၄၇ ကီလို)၊ အိုက်စ် ၆ မှု (အလေးချိန် ၄၁၆ ဒသမ ၃၀၁၃ ကီလို)၊ ဘိန်းဖြူရည် ၂ မှု(သုည ဒသမ ၁၂ လစ်တာ)၊ အက်စီတစ်အင်ဟိုက်-ဒြိဒ် ၁ မှု (၁၆ လစ်တာ)၊ ကဖင်း ၂ မှု (အလေးချိန် ၄၄၀၀ ကီလို)၊ အက်စီတုန်း ၁၇ ဒသမ ၅ လစ်တာ၊ အရိုးမီးသွေး ၅၀ ကီလို၊ ကော့စတစ် ၄၀ ကီလို၊ Fentanyl ထိုးဆေး ၁ မှု(ပုလင်း ၇၀၀)၊ ဒိုင်ယာဇီပမ်ဆေးပြား ၁ မှု(၃၉၀၀ ပြား)၊ ဒိုင်ယာဇီပမ်ထိုးဆေး ၃၇ ပုလင်း၊ ထရာမဒေါလ်ထိုးဆေး ၅၆ ပုလင်း၊ ထရာမဒေါလ် ဆေးတောင့် ၄၂၀၊ ဗျူပရီနော်ဖင်း ၆ ပြားနှင့် မှတ်ပုံတင်ပျက် ၈ မှု တို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၁၆ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၈၂၅ ဦး၊ အမျိုးသမီး တရားခံ ၁၀၁ ဦး စုစုပေါင်းတရားခံ ၉၂၆ ဦး တို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြောက်ဥက္ကလာတွင် စည်းကမ်းမဲ့ရပ်တန့်ထားသည့်ယာဉ်များအား အရေးယူ

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သန့်ရှင်းသပ်ရပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရန် ယာဉ်အသွားအလာများသည့် လမ်းဆုံလမ်းခွများ၊ အဓိကလမ်းကြီးများ ဝဲ၊ ယာပေါ်တွင် **'ယာဉ်မရပ်ရ'** သတိပေးဆိုင်းဘုတ်များ စိုက်ထူထားသော်လည်း ယာဉ်မောင်းများစည်းကမ်းလိုက်နာမှု အားနည်းခြင်း



ကြောင့် အရေးယူဖမ်းဆီးနေရကြောင်း၊ ယာဉ်မောင်းများ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ မောင်းနှင်ကြမည်ဆိုလျှင် ဖမ်းဆီးအရေးယူမှုဆိုသည်မှာ ဖြစ်ပေါ်လာမှာမဟုတ်ကြောင်း ခရိုင်ကြီးကြပ်ရေး အဖွဲ့ဝင်တစ်ဦးကပြောသည်။

တိုင်းဒေသကြီးအတွင်း သန့်ရှင်းသပ်ရပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရန် အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံ) ရေးရာဌာနက ကြီးကြပ်ပြီး မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံ)ရေးရာဌာနနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့အစုအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အတွင်း လမ်းဆုံလမ်းခွနှင့် 'ယာဉ်မရပ်ရ' သတိပေးဆိုင်းဘုတ် စိုက်ထူထားသောလမ်းမကြီး ဝဲ၊ ယာပေါ်တွင် စည်းကမ်းဖောက်ဖျက်ရပ်တန့်ထားသည့် ယာဉ်များအား မေ ၆ ရက် နံနက်ပိုင်းက သုဓမ္မာလမ်းမကြီး တစ်လျှောက် စည်းကမ်းထိန်းသိမ်းအရေးယူဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။

"ဒီလိုစည်းကမ်းထိန်းသိမ်းအရေးယူခြင်းလုပ်ငန်းတွေ ဆောင်ရွက်ရတာဟာ မတော်တဆယာဉ်တိုက်မှု လျော့နည်းရေး၊ လမ်းအသုံးပြုသွားကြတဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မြို့နယ်သန့်ရှင်းသပ်ရပ်မှုနဲ့ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေး ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံ) ရေးရာဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

**(ထွန်းဝင်း)**



# ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၅ - ၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

- ၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "မျှော်လင့်ကမ္ဘာ"
- ၈း၄၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၈း၅၀ ဆရာဇော်ဂျီ (အပိုင်း-၂)
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၃၀ မြန်မာရုပ်ရှင်"ကဝေပျို၏ နိဒါန်း"
- ၁၂း၀၀ အစီအစဉ်ပြီး၏။
- *ည(၉း၃၀)နာရီ- Live: English Premier League "Liverpool Vs Watford"

**တစ်နေ့ ၆ နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ရွှေအိုးကြီး(၄)လုံး" တရားတော် (ဆရာတော်ဒေါက်တာ အရှင်ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၅)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်(၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အထိမ်းအမှတ် အခမ်းအနား)
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၉း၀၀ Weekly Sports Diary
- ၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၃)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ်(နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား)
- ၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇၅+၇၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"(စိတ်ဆိုသည်မှာ (အပိုင်း-၁)
- ၃း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၅၅)
- ၃း၄၅ နွယ်ဥယျာဉ် ပိုးထည်ချည်ထည်ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား
- ၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Clarins Beauty Spa မိတ်ဆက်ပွဲအခမ်းအနား)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၆)
- ၇း၁၅ Fashion Week
- ၇း၄၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်ဆိုသည်မှာ (အပိုင်း-၂)]
- ၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၄)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇၇+၇၈)
- ၁၀း၃၅ World of Knowledge (Locked Up Abroad Backstabbed In Thailand)
- ၁၁း၂၀ MRTV-4 Stage

## MWD

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၁း၅၀တစ်ပတ်အတွင်းပြည်တွင်းသတင်း
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟာနူးဂျယ်
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသဒ္ဒေါ အပိုင်း(၅၉)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၁၉)
- ၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၆)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း - အမျိုးသားရေးတေးကဗျာ - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်မျက်ရည်သက်သေတည်" အပိုင်း(၂၁) မြဝတီရုပ်မြင်သံကြားသတင်း

## mitv

- 07:26 Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
- 07:50 Kay Tu Mar Lar "The Family"
- 08:26 Travelogue: To the coastal region (Myeik - Kawthoung) (Part-2)
- 08:41 A Worth Studying Site For Ancient Myanmar Heritages
- 09:26 Strolling Along A Memory Link - U Pein Bridge
- 09:44 Mt. Naw Bu Baw
- 09:53 Kyeikhteeyoe: Welcome All
- 10:26 Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- 10:49 Sagaing: Youth Leader
- 07:25 Travelogue: "Anyar Myay" or Upcountry (Part- I)
- 07:49 Today Myanmar: Online Shopping- Food Delivery Service
- 08:26 Writer, Philanthropist: Daw Than Myint Aung (Part- II)
- 08:47 Myanmar Masterclass "Min Wae Aung"

# MEP တွင် ပြုလုပ်မည့် K pop ဖျော်ဖြေပွဲမှရရှိသည့်ရန်ပုံငွေများကို မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့သို့ လှူဒါန်းမည်




ဇွန် ၁၁ရက် Myanmar Event Park ၌ ပြုလုပ်မည့် နိုင်ငံတကာ K pop ဖျော်ဖြေပွဲကြီးမှ ရရှိလာသည့် ရန်ပုံငွေများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လိုအပ်သည့် နေရာများသို့ အသုံးပြုနိုင်စေရန် လှူဒါန်းသွားမည်ဖြစ်ကြောင်း Inno City မှ ဥက္ကဋ္ဌ ဆုန်းဆော့ချန်းက ပြောသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ထိခိုက်ဒဏ်ရာရနေသူတွေ၊ အကူအညီလိုအပ်နေတဲ့ နေရာတွေအတွက် ကူညီဖို့ ဒီဖျော်ဖြေပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ကိုရီးယားနိုင်ငံမှ နာမည်ကျော် လူကြိုက်များ ရေပန်းစားလျက်ရှိသော ကိုရီးယားအမျိုးသမီးအဆိုတော် Sistar အဖွဲ့၊ ဆယ်ကျော်သက်ကောင်မလေးများအကြား ကြိုက်နှစ်သက်သော အမျိုးသား Monsta X အဖွဲ့၊ လက်ရှိပရိသတ်အများစု လက်ခံအားပေးလျက်ရှိသော Badkiz အဖွဲ့၊ ကိုရီးယားနိုင်ငံတွင် တိုက်ရိုက်အသံထုတ်လွှင့်မှုများ၌ နာမည်ကြီးသည့် So Chan Whee နှင့် ရိုးရာသီချင်းဖြစ်သည့် Arirang ကို ခေတ်ပေါ်တေးဂီတဖြင့် ဖန်တီးသီဆိုနိုင်မည့် Apera အဖွဲ့တို့မှ လာရောက်သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

Inno City မှ ဦးဆောင်ကျင်းပသည့် ယင်းဖျော်ဖြေပွဲကြီးကို ဇွန် ၁၁ ရက် ညနေ ၆ နာရီမှ စတင်ကာ မြေနီကုန်း ရှင်စောပုလမ်းအနီးရှိ Myanmar Event Park ၌ ပြုလုပ်သွားတော့မည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ကြည့်ရှုလိုသည့် ပရိသတ်များအနေဖြင့် တစ်ဦးချင်း ရန်ပုံငွေထည့်ဝင်ခြင်းဖြင့်သာ ကြည့်ရှုနိုင်စေရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ ကြည့်ရှုနိုင်ရေးအတွက် Channel 7 မှ တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်သည်။ **သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-Sistar**

# Game of Thrones ဇာတ်လမ်းတွဲများတွင် ပြန်လည်ပါဝင်လာမည့် ဆယ်ကျော်သက် သရုပ်ဆောင် မေဇီဝီလျံ



အသက်(၁၉)နှစ်အရွယ်သာရှိသေးသည့် သရုပ်ဆောင် မင်းသမီး မေဇီဝီလျံက ကာလအတန်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့ရသည့် Game of Thrones ဇာတ်လမ်းတွဲများတွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

မေဇီသည် HBO ရုပ်သံလိုင်း၏နာမည်ကြီး ဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Game of Thrones ဇာတ်လမ်းတွဲတွင် အာယာစတက်အဖြစ် ပါဝင်သရုပ်ဆောင်ရာမှ လူသိများကျော်ကြားခဲ့သူတစ်ဦးလည်းဖြစ်သည်။

ထို့ပြင် မေဇီသည် ယင်းဇာတ်လမ်းတွဲဖြင့် EWwy Award for Best Supporting Actress in a Drama ဆု၊ Portal Award for Best Supporting Actress – Television and Best Young Actor ဆု၊ Saturn Award နှင့် Best Performance by a Younger Actor. ဆုတို့ကို ရရှိဆွတ်ခူးခဲ့သူတစ်ဦးလည်းဖြစ်သည်။

မေဇီသည် Game of Thrones ဇာတ်လမ်းတွဲအပြင် Doctor Who ဇာတ်လမ်းတွဲများတွင်လည်း လူကြိုက်များသည့် သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီး သရုပ်ဆောင်ပိုင်းဆိုင်ရာဆုတံဆိပ်များစွာကိုလည်း ဆွတ်ခူးခဲ့သူတစ်ဦးဖြစ်သည်။

မေဇီ၏အနုပညာလှုပ်ရှားမှုများအနေဖြင့် ယခုနှစ်အတွင်းထွက်ရှိမည့် The Devil and the Deep Blue Sea ဇာတ်ကားနှင့် ၂၀၁၇ ခုနှစ်တွင် ထွက်ရှိမည့် ယခုလက်ရှိတွင်ရိုက်ကူးဆဲဖြစ်သော A Storm in the Stars Isabel Baxter ဇာတ်ကားတို့၌ ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

# ဝါရင့်သရုပ်ဆောင်များအား တစုတစည်းထဲရှုမြင်ခံစားကြရမည့် The Guardian Brothers အန်နီမေးရှင်းဇာတ်ကားသစ်

The Weinstein Company မှ ထုတ်လုပ်သည့် The Guardian Brothers အမည်ရှိ အန်နီမေးရှင်းဇာတ်ကားသစ်တွင် ဟောလိဝုဒ်၏ဝါရင့်သရုပ်ဆောင်များဖြစ်သည့် မင်းသား Mel Brooks ၊မင်းသမီး နစ်ကိုးလ်ကတ်ဒ်မန်း၊ မိုင်ရယ်စတိဗ်၊ ဇန်ဒါယာတို့အား တစ်စုတစ်စည်းတည်း မြင်တွေ့ခံစားနိုင်မည်ဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက သတင်းဖော်ပြထားသည်။

အနုပညာငွေကြယ်ပွင့် လေးဦးတို့ စုံညီစွာ ပါဝင်သရုပ်ဆောင်ထားသည့် အဆိုပါအန်နီမေးရှင်းဇာတ်ကားကို ဇန်နဝါရီလအတွင်းက တရုတ်နိုင်ငံတွင် စတင်ရုံတင်ပြသခဲ့ပြီး ယင်းဇာတ်ကားကို ယခုနှစ်တွင် ကျင်းပမည့် ကန်းစ်ရုပ်ရှင်ပွဲတော်၌ ပွဲထုတ်ပြသသွားမည်ဟုလည်း သိရသည်။

မင်းသား Mel Brooks၊ မင်းသမီး နစ်ကိုးလ်ကတ်ဒ်မန်း၊ မိုင်ရယ်စတိဗ်၊ ဇန်ဒါယာတို့သည် ယင်းရုပ်ရှင်၏ နောက်ခံစကားပြောအသံသရုပ်ဆောင်များအဖြစ် ပါဝင်ကြမည်ဖြစ်ပြီး ယင်းဇာတ်ကားဟာ စီးပွားရေးဆုံးရှုံးမှုကြောင့်ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ သားအမိနှစ်ဦးအကြောင်းကို ပုံဖော်ထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း သိရသည်။


ဖြိုးစန္ဒာမြင့် - စုစည်းရေးသားသည်

# ဆန့်ကျင်မှုတွေကြားထဲက အာစင်ဝင်းဂါးနဲ့ ဖလားလက်မဲ့ အာဆင်နယ်








**မေလဲ့သင်း ရေးသားသည်**

အာဆင်နယ်အသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာလည်း ဖလားလက်မဲ့ အနေအထား ထပ်မံကြုံတွေ့ဖို့ သေချာခဲ့ပြီးနောက်မှာ အာဆင်နယ်နဲ့ လက်ရှိ နည်းပြဝင်းဂါး လမ်းခွဲဖို့ အချိန်တန်ပြီလို့ ပရိသတ်တွေက တစ်ခဲနက်တောင်းဆို နေကြပါတယ်။ ဝင်းဂါးကတော့ သူ့ကို ထွက်ခွာဖို့တောင်းဆိုနေတဲ့ ပရိသတ်တွေရဲ့အသံတွေဟာ"ချစ်ခြင်းမေတ္တာတွေ ပြည့်လွှမ်းနေတဲ့ စိတ်ပျက်သံ"တွေသာ ဖြစ်တယ်လို့ တုံ့ပြန်လိုက်ပါတယ်။ ဒါ့အပြင် ဝင်းဂါးက သူဟာ မန်ယူနည်းပြဆာအဲလက်စ် ဖာဂူဆန်လို ကလပ်အသင်းကို ၂၆ နှစ်လောက်အထိကိုင်တွယ်သွားဖို့ အစီအစဉ်မရှိဘဲ အချိန်ကာလတစ်ခုရောက်ရင် အာဆင်နယ်နဲ့ လမ်းခွဲမှာဖြစ်တယ်လို့ ဆိုခဲ့ပေမယ့် ဘယ်အချိန်လောက်ကျရင် လမ်းခွဲမှာလဲဆိုတာတော့ တိတိကျကျ ပြောကြားခဲ့ခြင်းမရှိပါဘူး။

အာဆင်နယ်ဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ ကွန်မြူနတီဖလား ဆွတ်ခူးခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလားရယူဖို့ ပြင်ဆင်တော့မယ်လို့ ကြွေးကြော်ခဲ့ပေမယ့် ဇန်နဝါရီ ပွဲကျပ်ကာလကစလို့ အသင်းရဲ့ရလဒ်ပိုင်း ထိုးဆင်းသွားသလို ရာသီသိမ်းခါနီးလေ အသင်းရဲ့အနေအထား မတည်ငြိမ်တာတွေဟာ ပေါ်လွင်လေလေ ဖြစ်လို့နေခဲ့ပါတယ်။ အာဆင်နယ်ပရိသတ်တွေဟာ နော့ဝှစ်ချ်ကိုရင်ဆိုင်တဲ့ပွဲမှာ သူတို့ရဲ့ မကျေနပ်မှုကို နှုတ်ကနေတစ်မျိုး၊ ဆိုင်ဘုတ်တွေကိုင်ပြီးတော့ တစ်သွယ် ထင်ထင်ရှားရှားကို ပြသခဲ့ကြပါတယ်။

ပရိသတ်တွေက "အနီရောင်ဆန့်ကျင်မှု" " လည်စည်းမဲ့လှုပ်ရှားမှု" တွေလို့ အမည်အမျိုးမျိုးပေးထားတဲ့ ဆန့်ကျင်လှုပ်ရှားမှုတွေကို ပြုလုပ်ပြီး အာဆင်နယ်ဘုတ်အဖွဲ့ဝင်တွေကို ဝင်းဂါးကို ထုတ်ပယ်ပေးဖို့တောင်းဆိုခဲ့ကြပါတယ်။ ပရိသတ်တွေက "ကျွန်တော်/ကျွန်မတို့အနေနဲ့ အာဆင်နယ်အသင်းအပေါ် ချစ်မြတ်နိုးဆဲပါပဲ။ ဒါပေမယ့် အာစင်(ဝင်းဂါး)ကိုတော့ စိတ်ပျက်လာကြပါပြီ" "ဝင်းဂါး ၁၂နှစ် ကြိုးပမ်းမှုဟာ ရာနီရေရီရဲ့ ကိုးလကြိုးပမ်းမှုလောက်တောင်မစွမ်းခဲ့ဘူး" စတဲ့ စကားလုံးတွေကို ပွဲကစားချိန်အတွင်း အော်ဟစ်ခဲ့ကြသလို မတ်တပ်ရပ်ကာ ဆန့်ကျင်ဘက်အမူအရာမျိုးလည်း ပြခဲ့ကြပါတယ်။

ဒါပေမယ့် ဝင်းဂါးရဲ့ အားကစားလောကကို စီးပွားရေးဈေးကွက်ဆန်ဆန် ချဉ်းကပ်တတ်တဲ့ မူဝါဒကြောင့် အသင်းပိုင်ရှင်တွေက ထုတ်ပယ်ဖို့ အစီအစဉ်မရှိဘဲ ပရိသတ်တွေရဲ့ တောင်းဆိုမှုဟာ "နံရံကို ခေါင်းနဲ့ ပြေးတိုက်"တဲ့ အပြုအမူလိုပဲ အလဟဿ သဲထဲရေသွန်ဖြစ်မယ့် ကိစ္စရပ်လို့ အားကစားကျွမ်းကျင်သူတွေက ထောက်ပြပါတယ်။ မှန်ပါတယ်။ အာဆင်နယ်ဟာ ကြေးကြီးကစားသမားတွေကို ငွေအမြောက်အများပေးပြီး မခေါ်ယူတတ်ဘဲ ပေးရတဲ့ ငွေကြေးနဲ့ ခြေစွမ်းထိုက်တန်တဲ့ကစားသမားတွေကိုသာ ခေါ်ယူလေ့ရှိတာကိုတွေ့ရပါတယ်။ အာဆင်နယ်ရဲ့ ပေါင်သန်း ၄၀ အထက် ပေးချေရတဲ့ ကစားသမားဆိုလို့ ကွင်းလယ်ဖန်တီးရှင် မီဆပ်အိုဇေးလ် တစ်ဦးတည်းသာ ရှိပြီး ကျန်ကစားသမားတွေဟာ ပေါင်သန်း ၄၀ အောက်သာ ပေးချေခဲ့ရတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလကမှ အာဆင်နယ်ကို ရောက်ရှိလာတဲ့ ကွင်းလယ်ကစားသမား အယ်လ်နယ်နီဆိုရင် သူ့ရဲ့ဘောလုံးဖြန့်ဝေမှု၊ ဖြတ်တောက်မှုတွေဟာ တစ်ပွဲပျမ်းမျှ ၉၄ ဒသမ ၂ ရာခိုင်နှုန်းလောက်အထိ မှန်ကန်မှုရှိလို့ ပေးရတဲ့ ပြောင်းရွှေ့ကြေး ၂၄ သန်းဟာ မျှော်မှန်းထားတာထက် ပိုပြီးထိုက်တန်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဝင်းဂါး ဒီရာသီမှာ ဝယ်ယူခဲ့တဲ့ ဂိုးသမား ပီတာဆက်ချ်၊ အယ်လ်နယ်နီတို့ နှစ်ဦးစလုံးဟာ အသင်းအတွက် တကယ်ကိုအထောက်အကူပြုခဲ့ပြီး စီးပွားရေးအရ တွက်ခြေကိုက်တာကြောင့် မန်ယူအသင်းလို ဈေးကြီးပေးထားပေမယ့် ခြေစွမ်းမပြနိုင်တဲ့ ကစားသမားတွေ အများကြီးခေါ်ယူထားတဲ့ အပြောင်းအရွှေ့ထက်ဆို အများကြီး တွက်ခြေကိုက်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။

အာဆင်နယ်ဟာ အရင်က ဟိုက်ဘူရီကနေ အမ်းမရိတ်စ်ကွင်းသစ်ကြီးကို ပြောင်းရွှေ့ခဲ့ရတဲ့ ကုန်ကျစရိတ်တွေကြောင့် အလားအလာရှိတဲ့ လူငယ်ကစားသမားတွေရော အသင်းရဲ့ အဓိကကစားသမားတွေကိုပါ ဆက်ထိန်းနိုင်ခြင်း မရှိခဲ့ပေမယ့် အခုလို အသင်းရဲ့ ဘဏ်စာရင်းထဲ ပေါင်သန်းပေါင်းများစွာ အမြတ်အစွန်းရနေတာတောင် ကမ္ဘာ့ထိပ်တန်းကစားသမား တစ်ဦးတစ်ယောက်ကိုမျှ ခေါ်ယူနိုင်ခြင်းမရှိခဲ့တာကြောင့် အကျိုးအမြတ်မျှော်ကိုးလွန်းတဲ့ အပြောင်းအရွှေ့ မူဝါဒအပေါ် ပရိသတ်တွေက စိတ်ပျက်နေတာဖြစ်ပါတယ်။

ဒါပေမယ့် တစ်ဘက်က ပြန်ကြည့်ရင် အာဆင်နယ်အသင်းဟာ နောက်ဆုံး ၁၀ စုနှစ်အတွင်း နှစ်စဉ်နှစ်တိုင်း ချန်ပီယံလိဂ်ဝင်ခွင့်ရနေတာ၊ အခြား ပရီမီယာလိဂ်အသင်းတွေထက်ဆို ပိုမိုတည်ငြိမ်တဲ့ အခြေအနေကို ဖန်တီးနိုင်တာတွေကြောင့် အသင်းပိုင်ရှင်တွေကတော့ ဝင်းဂါးကိုသာ ဆက်လက်ထိန်းထားနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။

ဝင်းဂါးနဲ့ အာဆင်နယ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့ပြီး ဘုတ်အဖွဲ့ဝင်တွေကလည်း ပရိသတ်နဲ့ ဆန့်ကျင်ဘက်အခြေအနေကို မဖန်တီးလိုတာမို့ ဝင်းဂါးကို စာချုပ်သက်တမ်း ထပ်မတိုးဘဲ အလားအလာကို စောင့်ကြည့်နေကြပါတယ်။ ဝင်းဂါးကတော့ အာဆင်နယ်ကို သူဆက်လက်ကိုင်တွယ်မယ် မကိုင်တွယ်ဘူးဆိုတာ ယတိပြတ်မပြောဘဲ အာဆင်နယ်ဟာ တစ်နေ့တခြား တိုးတက်နေတယ်လို့သာ မှတ်ချက်ပြုခဲ့ပါတယ်။ အာဆင်နယ်ရဲ့ နာမည်ကျော်ကစားသမားတွေကတော့ ဝင်းဂါးသာ ဆက်ရှိနေရင် အသင်းနဲ့ ရေရှည်လက်တွဲဖို့ ပြန်လည် သုံးသပ်ကြမှာဖြစ်ပြီး ဒီထဲမှာ အိုဇေးလ်က ထိပ်ဆုံးက ပါဝင်နေတယ်လို့ အင်္ဂလန်မီဒီယာတွေက ရေးသားဖော်ပြကြပါတယ်။

ဝင်းဂါးက ဆန်းချက်ဇ်၊ အိုဇေးလ်တို့ အသင်းနဲ့ ဆက်လက်ပူးပေါင်းဖို့ ယုံကြည်မှုအပြည့်အဝရှိပါတယ်လို့ ပြောခဲ့ပေမယ့် နော့ဝှစ်ချ်နဲ့ပွဲမှာ အိုဇေးလ်ရဲ့ အပြုအမူဟာ ပရိသတ်တွေရဲ့ ဆန့်ကျင်မှုကို ပိုမိုအရှိန်မြှင့်လုပ်ဆောင်ဖို့ တွန်းအားပေးခဲ့သလို ဖြစ်နေခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်ရဲ့ပြဿနာဟာ အတွင်းကျကျ လှိုက်စားနေပြီး အပြောင်းအလဲ ပြုလုပ်ခြင်းကသာလျှင် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တယ်လို့ ရှုမြင်သူတွေလည်းရှိပါတယ်။ အကောင်းဆုံးနည်းလမ်းတစ်ရပ်ကတော့ ဘုတ်အဖွဲ့ဝင်တွေအနေနဲ့ ဝင်းဂါးကိုသာ ဆက်လက်ပွဲကိုင်ခွင့်ပေးချင်ရင် အပြောင်းအရွှေ့စရိတ်ကို ဝင်းဂါး သုံးချင်သည်ဖြစ်စေ၊ မသုံးချင်သည်ဖြစ်စေ နည်းစနစ်ပိုင်းအံဝင်တဲ့ ကစားသမားခေါ်ယူမှုအတွက် တစ်ရာသီကို ဘယ်၍ဘယ်မျှ သုံးစွဲရမလဲဆိုတဲ့ မူဝါဒကို အခိုင်အမာ ချမှတ်ပေးသင့်ပါတယ်။

ဒါပေမယ့် ကစားသမားဟောင်းတွေ၊ အားကစားသုံးသပ်သူတွေကတော့ မန်စီးတီးကို ဂွါဒီယိုလာ၊ ချယ်လ်ဆီးကို ကွန်တီတို့ ရောက်လာကြတော့မှာဖြစ်တာကြောင့် အာဆင်နယ်အနေနဲ့လည်း နည်းပြအပြောင်းအလဲလုပ်ပြီး ပရီမီယာလိဂ် အောင်မြင်မှုကို ပြန်လည်ရှာဖွေဖို့ အကောင်းဆုံးအချိန်ပဲလို့ သုံးသပ်ကြပါတယ်။ ဝင်းဂါးနေရာမှာ အက်သလက်တီကိုနည်းပြ ဆီမြွန်နီ၊ ပီအက်စ်ဂျီနည်းပြ လောရင့်ဘလန့်တို့ဟာ အသင့်လျော်ဆုံးဖြစ်ပြီး ဒီနှစ်နွေရာသီမှာပဲ နည်းပြ အပြောင်းအလဲ လုပ်သင့်တယ်လို့ ထောက်ခံသူတွေလည်း ရှိပါတယ်။

ဒါ့ကြောင့် အာဆင်နယ်အနေနဲ့လည်း အခြားအသင်းတွေလို နည်းပြ အပြောင်းအလဲ ပြုလုပ်မလား ဒါမှမဟုတ် နည်းပြဝင်းဂါးနဲ့ပဲ ရှေ့ခရီးဆက်မလား ဆိုတာ ဒီနှစ်နွေရာသီ ဘောလုံးရာသီရပ်နားချိန်ရောက်ရင် တိတိကျကျ သိရတော့မှာ ဖြစ်ပါတယ်။

## အီတလီကြယ်ပွင့် ဗာရက်တီ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် လွဲချော်မည်

အီတလီကွင်းလယ်ကစားသမား ဗာရက်တီသည် ပေါင်ဒဏ်ရာခွဲစိတ်ကုသရမည်ဖြစ်သောကြောင့် ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဗာရက်တီက အခိုင်အမာပြောကြားခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဗာရက်တီသည် ဒဏ်ရာပြဿနာကြောင့် နှစ်လကြာ အနားယူခဲ့ရသူဖြစ်သည်။ ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းကလည်း ကွင်းလယ်ကစားသမား ဗာရက်တီမှာ ဒဏ်ရာရရှိနေခြင်းကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲကျင်းပမည့် ကာလအတွင်း ပြန်လည်ကစားနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီကွင်းလယ်ကစားသမား ဗာရက်တီသည် ၎င်း၏ ပေါင်ဒဏ်ရာအား ခွဲစိတ်ကုသမှုများပြုလုပ်ရန် အသင်းနှင့် သဘောတူညီထားခဲ့ပြီး အဆိုပါဒဏ်ရာပြဿနာကြောင့် သီတင်းပတ်ပေါင်းများစွာအနားယူရမည်ဖြစ်ကြောင်းလည်းသိရသည်။

ကွင်းလယ်ကစားသမား ဗာရက်တီ၏ ပေါင်ဒဏ်ရာခွဲစိတ်ကုသမှုကို မေ ၁၆ ရက်တွင် ဒိုဟာ၌ ပြုလုပ်မည်ဖြစ်ကြောင်းလည်း ပီအက်စ်ဂျီအသင်းက ပြောကြားခဲ့သည်။ ဗာရက်တီသည် ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၀ ခုနှစ် အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားသူဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာပြဿနာကြောင့် သီတင်းပတ် ရှစ်ပတ်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဗာရက်တီသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း၏ ပြင်သစ်ပထမတန်းနောက်ဆုံးပွဲစဉ်တွင် ပါဝင်လာနိုင်မည်မဟုတ်သည့်အပြင် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း လွဲချော်လိမ့်မည်ဖြစ်သည်။ အီတလီအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**



## ဟာဇက်နေရာ အစားထိုးရန် ချိန်ဘာလိန်ကို ချယ်လ်ဆီးပစ်မှတ်ထား

ချယ်လ်ဆီးအသင်းသည် လာမည့်နွေဈေးကွက်၌ ကလပ်အသင်းမှ ထွက်ခွာနိုင်သည့် ကွင်းလယ်ကြယ်ပွင့် ဟာဇက်နေရာတွင် အာဆင်နယ် ကွင်းလယ်လူ ချိန်ဘာလိန်အား အစားထိုးရန် ကြိုးပမ်းနေသည်ဟု The Sun သတင်းစာက ဖော်ပြသည်။ ဟာဇက်အား ရီးယဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီ အသင်းတို့က ခေါ်ယူရန် ချိတ်ဆက်နေပြီး လာမည့်နွေတွင် အသင်းပြောင်းမည်မှာ သေချာသလောက်ရှိနေပြီဖြစ်သည်။ သို့သော် ချယ်လ်ဆီးယာယီနည်းပြ ဂူဟာစ်ဒင့်ကမူ ဟာဇက်နှင့် ကော်စတာတို့ လာမည့်ရာသီတွင် ချယ်လ်ဆီး၌သာ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း မကြာသေးမီကပင် ပြောကြားခဲ့သေးသည်။

ဟာဇက်မှာ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများ ပြုလုပ်နေသော်လည်း ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမည့် ကွန်တီမှာ ၄-၂-၄ကစားကွက်ကို အဓိက အသုံးပြုသွားရန် ရည်ရွယ်ထားရာ ဟာဇက်မှာ အသင်း၏ အဓိက ကွင်းလယ်အသက်သွေးကြော ဖြစ်လာနိုင်ကြောင်း အင်္ဂလန်သတင်းရင်းမြစ်များက ဖော်ပြသည်။

ချိန်ဘာလိန်မှာလည်း ဒဏ်ရာပြဿနာများကြောင့် အာဆင်နယ်၏ ပထမပွဲထွက် လူစာရင်းတွင် ပါဝင်နိုင်အောင်ကြိုးပမ်းနေရသူဖြစ်ရာ ချယ်လ်ဆီးမှ ကမ်းလှမ်းလာခဲ့လျှင်လည်း အသင်းပြောင်းနိုင်သည်ဟူသော ယူဆချက်များလည်း ထွက်ပေါ်နေခြင်းသည်။ ချယ်လ်ဆီးဘက်မှလည်း လိုချင်သည့် ကစားသမားကို ရအောင်ခေါ်ယူပြလေ့ရှိသည့် ရီးယဲလ်မက်ဒရစ်၏ အပြောင်းအရွှေ့မူဝါဒကြောင့် အကယ်၍ ဟာဇက် ထွက်ခွာသွားလျှင် ချိန်ဘာလိန်အား အသင့်အစားထိုးနိုင်ရန် အာဆင်နယ်က ပေးချေသည့် လုပ်ခလစာထက် မြင့်မားသည့် နှုန်းထားတစ်ရပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**(မေလဲ့သင်း)**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ

ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ သောင်းအေး(ငြိမ်း)-သုမဂ္ဂသီရိဒေါ်သင်းမျိုးမျိုးအောင်တို့၏

တစ်ဦးတည်းသောသား

## မောင်ရဲမြန်မာအောင်

**Ph.D(OD Candidate)(AU, Thailand); MBA(YUE);Dip.BL(YU);**
**Dip. Banking(YUE);BE(IT)(Q)(YTU);Dip.ICT&EC;Dip.NEngg(YU)**
**Managing Director(August Myanmar Co.,Ltd.)**

နှင့်

ရန်ကုန်မြို့နေ

ဦးမောင်မောင်တင်[ဦးဆောင်ညွှန်ကြားရေးမှူး-(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း]-(ဒေါ်မာရီ)တို့၏

သမီးထွေး

## မမေသူတင်

**Ph.D(OD Candidate)(AU,Thailand); MBF(YUE); MBA(YUE);**
**B.A(Eco)(YUDE);B.Sc(CIS)(London Metropolitan University)**
**Admin, HR &Finance Director(Myanmar Padauk Co.,Ltd.)**

တို့၏ ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) ရန်ကုန် SEDONA HOTEL ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနွင်းဆီအားလည်းကောင်း၊ ၇-၅-၂၀၁၆ ရက် (စနေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဒုတိယသမ္မတ(၂)(ငြိမ်း) သရေစည်သူ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော သဘင်အနုပညာရှင် မန္တလေးသိန်းဇော်၊ မင်္ဂလာအခါတော် တေးသီချင်းသီဆိုပေးပါသော တေးသံရှင် သက်မှူးဟေသီ၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော သဘင်အနုပညာရှင် မန္တလေးသိန်းဇော်နှင့် အနုပညာရှင်များ၊ တေးဂီတအဖွဲ့များ၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မဂျူးစံသာနှင့် မအေးချမ်းမြင့်မြတ်၊ မသန္တာဖုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော ညီမငယ် မဖူးမြတ်ချယ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ညီမငယ် မအိမွန်မွန်၊ မင်္ဂလာသတို့သားအရံ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မောင်စိုးရန်အောင်နှင့် မောင်ဇေယျာဝင်း၊ မင်္ဂလာသတို့သမီးအရံ မပိုးဝေဖြောနှင့် မဇင်ဝေမော်၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မစုစုဝေ၊ ဆရာဌေး(တိုက်ပုံ)၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မြင့်သရဖူစိန်ရတနာဆိုင်၊ အောင်သမာဓိ စိန်ရွှေရတနာဆိုင်၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မေဦးမောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသောExposure နှင့်အဖွဲ့၊ LED စီစဉ်ပေးသော 17 Stars အဖွဲ့၊ ပန်းအလှဆင်ပေးပါသော Eternal အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက် နှိပ်ပေးပါသော Dagon ပုံနှိပ်လုပ်ငန်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲမြန်မာအောင်-မမေသူတင်**

## ရည်စူးကုသိုလ်အလှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး စံတော်မူ(၁)လပြည့် ရည်စူးကုသိုလ်ပြုပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမများအနေဖြင့် ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့**

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၁၃၇၈ ခု၊ ကဆုန်လဆန်း (၉)ရက်၊ တနင်္ဂနွေနေ့ (၁၅-၅-၂၀၁၆)
ကျင်းပမည့်အချိန် - နံနက် (၉) နာရီ
ကျင်းပမည့်နေရာ - ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အမှတ် (၈၀)က၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းနေ(အဖ)ဦးဘရန်ရှောင်၏သားဖြစ်သူ မောင်မင်းသူကျော်(ခ)မောင်ပြည့်လကျာ်မှူး[၁၂/ဒဂမ(နိုင်)၀၄၅၁၅၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မင်းသူကျော်(ခ)မောင်ပြည့်လကျာ်မှူး**

## ဖခင်အမည်မှန်

အရှေ့ပိုင်းတက္ကသိုလ်(ပထဝီ)ပထမနှစ်မှ မောင်တင်ဇော်လတ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး[၁၂/သကတ(နိုင်)၀၁၅၇၃၈]ဖြစ်ပါကြောင်း။

**ဦးတင်ဦး[၁၂/သကတ(နိုင်)၀၁၅၇၃၈]**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၈၀)က၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်ဝိပဿနာ တရားအားထုတ်လိုသူ ယောဂီသူတော်စင်အပေါင်းတို့သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရှိစဉ်သက်ဲသို့ တရားများကို လာရောက်ရှုမှတ် အားထုတ်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး နှိုးဆော်အပ်ပါသည်။

**ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစိုးမြင့် (ခရိုင်ဥပဒေအရာရှိ-ငြိမ်း)-ဒေါ်မြင့်မြင့်ဖြူ (သမ-ဦးစီး-ငြိမ်း)၊
ဦးတင်ယု(ဦးစီးအရာရှိ-မြို့ပြ၊ အဆောက်အအုံအထူးအဖွဲ့-၁)-ဒေါ်တင်တင်မာတို့၏တူသား၊
ဦးကျော်ဝင်း-ဒေါ်ငြိမ်ငြိမ်းအေးတို့၏သား

## မောင်နေအောင်ကျော်

**(B.Sc Geology)**
**SHWE YA MINN Constructor Group**

နှင့်

ရန်ကုန်မြို့နေ (ဦးသိန်းထွန်း)(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ပထဝီဝင်ဌာန၊ မအူပင်တက္ကသိုလ်)-
ဒေါ်တင်တင်သန့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏သမီး

## မယဉ်မင်းထွန်း


**(M.E-Civil)YIT**
**(Diploma in English)**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**ညွှန်ကြားရေးမှူးချုပ်(ရုံး)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

တို့၏ ၇-၅-၂၀၁၆ရက်(စနေနေ့)၊ Park Royal Hotel, Grand Ballroom၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့်ဇနီး ဒေါ်နီနီအောင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် မင်္ဂလာပွဲမတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သူလင်း၊ မင်္ဂလာအခါတော်ပေးနှင့် တေးသံသာဒေါ်နှင်းရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးလေး နန်းဝင့်ဝဒီဝါတ်၊ မင်္ဂလာပန်းကြဲပေးပါသော မသန့်သဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဆုလာဘ်၊ မင်္ဂလာသတို့သားအရံ မောင်သုတတင်၊ မင်္ဂလာသတို့သမီးအရံ မဖြူဇာဝင်း၊ မင်္ဂလာဝတ်စုံမိတ်ကပ် အလှပြုပြင်ပေးပါသော ဦးဇော်(ဇော်ဇော်-ထီလာ)နှင့် ကိုဇော်မင်းအဖွဲ့၊ ပန်းအလှပြင်လင်းလင်းနှင့်အဖွဲ့၊ Prewedding Photo, video နှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော Yes I Doအဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟများအားလုံးနှင့် Park Royal Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ ၄-၃-၂၀၁၆ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော စမ်းချောင်းမြို့နယ်တရားသူကြီး ဒေါ်ကေသီဝင်းအားလည်းကောင်း၊ ၄-၃-၂၀၁၆ရက် မဟာစည်သာသနာ့ရိပ်သာ (ဗဟန်း)၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ လှိုက်လှဲဝမ်းမြောက်စွာ အထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နေအောင်ကျော်-မယဉ်မင်းထွန်း**


## အောင်ထွန်းခေါင် တိုင်ကပ်နာရီအရောင်းဆိုင်

အမှတ် - ၁၆၉ (မြေညီထပ်)၊ ၂၈ လမ်း(အပေါ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၆၉၇၇၇၀၆၊ ၀၉ ၇၈၅၀၂၅၉၈၈



အရည်အသွေးကောင်းမွန်ပြီး ဒီဇိုင်းသေသပ်လှပ၍ ဈေးနှုန်းချိုသာသော တိုင်ကပ်နာရီအမျိုးမျိုးကို (၁)နှစ် အာမခံဖြင့် လက်လီလက္ကား ရောင်းချပေးနေပါသည်။

## ရောင်း/ငှားရန်ရှိပါသည်

main Road လမ်းကျယ်များပေါ်ရှိ Down town ဧရိယာနှင့် ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံဧရိယာများတွင်Hotel,Motel,KTV,စားသောက်ဆိုင်၊ Show Room,Company,BANK,School,Shop house ဆေးခန်း၊Minimart,workshop,ဖုန်းဆိုင်၊Service centerများ၊ စီးပွားရေးလုပ်ရန်နေရာကောင်း၊တိုက်ခန်း၊ လုံးချင်း၊ မြေညီ၊ မြေကွက်ကျယ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ဂိုဒေါင်၊စက်မှုဇုန်မြေကွက်ကျယ်ကြီးများ၊ နိုင်ငံခြားသားများနေထိုင်၊ရုံးခန်းဖွင့်လှစ်ရန်ခြံဝန်းကျယ်ကြီးများ၊သန်လျင်Starcity condo အခန်းများနှင့် မြို့နယ်ပေါင်းစုံတို့တွင် ရောင်း/ငှားရန် DATA အစုံရှိပါသည်။လုပ်ငန်းသုံး၊Trucks,Bus ၁၂ဘီးကားကြီးများ၊Crane စက်ယန္တရားမျိုးစုံ၊ Saloon ယာဉ်မျိုးစုံရောင်းရန်ရှိသည်။

DREAM WORLD GENERAL SERVICES
09-5092739, 09-73157863, 09-795423877


## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သက်ဇော်ထွန်း[၇/ရတရ(နိုင်)၁၀၅၁၀၀]ကိုင်ဆောင်သူ၏ Passport စာအုပ်သည် ၁၀-၄-၂၀၁၆ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။

**မောင်သက်ဇော်ထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-မြောက်၊ မြေကွက်အမှတ်-၃၂၀၊ မြေ ကွက်တည်နေရာအမှတ် ၃၂၀၊ မြို့မ ၁၁ လမ်း၊ ၄-ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကိုကိုကြီး [၁၂/သကတ(နိုင်)၀၀၅၃၇၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကိုကိုကြီး(ဖခင်)၊ ဒေါ်ခင်နု(မိခင်)၊ သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်ခင်နိုင်(အပျိုကြီး) ဘဝဖြင့်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးသန်းဇော်သည် ၁၉၈၈ခုနှစ် အရေးအခင်းကာလတွင် (လူပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်ကြသဖြင့် ကျန်သားသမီးများဖြစ်သော ၁။ ဒေါ်နိုင်နိုင်ဌေး [၁၂/သကတ(နိုင်)၀၀၆၈၁၃]၊ ၂။ ဦးကျော်ဆင့်[၁၂/သကတ(နိုင်)၀၀၆၇၈၉]တို့မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၅၃၂)၊ မြေကွက်တည်နေရာအမှတ်(၅၃၂)၊ ဖိုးဝဇီရာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်ဝင်းကြည်)[EC-၀၅၁၉၇၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားပြိုင် ဒေါ်ဝင်းကြည် (၂၉-၄-၂၀၁၀)ရက်တွင် ကွယ်လွန်ပြီး ၎င်း၏ခင်ပွန်း သားသမီးများဖြစ်သော ဦးခင်မောင်ဝမ်းပါ(၃)အပေါ် ဒေါ်စန်းစန်းဝင်းနှင့် ဦးအောင်စိန်ထွန်းတို့မှ တရားလိုပြုလုပ်လျက်စွဲဆိုခဲ့သော ဒဂုံမြောက်ပိုင်းမြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၁၆ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် ချမှတ်ခဲ့သော စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်-၁၉/၂၀၁၆တို့တင်ပြ၍ တရားရုံးများကိုယ်စား ဘီလစ် ဒေါ်နီလာခင်[၁၂/မဂဒ(နိုင်)၀၉၈၉၀၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောင်သူများအား ချေးငွေများပေးအပ်

**ထားဝယ် မေ ၇**
တိုင်းဒေသကြီး သမဝါယမအသင်းသား တောင်သူလယ်သမားများအား အသေးစား အရင်းအနှီးချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး သမဝါယမခန်းမ၌ ကျင်းပသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီး ဦးမြင့်စန်းက ထားဝယ်မြို့နယ် သမဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးလှိုင်ဝင်းအား ထားဝယ်ခရိုင် အခြေခံသမဝါယမ အသင်း ၂၈ ခုအတွက် ချေးငွေကျပ် ၂၉၁ ဒသမ ၆၂ သန်းအားလည်းကောင်း၊ မြိတ်မြို့နယ် သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးခင် မောင်ချစ်အား မြိတ်ခရိုင်မှ အခြေခံသမဝါယမ အသင်း ၇၈ သင်းအတွက် ချေးငွေကျပ် ၆၃၄ ဒသမ ၀၁၀ သန်းအားလည်းကောင်း၊ ကော့သောင်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအာကာဟိန်းအား ကော့သောင်းခရိုင်မှ အခြေခံသမဝါယမအသင်း ၁၅ ခု အတွက် ချေးငွေကျပ် ၁၅၇ ဒသမ ၄၂၀ သန်းအားလည်းကောင်း ပေးအပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံသမဝါယမအသင်းသား တောင်သူလယ်သမားများအား ပံ့ပိုးငွေချေးနိုင်မှုမှာ ခရိုင်သုံးခု၊ မြို့နယ်ပေါင်းသုံးခုမှ အခြေခံသမဝါယမ အသင်းပေါင်း ၁၂၁ ခု၊ အသင်းသား ၇၀၁၂ ဦးအတွက် ချေးငွေကျပ် ၁၀၈၃ ဒသမ ၀၅ သန်း ထုတ်ချေးပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှောင်တခင်စစ်ဆေး

**မိတ္ထီလာ မေ ၇**
မိတ္ထီလာတွင် ယာဉ်တိုက်မှုများ လျော့နည်းစေရေးရည်ရွယ်ချက်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်မှု ရှိ၊ မရှိ မော်တော်ယာဉ်မောင်းနှင်သူများအား တစ်ပတ်လျှင်ငါးရက်ခန့် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း အမှတ် (၉၆) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်စိုးထံက သိရသည်။

"မော်တော်ယာဉ်မောင်းနှင်သူတွေ အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်မှု ရှိမရှိ ရှောင်တခင် စစ်ဆေးမှုတွေကို တစ်ပတ်ကို ငါးရက်ခန့် ဆောင်ရွက်နေပါတယ်။ ဆိုင်ကယ်မောင်းနှင်သူဆိုလည်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်ဖို့၊ ဆိုင်ကယ်တစ်စီး နှစ်ဦးထက်ပိုမစီးဖို့၊ အဲဒီလို စည်းကမ်းလေးတွေလိုက်နာဖို့ စစ်ဆေးဆောင်ရွက်နေတာပါ"ဟု ယင်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်စိုးက ပြောသည်။

မိတ္ထီလာ ယာဉ်စည်ကမ်း၊ လမ်းစည်းကမ်းတွေလိုက်နာမောင်းနှင်ဖို့ ရှောင်တခင် စစ်ဆေးဆောင်ရွက်မှုတွေပြုလုပ်တာကို ကြိုဆိုပါတယ်။ ပြီးတော့ မိတ္ထီလာဈေးကြီးအနောက်ဘက်လို ယာဉ်ဖြတ်သန်းမောင်းနှင်မှု များပြားတဲ့နေရာမျိုးမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တချို့ကို တာဝန်ချထားပေးပြီး ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှုမရှိအောင် ဆောင်ရွက်ပေးတာကိုတွေ့ရလို့လည်း ဝမ်းသာပါတယ်။ ဒါပေမယ့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ရှောင်တခင် စစ်ဆေးအရေးယူတဲ့အခါ ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး၊ ဆိုင်ကယ်နောက်ကြည့်မှန်၊ နံပါတ်ပြားအပြည့်အစုံနဲ့ သတ်မှတ်စည်းကမ်းလိုက်နာပြီး မောင်းနှင်သူတွေကိုတားဆီးပြီးတော့ စစ်ဆေးတာမျိုးကို လုံခြုံရေးကိစ္စလို အထူးကိစ္စတွေကလွဲရင် မပြုလုပ်စေချင်ပါဘူး။ တချို့က အလုပ်သွားအလုပ်ပြန်နဲ့ အကြောင်းကိစ္စ အမျိုးမျိုးကြောင့် သွားလာနေချိန်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး မောင်းနှင်နေတုန်း အဲဒီလို စစ်ဆေးခံရရင် စိတ်ထဲ အနှောင့်အယှက်ဖြစ်တယ်။ ကျွန်တော်လည်း အဲဒါမျိုးကြုံတွေ့ စစ်ဆေးတာ မကြာခဏခံရတယ်။ ဖြစ်နိုင်ရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်တဲ့အခါ အဲဒီလိုမျိုးလေးကို ဖြေလျှော့ဆောင်ရွက်ပေးစေချင်တယ်" ဟု ချည်စက်ရပ်ကွက်တွင် နေထိုင်သူ ဝန်ထမ်းတစ်ဦးက ပြောသည်။ **ချမ်းသာ(မိတ္ထီလာ)**



## (၁၉) ကြိမ်မြောက် ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲ ကျင်းပ

**ပုလော မေ ၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၉) ကြိမ်မြောက် ပန်းချီ၊ ကွန်ပျူတာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငွေရတုခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့၊ စီးပွားကျန်းမာ လူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့၊ လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကို ရှောင်ပါ မနေးစသည့် ခေါင်းစဉ်များဖြင့် အထက်တန်းနှင့် အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီတွင် ၁၀ ဦးနှင့် ပန်းချီ ပြိုင်ပွဲတွင်သုံးဦး ပါဝင်ယှဉ်ပြိုင်ကြပြီး၊ ပြိုင်ပွဲကို ပုလောမြို့နယ် ဒုရဲမှူး ဦးစောနိုင်နှင့် ဆရာ၊ ဆရာမများကကြီးကြပ်ခဲ့သည်။

**မြို့နယ် ပြန်/ဆက်**

# မြန်မာနိုင်ငံသားရှစ်ဦး ထိုင်း–မလေးရှား နယ်စပ်ရှိ ရော်ဘာတောတွင် စွန့်ပစ်ခံရ

**ကော့သောင်း မေ ၇**
ထိုင်းနိုင်ငံတောင်ပိုင်း ထိုင်း-မလေးရှားနယ်စပ် ထိုင်းနိုင်ငံအပိုင် စုံခလာခရိုင် စဒေါင်မြို့နယ် ရော်ဘာတောအတွင်း မေ ၃ ရက်က မြန်မာနိုင်ငံသားရှစ်ဦးအား လူပွဲစားများကစွန့်ပစ်ခဲ့သည်။

ဖြစ်စဉ်အရ စဒေါင်မြို့နယ် ဒေသခံရော်ဘာခြစ်လုပ်သားတစ်ဦးဖြစ်သူ မစ္စတာပရိမ်စုဝန်ဆိုသူက အဆိုပါနေ့ နံနက်ပိုင်းက ရော်ဘာခြစ်ရန် ရော်ဘာတောသို့ သွားရောက်စဉ် တောတွင်း ချုံပုတ်ကြား လူအုပ်စုတစ်စုမှာ ကျောပိုးအိတ် အထုပ်အပိုးများနှင့်တကွ ပုန်းအောင်းနေသည်ကိုတွေ့ရှိရသဖြင့် ဒေသခံကျေးရွာအုပ်ချုပ်ရေး ရွာသူကြီးထံ ပြန်လည်အကြောင်းကြားပြီး ရွာသူကြီးနှင့် ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့ဝင်များဖြင့် သွားရောက်စစ်ဆေးရာ မြန်မာနိုင်ငံသားရှစ်ဦးမှာ ဆာလောင်မွတ်သိပ်ကာ အားအင်ကုန်ခမ်းနွမ်းနယ်လျက် အနေအထားဖြင့် စစ်ဆေးတွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးမေးမြန်းချက်များအရ မလေးရှားနိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန် လူပွဲစားအကူအညီဖြင့် ထိုင်း-မြန်မာ ဘုရားသုံးဆူနယ်စပ်ဂိတ်အားဖြတ်သန်းကာ ထိုင်းဘက်ခြမ်း ကန်ကျနဘူရီ ခရိုင်မှ တစ်ဆင့် စုံခလာခရိုင်သို့ ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ပွဲစားက ၎င်းနေရာတွင် လိမ်လည်စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာပွဲစားခတစ်ဦးလျှင် ဘတ်ငွေ ၁၂၀၀၀ စီပေးရပြီး မလေးပွဲစားအတွက်တစ်ဦးလျှင် ဘတ်ငွေ ၅၀၀၀ စီပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားရှစ်ဦးအား လူပွဲစားများ စွန့်ပစ်ခဲ့သည့်နေရာမှာ မလေးရှားနိုင်ငံနယ်စပ်နှင့် ကီလိုမီတာအနည်းငယ်ခန့် ကွာဝေးသည့်နေရာဖြစ်ကြောင်း၊ တရားမဝင် ထိုင်းနိုင်ငံအတွင်း ဝင်ရောက်မှုဖြင့် ထိုင်းနိုင်ငံဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း 'ထိုင်းရပ်' သတင်းဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများဖွင့်လှစ်ထား

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center- MRC) များကို ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ တရားဝင် ရွှေ့ပြောင်းသွားလာခြင်းအတွက် အဆင့်ဆင့်ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများ၊ ဖြစ်နိုင်ချေရှိသော ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သိထိုက်သော သတင်းအချက်အလက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးစသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center - MRC) ကို ရွှေ့ပြောင်းသွားလာမှုအများဆုံးနေရာဒေသများဖြစ်သည့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်တို့တွင် (International Labour Organization - ILO) နှင့် ပူးပေါင်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် (International Organization for Migration- IOM) နှင့်ပူးပေါင်း၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင်လည်းကောင်း၊ ယင်းရုံးများနှင့် ပူးပေါင်း၍လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

အဆိုပါ Center များတွင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသော အလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းစသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်လိုသောမြန်မာအလုပ်သမားများအနေဖြင့် သွားရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများ၏ဆက်သွယ်ရန် လိပ်စာများ**

၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်
အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၆၆၀၅၉၅

၂။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်
(၃၅)လမ်း၊ ရန်ကြီးအောင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၂-၂၁၁၅၀၊ ၀၉-၉၇၇၂၂၀၈၅၂

၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)မကွေးမြို့
အကွက်(၁၂)၊ အမှတ်(၉) စီတာပတ်ကွင်းလမ်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၃-၂၁၀၁၉

၄။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)ဘားအံမြို့
အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တဲကုန်း၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း ၀၅၈-၂၁၁၀၆

၅။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မော်လမြိုင်မြို့
အမှတ်(၁၇)၊ ကျိုက်သာလန်ဘုရားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ ဖုန်း ၀၅၇-၂၁၁၄၅

၆။ မော်ကွမ်းဒေသ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ခတ္တာလမ်း၊ မြို့သစ်ရပ်၊ ရပ်ကွက် (၃)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
ဖုန်း ၀၉-၄၉၀၃၃၄၂၃

၇။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မိတ္ထီလာမြို့
အောင်သုခလမ်း၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၆၄-၂၃၀၄၈၊ ၀၉-၉၇၇၂၂၀၈၅၃

၈။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြင်းခြံမြို့
အမှတ် (၁၉) ၊ တိုးချဲ့ကွက်သစ်(ခ)၊ (၁၇၆/၁၇၇)၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၆၆-၃၀၄၈၈၊ ၀၉-၉၇၇၂၂၀၈၅၄

၉။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ကျောက်ဆည်မြို့
အောက်ချိုင်းရပ်၊ ဆူးကုန်းအုပ်စု၊ ကျောက်ဆည်မြို့၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း- ၀၆၆-၅၀၃၄၀၊ ၀၉-၉၇၇၂၂၀၈၅၅

၁၀။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ထားဝယ်မြို့
ဆိပ်ကမ်းသာလမ်း၊ ဆန်ချီးမြို့သစ်၊ ထားဝယ်မြို့၊
တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၁၀၄၂၊ ၀၉-၉၇၇၂၂၀၈၅၁

၁၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့
အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
ဖုန်း- ၀၅၉-၅၀၂၂၃

**Complaints Mechanism Center**

ပြည်တွင်း/ပြည်ပတွင် လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် Complaints Mechanism Center ကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ၃-၇-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ပေးပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄နာရီ လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံတိုင်ကြားနိုင်ပါသည်-

**နေပြည်တော်၊ Complaints Mechanism Center**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
ရုံးအမှတ်(၅၁)
ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄

**ရန်ကုန်၊ Complaints Mechanism Center**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး)၊
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈/၁)၊
နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇



# ကော့သောင်းမြို့တွင် ဘက်စုံပညာထူးချွန်(လူရည်ချွန်)ကျောင်းသားများအားကြိုဆို

**ကော့သောင်း မေ ၇**

ကော့သောင်းမြို့နယ်ဂုဏ်ဆောင် ၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်(လူရည်ချွန်) ကျောင်းသားလူငယ်မောင်မယ်နှစ်ဦး နိုင်ငံတော်ကဂုဏ်ပြုစီစဉ်ပေးသည့် နွေရာသီအနားယူအပန်းဖြေစခန်းမှ မေ ၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ခရိုင်နှင့်မြို့နယ်မှတာဝန်ရှိသူများ၊ ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ မြို့နေပြည်သူများမှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ မြို့နယ်ဂုဏ်ဆောင် ၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်(လူရည်ချွန်) ကျောင်းသားလူငယ်မောင်မယ်နှစ်ဦးမှာ ကော့သောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းကျောင်းသူ မအိကေကေဇင်နှင့် ရွှေမင်းဝံ အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းကျောင်းသား မောင်ကျော်မင်းထက်တို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးကို နိုင်ငံတော်က ထူးချွန်လူငယ်မောင်မယ်များအား ဂုဏ်ပြုအစီအစဉ်အဖြစ် နွေရာသီ ပုဂံအပန်းဖြေစခန်းတွင် လေ့လာအပန်းဖြေခဲ့ကြပြီး ယနေ့မိမိတို့၏မြို့နယ်သို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ရက်၁၀၀ အတွင်းအပြီးဆောင်ရွက်မှုစတင်

**ကလေး မေ ၇**

ပြီးခဲ့သည့်နှစ်က ရေကြီးနစ်မြုပ်ခဲ့၍ ပျက်စီးယိုယွင်းမှုများရှိသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ်တို့တွင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံ လေးခုနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၄၀၀ ဗို့ဓာတ်အားလိုင်းစသည်တို့ကို မေလ ၁ ရက်မှစတင်၍ ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရက် ၁၀၀ ကာလအတွင်းမှာ တမူးမြို့နယ်အတွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်း သုံးမိုင် ၄၀၀ ဗို့လိုင်း တစ်မိုင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံ သုံးခုကိုတည်ဆောက်ပြီး ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးနိုင်အောင် ဆောင်ရွက်သွားမှာပါ။ ဒါ့အပြင် ကလေးမြို့နယ်အတွင်းမှာ ၁၁/၀ ဒသမ ၄ ကေဗွီ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ခု ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင်အရှည်ဆွဲပြီး ကျေးရွာနဲ့ ရပ်ကွက် ၁၂ ခုက အိမ်ထောင်စုပေါင်း ၁၃၈၂ အတွက် လျှပ်စစ်လိုင်းတွေ ဆွဲသွားဖို့ လုပ်ငန်းကို စတင်နေပါပြီ" ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

ကလေးမြို့နယ်အတွင်း ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင် အရှည်ဆွဲကာ ကျေးရွာနှင့် ရပ်ကွက် ၁၂ ခုသို့ လျှပ်စစ်လိုင်းဆွဲပေးမည့် အိမ်ထောင်စုများမှာ ကြို့သုံးပင်ရပ်ကွက်၊ ကျီကုန်း၊ အေးသာယာ၊ နတ်ကြီးကုန်း၊ နန်းစောင်းပု၊ မော်လိုက်ကလေးတောင်ရွာနှင့် မြောက်ရွာ၊ နတ်နန်း၊ ကျောက်ကာ၊ အ နောက်ခုံသာ၊ နန်းကျင်းဆောင်၊ သာစည်(ကြက်ဖနက်)တို့မှ ၁၃၈၂ အိမ်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များရှိ မြို့ရွာကျေးလက်ဒေသများသို့ လျှပ်စစ်မီးများပေးနိုင်ရန်အတွက် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ၊ စစ်ကိုင်းမြို့နယ် အုန်းတော ပင်မဓာတ်အားခွဲရုံ၊ မန္တလေးတိုင်းဒေသကြီးမှ လက်ပံလှ ပင်မဓာတ်အားခွဲရုံ၊ ရွှေဘိုမြို့နယ်မှ ငှက်ပျောတိုင်း ပင်မဓာတ်အားခွဲရုံနှင့် ကောလင်းမြို့နယ် ကျောက်ပုထိုး ပင်မဓာတ်အားခွဲရုံများမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးဝေနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်အဆင့်TB/HIV ကော်မတီဝင်များဖွဲ့စည်း

**နေပြည်တော် မေ ၇**

ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်အဆင့် TB/HIV ကော်မတီဝင်များ ဖွဲ့စည်းခြင်း အစည်းအဝေးကို မေ ၆ ရက် နံနက် ၉ နာရီက နေပြည်တော်ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၅၀ ဆံ့ ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ကော်မတီဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မိုးမိုးဝင်းက TB/HIV ကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသီတာဝင်းက TB/HIV ရောဂါနှင့်ပက်သက်၍ ကြိုတင်ကာကွယ်ခြင်းနှင့် ကုသမှုခံယူခြင်းအား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သူနာပြု ဒေါ်နန်းသူဇာမြိုင်မှ TB ရောဂါလူနာတိုင်း HIV စစ်ဆေးခြင်း၊ HIV လူနာများအား ART ဆေးရအောင်ဆောင်ရွက်ပေးခြင်း၊ HIV လူနာအားလုံး TB ရောဂါစစ်ဆေးခြင်းနှင့် TB ရောဂါမရှိဘူးသေချာရင် IPT ဆေးခြောက်လပေးခြင်းစသည့် ဆောင်ရွက်မည့် အချက်များအားတင်ပြခဲ့သည်။

ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် TB/HIV ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး TB ရောဂါသစ်ရှာဖွေနှုန်းနှင့် TB/HIV လူနာများ TB ဆေးကုသမှုနှင့် ART ဆေးကုသခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် စာအောင် သံဃာတော်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

**လွိုင်ကော် မေ ၇**

၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲအောင် သံဃာတော်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို မေ ၆ ရက် နံနက် ၉ နာရီက သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရ သည်။

ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက သာသနာရေးဆိုင်ရာ လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၏ ထေရုပ္ပတ္တိများကို ဖတ်ကြားလျှောက်ထား၍ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ဝတ္ထုများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်တို့က ဘွဲ့တံဆိပ်တော်များကို ဘွဲ့ခံဆရာတော်သုံးပါးအား ဆက်ကပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာအောင်သံဃာ (၅၅)ပါးနှင့်ပင့်သံဃာ(၂၇)ပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခဲ့ကြသည်။ အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ လွှတ်တော်ဒုဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် လူမှုရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၅ ရက် နံနက် ၉ နာရီကစစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်၊ ပြည်နယ်လ/ထ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေနှင့် ခရိုင်ငါးခရိုင်မှ ခရိုင်မှူးများ၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ခရိုင်၊ မြို့နယ်ဦးစီးမှူးများက တစ်ဦးချင်းစီ မိတ်ဆက်ကြပြီး ပြည်နယ်ဦးစီးမှူးက မိမိဌာန၏လုပ်ငန်းများ တိုးတက်ရေး၊ ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲရေး အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းတွင် မိမိဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လ/ထ ညွှန်ကြားရေးမှူးက အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရိုင်မြို့နယ်ဦးစီးမှူးများက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ခန့်အပ်မှု၊ လစ်လပ်မှုများအားလည်းကောင်း ရုံးမြေနှင့် အဆောက်အအုံပိုင်ဆိုင်မှုအခြေအနေအားလည်းကောင်း၊ လုပ်ငန်း ၁၅ မျိုးအားလည်းကောင်း၊ စာကြည့်တိုက်အသင်းဝင် စာဖတ်စာငှားအခြေအနေ၊ သတင်းစာဖြန့်ဝေမှုအခြေအနေ၊ ဒို့ကျေးရွာဂျာနယ်ဖြန့်ဝေမှု အခြေအနေများနှင့် မိမိဌာနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုတင်ပြကြရာ ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်လ/ထ ညွှန်ကြားရေးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား မေ ၅ ရက်မှ မေ ၆ ရက်ထိပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများအား သောက်သုံးရေလှူဒါန်း

**ထားဝယ် မေ ၇**

ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေ ၅ ရက်နှင့် ၆ ရက် တို့တွင် လတ်တလော သောက်သုံးရေလိုအပ်မှုဖြစ်ပေါ်နေသော ကျေးရွာများဖြစ်သည့် ဝေဒီကျေးရွာ၊ ကညံ့ကျွန်ကျေးရွာ၊ မကျွန်းမော်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် ကဒက်ငယ်ကျေးရွာတို့သို့ လောင်းလုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ရေပေးဝေလှူဒါန်းခဲ့သည်။

လောင်းလုံးမြို့ နယ်မှ ခုနစ်မိုင်ကွာဝေးသော ဝေဒီကျေးရွာရှိ အိမ်ထောင်စု ၅၅၂၊ လူဦးရေ ၂၃၂၈ တို့အတွက် ရေဂါလန် ၁၁၀၀ အား ရေသယ်ယာဉ်ဖြင့်လည်းကောင်း၊ လောင်းလုံးမြို့နယ်မှ (၁၂)မိုင် ကွာဝေးသော ကညံ့ကျွန်းကျေးရွာသို့ အိမ်ထောင်စု ၃၀၅၊ လူဦးရေ ၁၅၈၄ အတွက် ရေဂါလန် ၁၂၀၀ အား မြို့နယ်မီးသတ်ယာဉ်ဖြင့်လည်းကောင်း၊ လောင်းလုံးမြို့နယ်မှ ခုနစ်မိုင်ကွာဝေးသော မကျွန်းမော်ကျေးရွာ သို့ အိမ်ထောင်စု ၁၃၅၊ လူဦးရေ ၅၅၇ ဦးအား ရေဂါလန် ၁၆၀၀ အား မီးသတ်ယာဉ်ဖြင့်လည်းကောင်း၊ လောင်းလုံးမြို့နယ်မှ ခုနစ်မိုင်ကွာဝေးသော ကုန်းဇရပ်ကျေးရွာသို့ အိမ်ထောင်စု ၁၀၂၊ လူဦးရေ ၄၂၀ အတွက် ရေဂါလန် ၁၁၀၀ အား မီးသတ်ယာဉ်ဖြင့်လည်းကောင်း ကျေးရွာအရောက် သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့သည်။



ထိုသို့ ရေအခက်အခဲဖြစ်နေသော လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ၊ ကညံ့ကျွန်ကျေးရွာ၊ မကျွန်းမော်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာ နှင့် ကဒက်ငယ်ကျေးရွာတို့ရှိ စုစုပေါင်းအိမ်ခြေ ၁၂၃၂၊ လူဦးရေ ၅၂၉၂ ဦးတို့အား ရေဂါလန် စုစုပေါင်း ၆၁၀၀ ရေပေးဝေလှူဒါန်းမှုများကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်နေမှုများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည်။

**ခရိုင်ပြန်/ဆက်**

# နိယံမပြတ် သိရန်မှတ်ဖို့ သံတမန်အတတ် ကျင့်အပ်ပေ

ကိုရင်ညြ

လူ့အဖွဲ့အစည်းအတွင်း နေ့စဉ်ဖြစ်သမျှ ပျက်သမျှ ထူးခြားသော အကြောင်းကိစ္စ အဝဝကို လေ့လာတင်ပြနေကြသူများမှာ သတင်းသမားများ ဖြစ်ကြလေသည်။

ပတ်ဝန်းကျင် အသိုက်အဝန်းအတွင်း ကျင်လည်နေကြရသော လူတို့မှာ လူနှင့် လူ့ပတ်ဝန်းကျင်အကြောင်း သိရှိလိုကြခြင်းမှာ လူ့သဘော လူ့မနောပင်ဖြစ်သည်။ လူသည် ပင်ကိုဗီဇစိတ်အရပင်လျှင် သိချင်ဇောပြင်းပြတတ်ကြသည်။ အရာရာကို ဥပေက္ခာရှုတတ်သော အရိယာသူတော်စင်တို့မှအပ လူသားတို့မှာ လူနှင့် လူ့ပတ်ဝန်းကျင်တို့၏ ထူးခြားအဖြစ်သနစ်များကို အာရုံဝင်စားတတ်ကြသည်။ အာရုံဝင်စားမှုအရ တုံ့ပြန်မှုလည်း ပြုတတ်ကြသည်။

သို့ဖြစ်ရကား လူနှင့် လူ့ပတ်ဝန်းကျင်အပေါ် သိရှိလိုသော လူတို့၏ စိတ်အရင်းခံအရ 'သတင်းပညာ' (ဂျာနယ်လစ်ဇင်) ဟူ၍ ပေါ်ထွန်းလာရပေသည်။

**ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့**

မေလ ၃ ရက်နေ့သည်ကား "ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့" အဖြစ် ထိန်မြူးသတည်း။ လွတ်လပ်ခွင့်ကို အစဉ်လိုလားကြသော ကမ္ဘာ့ပြည်သူတို့အတွက် ဤနေ့ကို နေ့ရက်မဟာအဖြစ် မှတ်ယူကြ၏။ ပြည်သူတို့အတွက် သတင်းများကို အစဉ်တင်ဆက်နေကြရသော သတင်းသမားတို့မှာလည်း အပြေးအလွှား လုပ်ကိုင်ကြရသည့် လုပ်ငန်းသဘာဝအရ ဖြစ်ပေါ်တတ်သော 'အလုပ်ဇော' ရှိနေသည့်ကြားမှ သတင်းလွတ်လပ်ခွင့်၏ ရသကို ယုတ်စွအဆုံး ခရီးသွားဟန်လွှဲ ရရှိခံစားနိုင်ရန် ကြိုးပမ်းကြလေကုန်၏။

အာဏာရှင် နိုင်ငံများ၌မူ အာဏာရှင်တို့က သတင်းလွတ်လပ်ခွင့်အတွက် သတင်းသမားတို့က အရေးဆိုလာပြီဆိုလျှင် ထမင်းရည်ပူလာ လျှာလွှဲလုပ်တတ်ကြသည်။ သတင်းသမားများကို အဆိပ်အတောက်ပြင်းထန်သော မြွေပွေးလိုမြင်တတ်ကြသည်။

**သတင်းသမားများကို ဆန်းစစ်ခြင်း**

သတင်းသများကို ယထာဘူတကျကျ ဆန်းစစ်ကြည့်လျှင်မူ သူတို့၏ ထူးခြားသွင်ပြင်လက္ခဏာများကို အထင်းသားတွေ့မြင်နိုင်ကြလိမ့်မည်။

ဥပဒေအရ ရပိုင်ခွင့်များနှင့်အညီ အလုပ်လုပ်ကြရပြီး လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များနှင့်အညီ လှုပ်ရှားဆောင်ရွက်ကြရသူများမှာ သတင်းသမားများဖြစ်ကြသည်။

သတင်းသမား(ဝါ) မီဒီယာသမားများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့် ရှိလေသည်။

တစ်နည်းဆိုရသော် နိုင်ငံတော်၏ အင်စတီကျူးရှင်းကြီးများဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကို သတင်း(မီဒီယာ) အဖွဲ့အစည်းများကို ရည်ညွှန်းသော စတုတ္ထမဏ္ဍိုင်က စောင့်ကြည့်ကာ အပြုသဘောထိန်းကျောင်းပေးခြင်းတည်း။

ဤနေရာတွင် လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုခြင်းဟူသော အခွင့်အရေးကို ကျွန်ုပ်စေ့ငုလို၏။

ဝေဖန်၊ ထောက်ပြ၊ အကြံပြုခွင့်ရှိသော သတင်းသမားတို့မှာ ဆင်ခြင်တုံတရား နှင့် သတိတို့ဖြင့် ယုတ္တိယုတ္တာရှိရှိ တင်ပြနိုင်စွမ်းရှိရန်အထူးအရေးကြီးပေသည်။ "ချစ်သူကို သာစေ၊ မုန်းသူကို နာစေ' ဟူသော စံနှစ်ခွကို မကျင့်သုံးအပ်။ အရာဌာနအားလျော်စွာ သဘာဝတ္တကို ထောက်ဆအပ်၏။

ထင်ရှားရှိသော သဘောမှာ သဘာဝတ္တဖြစ်ပြီး မလိမ်မိုးမလိမ့်မှာ အတွေးအမြင်ဖြင့် ဝေဖန်ပိုင်းခြားငှာ မအပ်ချေ။ လေ့တို့မည်သည် ကမ်းခြေကို လျစ်လျူရှုလျက် လှော်ခတ်သွားလာရိုး ထုံးစံမရှိဘိသကဲ့သို့ သတင်းသမားတို့သည်လည်း ဝေဖန်၊ ထောက်ပြ၊ အကြံပြုခြင်းဆိုင်ရာ စံနှုန်းများကို မမေ့အပ်ဟု ကျွန်ုပ်သတိပေးလို၏။

သတင်းသမားသည် ဝေဖန်သမှု ပြုခြင်းနှင့် အထအနကောက်ခြင်းကို အထင်အရှားကွဲကွဲပြားပြား ပိုင်းခြားသိအပ်သည်။ ငါးကို ဖျိုင်းစောင့်သလို အမှားစောင့်တတ်ပြီး အထအနကို ဆီလိုအပေါက်ရှာကာကောက်မိခြင်း မပြုမိကြဖို့ သတင်းသမားတို့ အစဉ်နှလုံးသွင်းအပ်ရာ၏။

သတင်းသမား၏ မသိစိတ်အတွင်း စပါးမွေးစူးနေသော ဓာတ်ခံ အစွဲများက သတင်းပုံရိပ်အပေါ် အရောင်မဆိုးအပ်ပါချေ။ ဧကန်မူကား ဝေဖန်ရေးဟူသည် 'အပြစ်ရှာခြင်း' မဟုတ်ပေ။ တစ်နည်းအားဖြင့် အမှန်ကို မစူးစမ်းဘဲ အဂတိတရားဖြင့် မလိုမုန်းထားခြင်းမဟုတ်ပေ။ မျက်စိမှိတ် ဘက်လိုက်ခြင်းလည်း မဟုတ်ပေ။

သတင်းသမားတို့ ဝေဖန်ရေးသားရာ၌ အခြေအမြစ်မရှိသော အစွဲအလမ်းအပေါ် အခြေခံခြင်း မရှိသင့်သကဲ့သို့ အကြောင်းအကျိုးမဲ့စွာဖြင့် မလိုမုန်းထားဘက်လိုက်ခြင်းမပြုအပ်ချေ။

စာပေဝေဖန်ရေးသည် အနုပညာတစ်ရပ်ဖြစ်သကဲ့သို့ သတင်းဝေဖန်ရေးသည်လည်း အနုပညာတစ်ရပ်ဟု ဆိုအပ်၏။ ပြဿနာတစ်ရပ်နှင့် ပတ်သက်၍ မတူကွဲပြားသော ရှုထောင့်များအရ စူးစမ်းလေ့လာခြင်းသည် ဝေဖန်ရေးအနုပညာဖြစ်သည်ဟု မှတ်ယူကြရပေမည်။

အမေရိကန်ပြည်ထောင်စုမှ ချီးမြှင့်သော သတင်း၊ စာပေ၊ ဂီတဆိုင်ရာ ထိပ်တန်းဆုဖြစ်သည့် ပူလစ်ဇာဆုတွင် ဝေဖန်ရေးသားခြင်းအမျိုးအစားလည်း ပါဝင်သည်။

**သတင်းလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီ**

သတင်းလွတ်လပ်ခွင့်ဟူသည်ကား ဒီမိုကရေစီလူ့ဘောင် ထူထောင်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ပေတည်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစု၌ သတင်းလွတ်လပ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုပေးထားသော်လည်း အာဏာပိုင်များက ပြည်သူတို့၏ အကျိုးစီးပွားကို မျက်မှောက်ပြုခြင်းမရှိဘဲ ၎င်းတို့၏ အကျိုးစီးပွားများကိုသာ ကာကွယ်စောင့်ရှောက်နိုင်ရန် ဆင်ဆာပြုလုပ်လေ့ရှိသည်။

ဒီမိုကရေစီ လူ့ဘောင်တွင်မူ သတင်းလွတ်လပ်ခွင့် ရရှိကြသည်။ နိုင်ငံရေးဆိုင်ရာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအတွက် အထိရောက်ဆုံး လက်နက်မှာ သတင်းလွတ်လပ်ခွင့်ဟု ဆိုကြသည်။

ဒီမိုကရေစီကျင့်စဉ်အရ ပွင့်လင်းသော လူ့ဘောင်ကို ထူထောင်ကြရပေသည်။ အစိုးရအဖွဲ့ကိုယ်တိုင် အဝေဖန်ခံနိုင်ရပြီး ပြည်သူတို့ သတင်းအချက်အလက်များ သိရှိပိုင်ခွင့်အရ ပွင့်ပွင့်လင်းလင်း အချေအတင် ဆွေးနွေးငြင်းခုံမှုများကို ခွင့်ပြုပေးရပေမည်။ ပြည်သူတို့ သတင်းအချက်အလက်များ ပိုမိုရရှိလေလေ သူတို့၏ ဘဝရေးရာ အဆုံးအဖြတ်များကို တော်တည့်မှန်ကန်စွာ ပိုမိုချမှတ်နိုင်လေလေဖြစ်ပေလိမ့်မည်။

ဒီမိုကရေစီ ရင့်သန်ပြီးဖြစ်သော နိုင်ငံများ၌ သတင်းအချက်အလက် လွတ်လပ်ခွင့် ဥပဒေ (Freedom of Information Act) ပြဋ္ဌာန်းထားသည်ကို တွေ့နိုင်သည်။ အစိုးရအဖွဲ့နှင့် သက်ဆိုင်နေသော သတင်းအချက်အလက်များကို အများပြည်သူ သိရှိနိုင်ရန် ခွင့်ပြုပေးသော ဥပဒေဖြစ်သည်။

လွတ်လပ်စွာ သတင်းရယူခွင့်ရှိရမည်ဟု ဆိုရာတွင် အစိုးရအဖွဲ့က လျှို့ဝှက်အဆင့် သတ်မှတ်ထားသော သတင်းအချက်အလက်များဖြစ်လျှင် သတင်းသမားများအနေဖြင့် ရေးသားဖော်ထုတ်ခွင့် မရှိပေ။

သို့ရာတွင် လျှို့ဝှက်အဆင့် သတင်းအချက်အလက်များနှင့် ပတ်သက်၍ နှစ်အကန့်အသတ်ထားရှိရသည်။ အချိန်အခါအခြေအနေတစ်ခုသို့ ရောက်ချိန်တွင် လျှို့ဝှက်ကန့်သတ်အဆင့်ကို ပြန်လည်ရုပ်သိမ်းပေးပြီး ထုတ်ပြန်ပေးရသည်။

အစိုးရနှင့် ပတ်သက်သော သတင်းအချက်အလက်တစ်ခုနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ တောင်းယူခွင့်ရှိရမည်ဖြစ်သည်။ လျှို့ဝှက်အဆင့် သတ်မှတ်ထားခြင်းမရှိပါက သတင်းသမားတောင်းဆိုသော အချက်အလက်များကို တာဝန်ရှိသူများက ထုတ်ပေးရပေမည်။ လျှို့ဝှက်ချက် ဥပဒေကို ကိုင်စွဲကာ သတင်းရယူခွင့်၊ လွတ်လပ်စွာ သတင်းစုဆောင်းခွင့်တို့ကို မထိခိုက်စေသင့်ပေ။

သတင်းသမားများ ကြုံတွေ့ရတတ်သည့် အခက်အခဲတစ်ရပ်မှာ လွတ်လပ်စွာ သတင်းရယူခွင့်ဖြစ်သည်။ သတင်းသမားသည် ဘက်နှစ်ဘက်မျှတအောင် တင်ပြနိုင်ရန် ကြိုးပမ်းသည့်အခါ ဘက်တစ်ဘက်မှ သတင်းအချက်အလက်များကိုသာရရှိပြီး အခြားတစ်ဘက်မှ သတင်းအချက်အလက်များ အလွယ်တကူမရပါလျှင် မျှတသော ရေးသားတင်ဆက်ပုံကို မတည်ဆောက်နိုင်ပါချေ။

သတင်းမီဒီယာသမား၏ ရပိုင်ခွင့်များတွင် နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်လည်း ပါဝင်သည်။ ၎င်းအပြင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုများကို ဖော်ထုတ်ရေးသားခွင့်ရှိပေသည်။

**သတင်းသမားနှင့်ကျင့်ဝတ်**

'ရဟန်းမှာ ဝိနည်း၊ လူတွင်စည်းကမ်း' ဟူဘိသို့ပင် သတင်းသမားကောင်းဟူသော ဂုဏ်ရည်ကို သရုပ်ဖော်သည်မှာ သတင်းသမားများ လိုက်နာအပ်သော ကျင့်ဝတ်များတည်း။

သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များကိုကြည့်လျှင် -

(၁) သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း၊
(၂) တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊
(၃) တရားရုံး၌ စစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသမျှ ကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူခြင်းနှင့် တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်မျိုး ဖော်ပြခြင်းမှရှောင်ကြဉ်ခြင်း၊
(၄) သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ် အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) သတင်းဝေဖန်ချက်၊ အာဘော်နှင့် ဆောင်းပါး ရေးသားခြင်းမှတစ်ပါး သတင်းရေးသားသူ၏ ထင်မြင်ယူဆချက် အာဘော်လုံးဝမပါရှိစေခြင်း၊
(၆) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာ ပစ္စည်းများကို ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၇) အများပြည်သူ၏ အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုများမှ ရှောင်ကြဉ်ခြင်း၊
(၉) သတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

**ပြည်သူ့တမန် ဆိုအပ်ရာကား**

စစ်မှန်သော သတင်းသမားဂုဏ်ရည်ဟူသည် သတင်းအဖွဲ့အစည်းတစ်ရပ်၌ အလုပ် လုပ်ကိုင်နေရုံမျှဖြင့် ပြည့်စုံကုံလုံခြင်းရှိမည်မဟုတ်ပေ။ ပြည်သူတို့ အကျိုး ရှိ၊ မရှိ၊ ပြည်သူတို့ သိရှိရန် အကြောင်းဟုတ်၊ မဟုတ် ပိုင်းခြားဝေဖန်တတ်မှသာလျှင် စစ်မှန်သော သတင်းသမားဖြစ်ပေလိမ့်မည်။

အင်္ဂုတ္တရပါဠိတော်၌

**(၁) မှာကြားလိုက်သော စကားတို့ကို နားလည်ခြင်း၊**
**(၂) မှာကြားလိုက်သောအတိုင်း ပြောဆိုခြင်း၊**
**(၃) မမေ့မလျော့အောင် မှတ်သားထားနိုင်ခြင်း၊**
**(၄) မချွတ်မယွင်းအောင် ဆောင်နိုင်ခြင်း၊**
**(၅) စကားရှိတိုင်း အနက်အဓိပ္ပာယ်ကို သိနားလည်ခြင်း၊**
**(၆) သူတစ်ပါးနားလည်အောင် ပြောဆိုတတ်ခြင်း၊**
**(၇) အကျိုးရှိသည်၊ မရှိသည်၌ တတ်သိလိမ္မာခြင်း၊**
**(၈) ငြင်းခုန်ခိုက်ရန်မဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း**ဟူသော သံတမန်အင်္ဂါရပ် ရှစ်ပါးကို ညွှန်းဆိုထား၏။

ပြည်သူ့ သတင်းသမားများသည် 'ပြည်သူ့ သံတမန်များ' ဟု ဆိုအပ်ပေရာ ယင်းဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံရန် အထူးလိုအပ်လှသည်။

ပြည်သူ့အကျိုးစီးပွားကို နိယံမပြတ် အမြဲဆောင်မှတ်အပ်သော သတင်းသမားတို့သည် သံတမန်အင်္ဂါရပ်ရှစ်ပါးနှင့်အညီ ကျင့်ကြံရန် ရှေးခေတ်သတင်း ပညာရှိကြီးများ၏ လမ်းညွှန်ချက်ကိုပြန်လည် ဂရုဓမ္မပြုလျက် "နိယံမပြတ် သိရန်မှတ်ဖို့ သံတမန်အတတ် ကျင့်အပ်ပေ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။


ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် ဒေးလီးတယ်လီဂရပ် သတင်းစာတိုက်၏ သတင်းခန်းမ။ ဓာတ်ပုံ- ဒေးလီးတယ်လီဂရပ်

# ခရမ်းချဉ်သီး နောက်ပိုင်းဈေးကောင်းလာ၍ တောင်သူများ အရှုံးသက်သာ



**မန္တလေး မေ ၇**

၂၀၁၆ ခုနှစ် မတ်လဆန်းပိုင်းမှစတင်ကာ ခရမ်းချဉ်သီးဈေးပြန်လည် တက်လာခဲ့ရာ ယခုအခါ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိရှိလာသည့်အတွက် နောက်ဆွဲခရမ်းချဉ်သမားများ အဆင်ပြေလာကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် စိုက်ပျိုးသော ခရမ်းချဉ်သီးများ ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ဈေးကွက်ပျက်ခြင်းနှင့် ကြုံတွေ့ခဲ့ရသည်။ ခရမ်းချဉ်သီး စတင်ပေါ်သည့်ကာလတွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင်ငွေကျပ် ၁၀၀ အထိ ကျဆင်းပြီးဈေးကွက်ပျက်ခဲ့သည်။ ပွဲရုံဈေးများတွင်ခရမ်းချဉ်သီး တစ်ပိဿာလျှင်ငွေကျပ် ၆၀ နှုန်းဖြင့်ပင် မဝယ်လိုသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။ တစ်ဧကစိုက်ပျိုးထားသူမှာ တစ်နေ့လျှင် ခရမ်းချဉ်သီး ပိဿာ ၁၀၀၀၊ ၅၀၀ ထွက်သည့်ကာလတွင် ဈေးကွက်ပျက်သည့်အတွက် ခရမ်းချဉ်စိုက်တောင်သူများ အစောပိုင်းတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

ခရမ်းချဉ်ဈေးကွက်မှာ တစ်နှစ်ခြားတစ်ခါ ဈေးကွက်ပျက်သည့် အနေအထားနှင့် ကြုံတွေ့နေရသည်။ လက်ရှိကာလ ခရမ်းချဉ်စိုက်ပျိုးသူများမှာ တိုင်ထောင်ခရမ်းချဉ်များကိုသာ စနစ်တကျစိုက်ပျိုးကြသည်။ ခရမ်းချဉ်စိုက်ရန်အတွက် ခရမ်းချဉ်မျိုးများကို သီးသန့်ဝယ်ယူကာ ပျိုးထောင်လေ့ရှိသည်။ ခရမ်းချဉ်မျိုးစေ့များမှာ နံပတ်အလိုက်အမျိုးမျိုးရှိသည်။ခရမ်းချဉ်ပင် စတင်ပျိုးထောင်စဉ်မှစကာ ရက် ၂၀ ကျော်သည်နှင့် စတင်စိုက်ပျိုးကြသည်။ စတင်စိုက်ပျိုးစဉ်တွင် လိုအပ်သလိုထယ်ရေးပြုပြင်ပြီး စနစ်တကျအကွက်ချစိုက်ပျိုးကြရသည်။ စတင်စိုက်ပျိုးပြီးသည်နှင့် လူအားသုံးကာ စိုက်ရေလောင်းပေးကြသည်။ အပင်အနည်းငယ်ကြီးကာ အမြစ်စွဲသည်နှင့် စက်ဖြင့်ရေတင်ကြရသည်။ ခရမ်းချဉ်ပင်အနည်းငယ်ကြီးလာသည်နှင့် တိုင်ထောင်ပေးကြရသည်။

ခရမ်းချဉ်စိုက်ပျိုးမှုတွင် ရာသီအလိုက်ရေပေးရပြီး ဆောင်းတွင်းပိုင်းတွင် တစ်လလျှင်တစ်ကြိမ် ရေတင်ရသည်။ လက်ရှိ နွေရာသီတွင်တစ်ပတ်လျှင် တစ်ကြိမ်နှုန်း ရေတင်ပေးရသည်။ ရေတင်တိုင်း မြေဩဇာကျွေးလေ့ရှိသည်။ မှိုမကပ်စေရန်အတွက်လည်း မှိုသတ်ဆေးများ၊ အပင်အားဆေးများကို ဖြန်းပေးရသည်။ စတင်စိုက်သည်မှစကာ လေးလခန့်တွင် ခရမ်းချဉ်သီးကိုစတင်ဆွတ်ခူးနိုင်သည်။

**တိမ်တမန်**

# စီမံကိန်းအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ နေပြည်တော်တွင်ဆွေးနွေး

**နေပြည်တော် မေ ၇**

ရက်(၁၀၀) အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေခက်ခဲသော ကျေးရွာများအတွက် လက်တလောဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ကျေးလက်နေ ပြည်သူများအတွက် မိမိအရပ်ဒေသမှာပင် ဝင်ငွေတိုးမြင့်ရရှိစေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေခံလက်သမား၊ ပန်းရန်သင်တန်း အစရှိသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အသက်မွေး ဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးရန် အစည်းအဝေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နေပြည်တော် အစည်းဝေးခန်းမ၌ မေ ၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လျာထားဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရအောင်**

# တွံ့တေးမြို့နယ်တွင် ကျေးရွာအခြေပြု ပြည်သူ့ဝန်ဆောင်မှုအကူအညီပေးရေးအသိပညာပေးဟောပြော

**တွံ့တေး မေ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူသရမ်းဝေါ(လ်)ဖက်ဒရေးရှင်း(မြန်မာ)တို့ ပူးပေါင်းဆောင်ရွက်သော မြို့နယ်ပြည်သူ့ ဝန်ဆောင်မှုအကူအညီပေးရေး အသိပညာပေးဟောပြောပွဲကို မေ ၅ ရက် နံနက် ၉ နာရီက ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ရွှေလှေချောင်(တွံ)ကျေးရွာ ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်မိုးက အဖွင့်အမှာစကားနှင့် ပြည်သူ့ဝန်ဆောင်မှု One Stop Shop(OSS)Services ၏ ရည်ရွယ်ချက်များအား ရှင်းလင်းခဲ့ပြောကြားသည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအကြောင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက ပြောကြားပြီး လူသရမ်းဝေါ(လ်)ဖက်ဒရေးရှင်း(မြန်မာ) မှ စွမ်းဆောင်ရည်မြှင့်တင်ရေး အရာရှိ ဦးသစ်လွင်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်အား ထပ်ဆင့်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မျိုးထွန်းက မြေယာပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်သောအသိပညာများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဆရာမဒေါ်နှင်းဝတ်ရည်က ကလေးမွေးစာရင်းနှင့် အသိပညာများ ဟောပြောခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံး ထူထောင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် လေးရပ်အကြောင်းနှင့် ပြည်သူများ အစိုးဌာနနှင့် ဌာနဆိုင်ရာများအပေါ်အားကိုး ယုံကြည်မှုတိုးပွားလာစေရန် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ ဦးစီးအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်ကူပြုနိုင်ရန်နှင့် ကျေးလက်နေပြည်သူများသိရှိစေရန် လာရောက်ဟောပြောရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံ့တေး)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် Youth For All လူငယ်အဖွဲ့၏ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် Youth For All လူငယ်အဖွဲ့က ဦးဆောင်၍ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး ဟောပြောပွဲကို မေ ၅ ရက် ညနေ ၅ နာရီခွဲက မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကျောင်းသားလူငယ်များ၊ မြို့ပေါ်ရှိရပ်ကွက်အသီးအသီးမှ စိတ်ပါဝင်စားသူလူငယ်များနှင့် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ စုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် ရှေ့ဦးစွာ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးမှူး ဦးမောင်မောင်တာက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာများနှင့်စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်အောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် သုံးစွဲခြင်းများကြောင့် ဥပဒေဆိုင်ရာအပြစ်ပေးအရေးယူခဲ့ရမှု အခြေအနေများနှင့်မူးယစ်ဆေးဝါး ဆိုင်ရာပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် Youth For All လူငယ်အဖွဲ့မှ ကိုစန်းလင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်မှ ဦးတင်မောင်သိန်းက ၎င်းကိုယ်တိုင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ စမ်းသပ်သုံးစွဲသည်မှ မူးယစ်ဆေး၏ သားကောင်ဖြစ်ခဲ့ရသည့် လူငယ်လေးများ၏ ဘဝနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို စိတ်ဝင်စားဖွယ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဦးမြင့်အောင်၊ မြို့နယ်ကျန်းမာရေးမှူး ဦးမောင်မောင်တာ၊ မြို့ပေါ်ရှိ အလွှတ်ပညာသင်ကျောင်းများမှ ကျောင်းအုပ်ချုပ်သူ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်များမှ စိတ်ပါဝင်စားသူ လူငယ်များနှင့် ရပ်မိရပ်ဖများ၊ Youth For All လူငယ်အဖွဲ့မှ အဖွဲ့ဝင်လူငယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ရေး နုန်းဆယ်ခြင်းနှင့် အမှိုက်များရှင်းလင်း ဆောင်ရွက်

**တာချီလိတ် မေ ၇**

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နှင့် မကာဟိုခမ်းရပ်ကွက် နှစ်ခုအား ဖြတ်သန်းပြီး မယ်ဆိုင်ချောင်းအတွင်းသို့ စီးဝင်လျက်ရှိသည့် နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက နုန်းဆယ်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို မေ ၅ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးဝင်း၊ ဦးစီးအရာရှိ ဦးကျော်နိုင်တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဝမ်းကျောင်းရပ်ကွက်ရှိ မြို့မဈေးအနီးနှင့် ဗိုလ်ချုပ်လမ်းမအနီးတို့တွင် ရေချောင်းအတွင်း နုန်းဆယ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့တွင်း ဗိုလ်ချုပ်လမ်းမကြီးအား မော်တော်ယာဉ်များသွားလာမှု လွယ်ကူလျင်မြန်ကာ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် လမ်းဘေးဝဲယာများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေနုတ်မြောင်းများ ပြုပြင်ခြင်းများကိုလည်းဆောင်ရွက်နေကြောင်း သိရသည်။

**ဝေယံလင်း(တာချီလိတ်)**



# ပေါင်မြို့နယ်မှထွက်ရှိသော တံမြက်စည်းပြုလုပ်သည့် နတ်မြှားပင်များ ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချ

**ပေါင်  မေ ၇**

မွန်ပြည်နယ် ပေါင်မြို့နယ် တောင်ကြောတစ်လျှောက်တွင် အိမ်သုံးတံမြက်စည်းပြုလုပ်သည့် သဘာဝပေါက်ပင်တစ်မျိုးဖြစ်သည့်နတ်မြှားပင်အမျိုးအစား အပင်တစ်မျိုးမှာ ယခင်က ပြည်တွင်းအသုံးပြုရန်နှင့် ပြည်ပပို့ရန်အဖြစ် အသင့်ပြုလုပ်ထားသော တံမြက်စည်းများ ပြုလုပ်အသုံးပြု တင်ပို့ခဲ့ကြသော်လည်း ယခုအခါ ကုန်ချောတံမြက်စည်းအဖြစ် ထုတ်လုပ်ခြင်းမပြုတော့ဘဲ သဘာဝအတိုင်း နတ်မြှားပင်များခုတ်ယူ၍ နေပူခံအခြောက်လှမ်းကာ ကုန်ကြမ်းအတိုင်း ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချခြင်းက အမြတ်အစွန်းများစွာရရှိသည့်အတွက် ပေါင်မြို့နယ်အတွင်းတောင်ကြောပေါ်တွင် နတ်မြှားရှာဖွေခုတ်ယူ ရောင်းချသူများ တွက်ခြေကိုက်၍ ဝင်ငွေကောင်းနေကြောင်း သိရသည်။

"ကျွန်တော်တို့ ပေါင်မြို့နယ်မှာ ဒီနတ်မြှားဝယ်ယူတဲ့လုပ်ငန်းကို ဒီနှစ်မှ စတင်လုပ်ကိုင်ရတာပါ။ အရင်နှစ်တွေကဆိုတောင်ငူမှာ ဇောက်ချလုပ်ကိုင်လာတာ (၁၅) နှစ်ကျော်ခဲ့ပြီး တောင်ငူမှာက အခုနောက်ပိုင်း နတ်မြှားဝယ်ယူတဲ့လုပ်ငန်းရှင်တွေများလာတယ်။ ကျွန်တော်တို့က အထွက်များတဲ့ ပေါင်မြို့နယ်မှာ လာရောက်လုပ်ကိုင်တာပါ။ ဒီမှာက အဆင်ပြေတယ်။ ပေါင်မြို့နယ်မှာက တောင်ရှေ့၊ ဇင်းကျိုက်၊ ကတွန်စသည့်နေရာတွေမှာ အထွက်များတယ်။ နောက်ပြီး ရေး၊ မြိတ်၊ ထားဝယ်ကထွက်ရှိတဲ့နတ်မြှားများကိုလည်း ကျွန်တော်တို့လိုက်လံဝယ်ယူပါတယ်။ ကျွန်တော်တို့ နတ်မြှား တစ်ပိဿာကို မြန်မာငွေကျပ် ၇၀၀ ကနေ ၁၀၀၀ အထိ ပစ္စည်းအရည်းသွေးကောင်းရင်ကောင်းသလို ဈေးပေးဝယ်ရတယ်။ အပွင့်တွေများနေရင် ဈေးနဲနဲလျှော့ပြီးပေးဝယ်ရတယ်။ ဒီအလုပ်က ဇန်နဝါရီလကနေ မတ်လကုန်အထိ လုပ်ကိုင်ပါတယ်။ ဒီအခုပို့မယ့်အခေါက်က ဒီနှစ်အတွက်တော့ နောက်ဆုံးအခေါက်ပါပဲ" ဟု နတ်မြှားဝယ်ယူသည့်လုပ်ငန်း လုပ်ကိုင်သည့် ဦးကျော်ဇေယျက ပြောသည်။

"ဒီကုန်ကြမ်းတွေကို ၅၀ ကီလိုဂရမ် ဆံ့တဲ့ ပီနံအိတ်ထဲမှာထည့်ပြီး မော်လမြိုင်ကနေတစ်ဆင့် ကားနဲ့တင်ပို့ပြီး ရန်ကုန်မြို့မှာရှိတဲ့ (MIP)၊ အေးရှာဝေါ်း စတဲ့ရေနက်ဆိပ်ကမ်းကနေတစ်ဆင့် သင်္ဘောတွေနဲ့ ပါကစ္စတန်နိုင်ငံကို ပို့ပါတယ်။ ပစ္စည်းတစ်ခေါက်ပို့ရင် ၁၂ တန် ၁၃ တန်လောက်ရှိပါတယ်။ ဟိုမှာက ကုန်ချောအဖြစ်နဲ့ သူတို့တံမြက်စည်းပြန်လုပ်ပါတယ်။ တစ်တန်ဆိုရင် အမေရိကန်ဒေါ် ၈၀၀ လောက်ဈေးပေါက်ပါတယ်။ ဈေးနှုန်းကလည်း အတက်အကျရှိတယ်' ဟု ၎င်းက ပြောသည်။

တံမြက်စည်းပြုလုပ်သည့် နတ်မြှားပင်များသည် မြန်မာနိုင်ငံတော်ပေါ်ဒေသများတွင် အများဆုံးပေါက်ရောက်သည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

# ချောင်းသာကျေးရွာအုပ်စု သစ်ပုတ်တံခါးတော၌ တောဆင်ရိုင်းပစ်ရန် ရောက်ရှိနေသူများ ဖမ်းမိ

**နေပြည်တော်၊ မေ ၇**

၂၀၁၆ ခုနှစ် မေ ၃ ရက် နံနက် ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာအုပ်စု သစ်ပုတ်တံခါးတော (ဒေသအခေါ်) ချောင်းသာ-ဆိပ်ကြီး မြေသားကားလမ်းဘေးရှိ တောင်ယာတဲ၌ မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း သတင်းအရ ချောင်းသာနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ပိတ်ဆို့ ဖမ်းဆီးခဲ့သည်။

အဆိုပါနေရာ၌ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မြစ်ကွေ့ရွာနေ ထွန်းရင်(၃၃) နှစ်၊ တစ်ရွာတည်းနေသူများဖြစ်သည့် အောင်မြင့်(ခ)ကိုပေါင် (၄၈) နှစ်၊ အောင်ပြည့်စုံ(၂၀) နှစ်နှင့် ကျော်ရဲအောင်(၂၂) နှစ်တို့အား သစ်သားလေးခွ(၁)လက်၊ ရဲဒင်းအသေး (အရိုးမပါ)တစ်လက်၊ အိတ်ပါဓားမြှောင်သုံးချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ၎င်းတို့မှာ တောဆင်ရိုင်းပစ်ခတ်ရန်ရောက်ရှိနေခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ယင်းတာဆင်ရိုင်း ပစ်ခတ်ဖမ်းစီးသည့် အဖွဲ့မှာခြောက်ဦးဖြစ်ကြောင်း၊ ဦးမင်(၃၉)နှစ်မှာ စခန်းချရာနေရာအနီး စမ်းချောင်းထဲတွင် ရေသွားချိုးနေကြောင်း၊ တင်အောင် (၂၈)နှစ်မှာ ပုသိမ်မြို့သို့သွားနေကြောင်း၊ ဆင်ပစ်ခတ်ရာတွင် အသုံးပြုသည့် အရှည်ငါးပေခန့်ရှိ တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆင်စွယ်တစ်ချောင်းတို့အား စခန်းချရာနေရာအနီး တောအတွင်း၌ဝှက်ထားကြောင်း စစ်ဆေးသိရှိရသည်။

ယင်းနောက် သွားရောက်ရှာဖွေရာ အဆိုပါပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဦးမင်နှင့် တင်အောင်တို့အား စုံစမ်းရှာဖွေဖမ်းဆီခဲ့ရာ အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ထွန်းရင်ပါခြောက်ဦးအား ချောင်းသာနယ်မြေရဲစခန်း(ပ) က အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# အင်္ဂပူ–ဘဲပြားလမ်းပေါ်ရှိ တံတားနှစ်စင်း တည်ဆောက်မှုအားစစ်ဆေး

**အင်္ဂပူ  မေ ၇**

ဟသ်ာတခရိုင် အင်္ဂပူမြို့ အင်္ဂပူ-ဘဲပြားလမ်းပေါ်ရှိ တံတားအမှတ် (၁၄) နှင့် (၁၅) ဆောက်လုပ်နေမှုကို ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးတို့က မေ ၆ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါတံတားနှစ်စင်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း(မွမ်းမံ) ရန်ပုံငွေ ၂၉ ဒသမ ၉၆ သန်းဖြင့် တံတားအမှတ် (၁၄) အလျား ၃၅ ပေ၊ အကျယ် ၁၄ ပေနှင့် တံတားအမှတ် (၁၅) အလျားပေ ၂၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

၎င်းတံတား တည်ဆောက်နေမှုကို အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယင်းတံတားပြီးစီးပါကဒေသ၏ ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားပြီး ဒေသထွက်ကုန်များ ရောင်းဝယ်မှုတို့ကို အချိန်တိုအတွင်း လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒေသခံများက သုံးသပ်သည်။ **မန်းကျော်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ရေလွှဲတံခါးများနှင့် မြေထိန်းနံရံများ ကြံ့ခိုင်မှုအခြေအနေများစစ်ဆေး

**မုံရွာ  မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မေ ၆ ရက် နံနက် ၈ နာရီခွဲက မုံရွာမြို့နယ် အိုးဘိုတောင်ရပ် ချင်းတွင်းမြစ်ကမ်းမှ ချောင်းဦးမြို့နယ် အမြင့်ကျေးရွာအထိ ချင်းတွင်းမြစ်ရိုး တစ်လျှောက်ရှိ ရေလွှဲတံခါးများနှင့် မြေထိန်းနံရံများ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ရေလွှဲတံခါးများနှင့် မြေထိန်းနံရံများ ကြံ့ခိုင်မှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာတွင် လာမည့်နှစ် မိုးဦးကာလတွင် ရေလွှဲတံခါးများ၊ တာတမံများ ကြံ့ခိုင်မှုရှိဖို့လိုအပ်ကြောင်း၊ သို့မှသာ ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးကာ စိုက်ပျိုးသီးနှံများနှင့် ပြည်သူတို့၏ ဥစ္စာပစ္စည်းများ ရေနစ်မြုပ်ပျက်စီးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိုးဦးကာလသို့ မရောက်ရှိသေးသော်လည်း ဒေသအတွင်းရှိ ရေထိန်းတံခါးများ၊ ရေလွှဲတံခါးများ၊ တာတမံများနှင့် မြစ်ကမ်းနားတစ်လျှောက်ရှိ မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိရေးနှင့် ကြိုတင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင် ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ သက်ဆိုင်ရာဌာနများအလိုက် မုံရွာမြို့နယ် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပုံစံကားချက်များဖြင့် တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ လိုအပ်သည်များကို ထပ်မံဖြည့်စွက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်းလည်း သိရသည်။

**မိုးချမ်း(မုံရွာ)**

# သောက်သုံးရေအခက်အခဲဖြစ်သည့် ဒေသများသို့ ရေများဖြန့်ဝေ

**တာချီလိတ်  မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ရာသီဥတုပူပြင်းမှုကြောင့် အပူရှိန်မြင့်တက်ကာ ရေတွင်းနှင့် ချောင်းများခန်းခြောက်ပြီး သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့နေရသည့်ရပ်ကွက်များနှင့် ဘုန်းကြီးကျောင်းများအား မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက မေ ၃ ရက်က သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာတွင် ဧပြီလအတွင်းက ပုန်းထွန်ရပ်ကွက်ရှိ ကျောက်တောင်၊ ငွေတောင်ဦး၊ စိန်ပန်းလမ်းဆုံ၌ ရေဂါလန် ၁၆၀၀၊ မကာဟိုခမ်းရပ်ကွက်တွင် ရေဂါလန် ၂၀၀၊ ဆန်ဆိုင်းဝန်ထမ်းအိမ်ရာတွင် ရေဂါလန် ၂၄၀၀၊ ဆေခမ်းရပ်ကွက်နှင့် ဝမ်ကောင်းရပ်ကွက် အာခေရွာတို့ရှိ အနော်ရထာလမ်းဆုံ၊ လေယာဉ်ကွင်း ဘုန်းကြီးကျောင်းနှင့် ဌာနဆိုင်ရာများအား ရေဂါလန် ၇၂၀၀ ကို ဖြန့်ဝေပေးခဲ့ပြီး မေ ၂ ရက်က မကာဟိုခမ်းရပ်ကွက်တွင် ရေဂါလန် ၈၀၀၊ မေ ၃ ရက်က မကာဟိုခမ်းရပ်ကွက်နှင့် ဝမ်ကောင်းရပ်ကွက်ရှိ ကချင်ရွာတို့တွင် ရေဂါလန် ၈၀၀ စုစုပေါင်း ရေဂါလန် ၁၆၀၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ တာချီလိတ် ပညာရေးဖောင်ဒေးရှင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း သောက်သုံးသောက်ရေများ လှူဒါန်းခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**

# တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသို့ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် သုတေသနဖွံ့ဖြိုးရေးအဖွဲ့ ရောက်ရှိ

**တပ်ကုန်း  မေ ၇**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒေါက်တာစိုးစိုးသိန်း(ဒုတိယပါမောက္ခ) ဦးဆောင်၍ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးနှင့် သုတေသနဖွံ့ဖြိုးရေးအဖွဲ့ (ACIAR) မှ Dr. Robert Edis နှင့် ခြောက်ဦးပါဝင်သောအဖွဲ့သည် မေ ၆ ရက် နံနက် ၁၀ နာရီခန့်က နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနခြံသို့ လာရောက်၍ စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဧည့်နားနေဆောင်၌ မြို့နယ်စိုက်ခြံတာဝန်ခံ ဦးသာထွန်းက ပြောင်းစိုက်ပျိုးမှုများအား ပရိုဂျက်တာဖြင့် အကျယ်တဝင့်ရှင်းလင်းပေးခဲ့သည်။ ဆက်လက်ပြီး ယင်းအဖွဲ့ကို စိုက်ကွင်းမြေအမျိုးအစားများနှင့်ပတ်သက်၍ ထပ်မံလှည့်လည်ရှင်းပြပေးခဲ့သည်။

ယင်းအဖွဲ့များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံတို့နှင့်ပေါင်းစပ်၍ တောင်သူများအကျိုးအတွက် ပြောင်းသီးနှံတွင် မြေဩဇာနှုန်းထားအချိုးကျအသုံးပြုနိုင်စေရန် စမ်းသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံက စိုက်ပျိုးမြေ ၁၆၂ ဧကကျယ်ဝန်းပြီး စိုက်ပျိုးမြေအမျိုးအစားအနေနဲ့ကတော့ စနယ်မြေ၊ နုန်းစနယ်မြေ၊ သဲနုန်းမြေ သုံးမျိုးခွဲခြားထားပါတယ်။ ပြောင်းနဲ့နေကြာကို အဓိကစိုက်ပျိုးပါတယ်။ ဒုတိယသီးနှံအဖြစ် ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံ၊ မြေပဲ စိုက်ပျိုးပါတယ်။ သီးနှံထုတ်လုပ်တဲ့အင်အားက လယ်ထွန်စက်နှစ်စီး၊ ခိုင်နွား ၁၄ ရှဉ်း၊ အလုပ်သမား ၇၀ ခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ထွက်ရှိတဲ့သီးနှံများကို သန့်စင်ပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ရှမ်းပြည်စသည့်နယ်များသို့ တင်ပို့ရောင်းချပါတယ်။ တောင်သူများအတွက် စပ်မျိုးပြောင်း ၅ Kg တစ်အိတ် ကျပ် ၁၂၀၀၀၊ စပ်မျိုးနေကြာ ၃ Kg တစ်အိတ် ကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ဝေရောင်းချပါတယ်" ဟု တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ခံ ဦးသာထွန်းက ပြောသည်။

**တင်စိုးလွင်**



ဆောင်းပါး

# သွန်းညောင်ရေပွဲ ခြိမ့်ခြိမ့်သဲ

**ခ** ရွှေတိုင်လွင်

ကဆုန်လသည် မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီခွင်ဝယ် ဒုတိယမြောက်လဖြစ်ပေသည်။ ထိုလရာသီခွင်မှာ ပြိဿရာသီသို့သက်ရောက်ပြီး ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ရာသီပန်းမှာ ရွှေစံကားပန်းတို့ဖြင့် တင့်တယ်လှပနေပါပေတော့သည်။

ကဆုန်လပြည့်နေ့သို့ရောက်လေတိုင်း ဗုဒ္ဓဘာသာနွယ်ဝင် စိတ်ကောင်းယှဉ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် မြတ်ဗုဒ္ဓအားရည်စူး၍ ဂေါတမမြတ်စွာဘုရား မိုးတွယ်ပွင့်ထွန်းတော်မူရာ ပရိဘောဂစေတီထိုက်ပေသော မဟာဗောဓိညောင်ဗုဒ္ဓပင်ကို ကြည်ညိုလေးမြတ်စွာ ရေသီတာအေးမြလှပေသော သန့်ရှင်းကြည်လင်သည့်ရေတို့ဖြင့် သွန်းညောင်ရေပွဲများကို ပူဇော်ကျင်းပလာခဲ့ကြပေတော့သည်။ ထိုသို့ ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်ကာလကတည်းက ကြီးကျယ်ခမ်းနားစွာ ပူဇော်ခဲ့ကြောင်းကို မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြပါရှိပါပေသည်။

ကျွန်ုပ်တို့ ကြည်ညိုလေးမြတ်ပူဇော်အပ်သော အတုလံ အတုမရှိ မဟာမုနိထွတ်ထား ဂေါတမမြတ်စွာဘုရားသည် ဒီပင်္ကရာဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်အခါက သုမေဓာရှင်ရသေ့ဘဝဖြင့် ဗျာဒိတ်တော်ဆင်မြန်းခဲ့သည်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ သိဒ္ဓတ္ထဗုဒ္ဓအလောင်းတော် ဖွားမြင်မြောက်သော နေ့ရက်မှာလည်း ထိုကဆုန်လပြည့်နေ့ဖြစ်ပါသည်။ ဘုရားစင်စစ် ဧကန်ဖြစ်သောနေ့မှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်ပေ၏။ ထိုကဆုန်လပြည့်နေ့မှာပင် ကုသိနာရုံ အင်ကြင်းထုံသည့် ရဂုံသာမော စုံမြိုင်တောဝယ် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါလေသည်။ ဤကဲ့သို့ ထူးမြတ်လှသော ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ဗုဒ္ဓကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူးပူဇော်သောအားဖြင့် ကောင်းမှုအလှူဒါနများပြုလုပ်ခြင်း၊ ဗောဓိညောင်ပင်၌ အမွှေးနံ့သာ ဆီမီးများပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်း လှူဒါန်းခြင်းတို့အား မြတ်နိုးစွာဖြင့် စီရင်ကျင်းပခြင်းမှာ ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ ဗုဒ္ဓပူဇာ၊ ဗုဒ္ဓယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါပေသည်။

ထိုလရာသီသို့ရောက်လျှင် မဟာဗောဓိညောင်ပင်တို့မှာ ရေပြတ်၊ ရေငတ်ကြပြီး အပင်များ သေသွားမှာကိုမလိုလား၍ ရေသွန်းလောင်းကြခြင်းဖြစ်သလို၊ ပရိဘောဂစေတီထိုက်သော ညောင်ဗုဒ္ဓဟေကို ဗုဒ္ဓမြတ်စွာဘုရားကိုယ်စား ကြည်ညိုသဒ္ဓါ ရှိသေလှစွာ ရေသွန်းလောင်းကြခြင်းဖြစ်ကြောင်းကိုလည်း စွယ်စုံကျမ်း အတွဲ(၇)မှာ လေ့လာတွေ့ရှိရပါသည်။



ယင်းပွဲသဘင် ဆင်ယင်ကျင်းပပုံကို မဟာအတုလမင်းကြီး၏ ၁၂ လရာသီဘွဲ့ လွမ်းချင်း၌ ကဆုန်လပြိဿရာသီကိုဖွဲ့နွဲ့ထားပုံမှာ -

'မြူခြေငယ်စွန့်ပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည် ဖန်သူရိန် တေဇာကြောင့် ပူများကဲတဲ့လကိုလေး။

ရာသီငယ်ပြိဿ မဟေသီလည်း ရွှေညီခလို့ ပန်းမြစံကားဝါ ဝိသာခါနှင့် တာရာခြံရံ၊ စန်းယုန် ငွေဖန်သည့်နှယ်၊ ဆဒ္ဒပိုင်ဗွေဘုံမှာ၊ လကဆုန်ညောင်ရေပွဲပေမို့ သဲလှတယ်လေး”

ဟူ၍ ရေးဖွဲ့ထားခြင်းကို လေ့လာကြည့်မည်ဆိုလျှင် ဤကဆုန်လသည် ခြောက်သွေ့ပူပြင်းသော လရာသီစက်ဝန်းသို့ သက်ဆင်းနေသည်ကို ရှုမြင်ကြရပါပေမည်။ ဤကဲ့သို့သောကာလဝယ် ဗောဓိညောင်ပင်လည်း ရေကိုလိုအပ်မည်ဖြစ်ပေသည်။ အပင်များရေငတ်ကာ မသေစေလိုသည်ကို ရည်ရွယ်၍လည်းကောင်း၊ ဗုဒ္ဓ၏နေ့နှင့်တိုက်ဆိုင်နေသည်ကို ရည်ရွယ်၍ ပူဇော်သမှုပြုခြင်းသည်လည်းကောင်း၊ ထိုအကြောင်းအရာများကြောင့် ဗောဓိညောင်ပင်အား ရေသွန်းလောင်းခဲ့ခြင်းအမှုကို မြန်မာရာဇဝင်၌ ပုဂံခေတ်ကာလကတည်းက ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိကြရပါပေသည်။

ကဆုန်လအားတင်စားထားသော စာဆိုရှင် ဖိုးသူတော်ဦးမင်း၏ သဖြန်လေးဆစ်ကဗျာလေးကလည်း ဤသို့ရေးဖွဲ့ထားပါလေသည်။

'စကားဝါငုံသင်းလို့ ကြယ်မင်းဝိသာခါ၊ တိမ်ဗွေမှာရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ပါ၊ စုံကန္တာဟေမာမြိုင်ထဲ၊ ရွှေကျေးပျံသင်လို့၊ စံပျော်ရွှင်သည် ဟိုကူးလို့ငယ်၊ မြူးကြစမြဲ”ဟူ၍ ကဆုန်လ၏ ထူးမြတ်တင့်တယ်ပုံအား တင်စားဖွဲ့နွဲ့ထားသည်ကိုလည်း ရသမြောက်စွာ ခံစားကြရပါပေမည်။

ကဆုန်လဝယ် စာဆိုတော်ဦးမင်း၏ ရာသီဘွဲ့လေးချိုးကလေးထဲမှ ကဆုန်လ၏ သရုပ်သကန်ကို ကောက်နုတ်တင်ပြရပါလျှင် 'မြိုင်ထွတ်ဝယ်၊ ညာညွတ်ကယ်ဖူးဝေ၊ စံကားရွှေနှင့်၊ ညောင်ရေခါမူ၊ မွှေးထုံရယ်ကြူလှတယ်၊ မြတ်လှူတော်ငယ်”ဟူသော အပိုဒ်ကလေးအား တင်ပြရပါလျှင် ကဆုန်လနှင့် စကားဝါပန်း၊ ညောင်ရေသွန်းပွဲတို့သည် ပုံရိပ်သဖွယ် ထိုလ၏အလှကို ဖော်ညွှန်းနေပါသည်။ ဝိသာခါကြယ်ကလည်း သောက်ရှူးသော အလွန်မှ ကောင်းမြတ်သောလတစ်လ ဖြစ်ပါပေသည်။

ဤလရာသီ အခါသမယဝယ် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်မြန်မာလူမျိုးများနှင့် တခြားဗုဒ္ဓဘာသာနွယ်ဝင် အမျိုးကောင်းသားသမီးတို့သည် မြတ်ဗုဒ္ဓအားအာရုံပြုလျက် ဗောဓိညောင်ပင်အား ဗုဒ္ဓ၏ကိုယ်စား ပရိဘောဂစေတီအဖြစ်ရည်ရွယ်ကာ လက်အုပ်ချီမိုးလျက် အလွန်မှအေးမြသော ရေသီတာတို့ဖြင့် မနောကြည်စွာ လောင်းလှူကာသွန်းပါတဲ့ ညောင်ရေသွန်းပွဲတော်ကြီးကို ဘုရားဖြစ်မည့်ဗျာဒိတ်ရသောနေ့၊ မြတ်ဗုဒ္ဓ၏ဖွားမြင်သောနေ့၊ ဘုရားစင်စစ်ဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့သည် ဤကဆုန်လပြည့်နေ့ဖြစ်ခြင်းအပေါ် တိုက်ဆိုင်နေသည်ကို အာရုံညွှတ်နူးလျက် ကြည်ညိုသဒ္ဓါပွားများကာ ညောင်ရေလောင်းလှူခြင်းအား စဉ်လာမပျက် ခြိမ့်ခြိမ့်သဲမျှ ပူဇော်လျက်ရှိသည်ကို လေ့လာမှတ်သား ပူဇော်တင်ပြလိုက်ရပါတော့သည်။



## သူနာပြုသားဖွားဒီပလိုမာသုံးနှစ်သင်တန်းနှင့် နှစ်နှစ်သင်တန်း ဆုချီးမြှင့်

**လွိုင်ကော် မေ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့ သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းနှင့် အမှတ်စဉ်(၄) သားဖွားဒီပလိုမာနှစ်နှစ်သင်တန်း ဆုချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်၊ ဦးဆောင်းအပ်နှင်းခြင်းအခမ်းအနားအား မေ ၅ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက အဖွင့်မိန့်ခွန်းမြွက်ကြားရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဦးတည်ကြိုးပမ်းဆောင်ရွက်ရာမှာ ကျန်းမာရေးကဏ္ဍသည် အဓိကကျသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က သူနာပြု၊ သားဖွားသင်တန်းရပ်ကို မြှင့်တင်ချီးမြှောက်တဲ့အနေနှင့် သူနာပြုဒီပလိုမာမှ သူနာပြုသိပ္ပံဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့အထိ နိုင်ငံအတွင်း သူနာပြုတက္ကသိုလ်များ ဖွင့်လှစ်လျက် သူနာပြုသားဖွားပညာရေးအား ချီးမြှောက်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့ရယူရန်လည်း နိုင်ငံရပ်ခြားသို့စေလွှတ်၍ မြှင့်တင် ချီးမြှောက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး အမှတ်စဉ် (၂၃) သူနာပြုသားဖွားဒီပလိုမာသုံးနှစ်သင်တန်းတွင် ပထမနှစ်ဝက်စာမေးပွဲ အောင်မြင်သူ ၇၂ ဦး နှင့် အပတ်စဉ်(၄) သားဖွား ဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ပထမနှစ်ဝက်စာမေးပွဲအောင်မြင်သူ ၄၆ ဦး တို့အား ဂုဏ်ထူးကုတ်နှင့် ဦးဆောင်းကို ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ သူနာပြု ဒေါ်ညိုညိုဦး၊ ကျောင်းအုပ် ဒေါ်မာမာဆွေ၊ သူနာပြုအုပ် ဒေါ်ဒဲမြာ၊ သူနာပြုအုပ် ဒေါ်ရီဘက္က၊ အကြီးတန်းနည်းပြ ဒေါ်မူရာဇင်းတာ၊ သူနာပြုဆရာမကြီး ဒေါ်ခင်မမျိုးတို့က အပ်နှင်းပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှို၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်၊ ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းတို့က ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သူနာပြုနှင့်သားဖွားသင်တန်းသူတစ်ဦးဖြစ်သည့် မရှာဘာမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

## ချောက်မြို့ပြည်သူ့ဈေးအနီးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ချောက် မေ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မေ ၆ ရက် နံနက် ၈ နာရီမှစ၍ ပြည်သူ့ဈေးအနီးရှိ ရေမြောင်းများအတွင်းရှိ ရွှံ့နွံနှင့် အမှိုက်သရိုက်များ ရှင်းလင်းခဲ့သည်။

ယင်းသို့ပြုလုပ်ရာတွင် ချောက်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်ဌေးနှင့်ဝန်ထမ်း ၂၀၊ ဈေးမိဈေးဖ ၁၅ ဦး၊ မြို့မိမြို့ဖ ခုနစ်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်နှင့် အရန်မီးသတ် ၁၈ ဦး၊ သန္ဓေ ခုနစ်ဦးတို့က မြို့နယ်မီးသတ်ယာဉ်တစ်စီး၊ စည်ပင်ယာဉ်နှစ်စီးတို့ဖြင့် ဈေးဝန်းကျင်အနီးရှိ ရေနုတ်မြောင်းရှိ ရွှံ့နွံများ၊ အမှိုက်သရိုက်များ ဖယ်ရှား၍ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများအနံ့အသက်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်ကျော်မိုး(ပြန်/ဆက်)**

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေးထိုးနှံ

**ပြည်ကြီးမဏ္ဍိုင် မေ ၇**

ပြည်ကြီးမဏ္ဍိုင် လေညာအရှေ့ရပ်ကွက် ကျေးလက်ဆေးပေးခန်း၌ မေ ၄ ရက် နံနက် ၉ နာရီက ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဌာန မြို့တာဝန်ခံဆရာဝန် ဒေါက်တာဖြိုးမင်းသိန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့စည်ပင်သာယာရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမျိုးအောင်က သန့်ရှင်းမှုဖြင့် ကျန်းမာရေးထိန်းသိမ်းရန် ခေါင်းစဉ်ဖြင့်လည်ကောင်း၊ ကျေးလက်ကျန်းမာရေးဌာနမှ ဒေါ်ခင်မျိုး(HD) က ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ လေညာအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကကူးစက်ရောဂါကင်းစေဖို့ သန့်ရှင်းမှုဖြင့် ကာကွယ်စို့ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောရှင်းလင်းခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား ရောဂါကြီးငါးမျိုး ကင်းဝေးစေရေးအတွက် ကျန်းမာရေးဝန်ထမ်း ဒေါ်ထားထားဦးက ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ NGO အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## jynfblabmxm;pifrif

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင့်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)*

# အငုံစိတ်

**à ကိုရွှေမိုး**

သတင်းသမား တစ်ယောက်ဖြစ်သော ကျွန်တော်က ကိုယ့်မွေးရပ်မြေရဲ့ အမြင်မတော်တာတွေ့လျှင် ရေးချင်သည်။

(၁) လူမှာအငုံစိတ်ရှိသည်။ ဗိုလ်ကျအနိုင့်အထက်ပြုခြင်းများကို တော်လှန်လိုသောစိတ်က လူတိုင်းတွင်ရှိသည်။ ဒီအငုံစိတ်ကြောင့် ခေတ်စနစ်တစ်ခုကိုပြောင်းလဲနိုင်ခဲ့သည်။ ဖိနှိပ်မှုမျိုးစုံကို ကိုယ့်ရဲ့အငုံစိတ်ဖြင့် ပြန်လည်ခုခံနိုင်စွမ်းရှိကြောင်း ကိုယ်တိုင်မသိခဲ့သူက များသည်။ ကြောက်စိတ်က နှစ်ပေါင်းရာစုနှစ်တစ်ဝက်ကျော်အောင် နှလုံးသားတော်တော်များများကို လွှမ်းမိုးထားခဲ့သည်ပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကိုယ်တိုင်လည်း ကြောက်တတ်ခဲ့ကြောင်းတော့ဝန်ခံပါသည်။

(၂) နိုင်ငံရေးသမားစစ်စစ်များက ခေါင်းကြောမာကြောင်းနှင့် နားလှည့်၍မရကြောင်းစစ်ကြောရေးလုပ်ခဲ့သူများက ကောင်းကောင်းသိပြီးဖြစ်ပါလိမ့်မည်။

သတင်းသမားများလည်း နိုင်ငံရေးသမားများကဲ့သို့ခံယူချက်နှင့် ခံစားချက်တို့က မယိမ်းမယိုင်ရှိကြောင်း ဦးဝင်းတင်လို ပုဂ္ဂိုလ်မျိုးက သက်သေရှိပြီးဖြစ်သည်။

ငွေနှင့်အာဏာတို့ကြောင့် ဖောက်ပြန်သွားသော နိုင်ငံရေးသမားမျိုးရှိသလို အပုပ်နံ့ထွက်သော သတင်းသမားများလည်းရှိသည်။ နိုင်ငံရေးသမားတိုင်း လူကောင်းမဟုတ်သလို သတင်းသမားတိုင်းလည်း သူတော်ကောင်းမဟုတ်နိုင်ပါ။ လူထဲကလူများသာဖြစ်သည်။

(၃) ကျွန်တော်ငယ်ငယ်ကဖြစ်သည်။ ယခုကဲ့သို့ ဗိုက်က မဆူဖြိုးသေး၊ သေးသေး ပိန်ပိန်ပါးပါးနှင့်မို့ ဗိုလ်ကျတတ်သောစရိုက်ရှိ ရွယ်တူတို့က မလေးမစားနှင့် ဗိုလ်ကျတာခံခဲ့ရသည်။ မမေ့နိုင်သောအဖြစ်ထဲမှာ မှတ်မှတ်ရရ တစ်ခုက ရုပ်ရှင်ထဲက လူမိုက်ပုံဖမ်းထားပြီး ကျွန်တော့ကို အမြဲအနိုင်ကျင့်သည်။ ကျွန်တော်ခံစားလို့မရနိုင်တဲ့အဆုံး ဒီကောင့်ကို ပြန်တွယ်မှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်တော် သူ့အကြောင်းတွေးသည်။ ဒီကောင့်ကို ကျွန်တော်ရိုက်ခွဲပစ်မှ နားအေးလိမ့်မည်။ အိမ်နောက်ဖေး ၁၀ ပေလမ်းကြားမှာ ဝါးရုံရှိသည်။ ဝါးရုံထဲမှ စိတ်ကြိုက်ဖြစ်သော ဝါးကိုရွေးခုတ်သည်။ ကျွန်တော်ဝါးခုတ်နေသော်လည်း သူ့မျက်နှာကိုသာ မြင်နေရသည်။ ဝါးပင်ကို ကိုင်းသတ်ပြီးမှ လက်ထဲ ကိုင်လို့ကောင်းရုံ တစ်တောင်သာသာဝါးကို သေသေချာချာရွေးပိုင်းလိုက်သည်။

(၄) ကျွန်တော် ခေါင်းကို တစ်ချက်ထဲနှင့် ရိုက်ခွဲပစ်ခဲ့လို့ဖြစ်သည်။ ဒီကောင်က သူ့အလှည့်ကျတော့ မျက်ရည်နှင့်နှပ်တို့အပြင် ခေါင်းက သွေးတို့ကိုပါ လက်ညှိုးထိုးပြပြီး အိမ်လာတိုင်သည်။

သူက ဝါးပိုင်းနှင့် အတီးမခံရခင်အထိ အရင်ပြုမူနေကျအတိုင်းလိုပဲ မိုက်ရိုင်းသည်။ ရစ်သည်။ ဗိုလ်ကျမြဲအတိုင်း ပြောဆိုဆက်ဆံခဲ့သည်။ ဒီနေ့ အချခံရမယ်လို့ သူ့စိတ်ထဲလုံးဝမထင်ထားတာဖြစ်မည်။ ကျွန်တော့မှာ သူ့အထင်ကြီးစရာ ခွန်အားဗလမရှိပါ။ ကျွန်တော်လိုကောင်က ဝါးဆစ်ပိုင်းနှင့် မိတ်ဆက်ပေးလိမ့်မယ်လို့ မထင်မှတ်တဲ့အချိန် သူ့ခေါင်း ရိုက်ခွဲခံလိုက်ရသည်။ သည်နောက်ပိုင်းမှာ သူကျွန်တော့ကို လေးလေးစားစားနှင့် ကောင်းကောင်းမွန်မွန်ဆက်ဆံသည်။

ကျွန်တော့ရဲ့ တော်လှန်လိုသော အငုံစိတ်ကြောင့်လား၊ ဒေါသကြောင့်လား၊ ကျွန်တော်မသိ။ သိလဲမသိချင်တော့ပါ။

(၅) ကျွန်တော်တို့ရဲ့ဘဝတွေကို ပုံထုဆစ်ဖို့ ကျွန်တော်တို့ပိုင်တဲ့ဘဝတွေမဟုတ်ကြောင်း ကျွန်တော်ကောင်းကောင်း သိခဲ့ရသည်။

ရည်ရွယ်ရပ်တည်ချက်မဲ့ ဗိုလ်ကျစိုးမိုးရေးသို့ ဦးတည်ထားသော နိုင်ငံရေးစနစ်ကဘဝမှာ ရွေးချယ်ခွင့်မရှိရအောင် ပိတ်ထားသော တံခါးများဖြစ်ကြောင်းနားလည်ခဲ့သည်။

နိုင်ငံရေးတောကြောင်များက လူတွင်ကျယ်ခဲ့လို့ ဘဝပေါင်းများစွာက အောက်တန်းနောက်တန်းကျခဲ့ရသည်။ လူဖြစ်ကြောင်းအတွေးက သိပေလို့သာပေပဲ။ လူဟာလူနဲ့ကိုမတူတော့အောင် နေထိုင်စားသောက်ခြင်းကိုက လူသားပီသခွင့်တွေဆုံးရှုံးခဲ့သည်။ ခံစားချက်တို့ရင့်မှည့်လာသောအခါ လူတို့ရဲ့ အငုံစိတ်တွေက အသွေးအသားထဲမှာ ရှစိတက်လာပြီး ခေတ်စနစ်တစ်ခုကို ပြောင်းလဲပစ်ဖို့ခွန်အားဖြစ်ခဲ့သည်။

တိုက်ယူရမည်လား၊ တောင်းပန်တိုးလျှိုးလို့မှ ရနိုင်မည်လား၊ ရေချိန်ညှိခဲ့ရသည်။ ခေတ်က အလိုလို ပြောင်းလဲသွားတာမျိုးမဟုတ်ခဲ့သည်ကတကယ့်လက်တွေ့ဖြစ်သည်။

(၆) အပြောင်းအလဲကို မနှစ်မြို့သောလူတန်းစားတစ်ရပ်လည်း ရှိနေသေးတာသေချာသည်။ ခေတ်သစ် . . . . တို့ဖြစ်သည်။

အေးချမ်းနေသော မြို့လေးကို အကြမ်းဖက်ဖို့ ကြိုးစားကြသည်။ ဘာသာရေးအမှောင့်များနှင့် ဖျက်ဆီးဖို့ဖြစ်သည်။

ဥစ္စာကြွယ်ပိုးကြွယ်ဝရှိသော လူညစ်ပတ်တို့၏ မဟာဗျူဟာဖြစ်မည်ထင်သည်။ သူတို့၏ ယုတ်မာမှုကြောင့် မြို့ဆူမြို့ပျက်လို့ ရုတ်ရုတ်ဖြစ်လျှင် သူများထက်ကိုယ်က ပိုဆုံးရှုံးနိုင်ကြောင်း မြို့ဖျက်ဖို့ ရည်ရွယ်နေသူများ သိဖို့လိုသည်။

ရတဲ့နည်းလမ်းမှန်သမျှဖြင့် စီးပွားရှာထားကြသဖြင့် အိုးအိမ်အဆောက်အအုံတို့က ကြီးကျယ်ခမ်းနားသော ပစ္စည်းများနှင့်ဖြစ်သည်။ ပွဲရုံကြီးထဲက အရင်းအနှီးက သိန်းတွေသောင်းနှင့်ချီနိုင်သည် မဟုတ်လား။

ခေတ်ပြောင်းနေပြီဖြစ်ကြောင်း ဖော်လန်ဖားလူ့စရိုက်ပျက်များ အသိတရားရှိဖို့ လိုအပ်နေသောအချိန်ဖြစ်သည်။

ယခုတော့ နိုင်ငံရေးအရောင်ပြောင်းဖို့ကြိုးစားကြည့်ပြန်သည်။ ငွေနှင့် အာဏာချိန်ဆက်ဖို့ဖြစ်သည်။ စစ်မှန်တဲ့ နိုင်ငံရေးသမားတို့က ပြည်သူနှင့် တိုင်းပြည်မျက်နှာသာကြည့်မည်ဖြစ်သည်။ ပြည်သူ့ချဉ်ဖတ်တို့ကို လက်ခံမှာမဟုတ်ကြောင်းလူထုက ယုံကြည်နေကြသည်။

လူညစ်ပတ်တို့အရင်လို ပြုမူလုပ်ကိုင်လို့ရတော့မည့်အချိန်မဟုတ်တော့ကြောင်း နားလည်ဖို့လိုသည်။

(၇) သတင်းသမားမှန်လျှင် ရေးရမည်။ အမှန်တရားဖက်၊ ပြည်သူ့ဖက်က ရပ်ပြီးရေးမည်လို့ ခံယူထားသည်။

. . . . လူတန်းစားတစ်စု ကျွန်တော်တို့တောမြို့လေးမှာ အမှန်တကယ်ရှိနေသည်။ တစ်နိုင်ငံလုံး . . . . ပေါင်းများစွာရှိနေသည်။ ဒင်းတို့က . . . . ထက် ပိုဆိုးသည်ဟု ထင်သည်။ လူယဉ်ကျေးတံဆိပ်ကပ်ပြီး အမှောင်ကြိုက် သူခိုးဂျပိုးများဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်းသိသည်။ လူထုကလည်း သိနေသည်။

ဗိုလ်ကျအနိုင်ကျင့်ဖို့ အာဏာရှိသူမှန်လျှင် ခြေထောက်ကိုင်ရမှာ ရှက်ကြောက်သူများ မဟုတ်ကြ။ အာဏာရှူး အရှက်မရှိ သိက္ခာမဲ့ကြသူများဖြစ်သည်။

၎င်းတို့ လုပ်ကိုင်နေသော စီးပွားရေးများထဲမှ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူတို့နှင့်ပေါင်းပြီး အခွန်ရှောင် ကလိန်ကျနေမှုများ ကျွန်တော်စုံစမ်းသိရှိသမျှ ဖွင့်ကြေညာလိမ့်မည်။

ဒါမှ ဗိုလ်ကျစိုးမိုးတတ်သော စိတ်ရိုင်းများ အတောသတ်ပေလိမ့်မည်။ ဒါသည် ပြည်သူ့အရေးဖြစ်သည်လို့ ခံယူထား၍ဖြစ်သည်။

ကျွန်တော်ဆိုလိုသည်က ဝါးဆစ်ပိုင်းတုတ်ကဲ့သို့ မီဒီယာလက်နက်ဖြင့် ခပ်ပြင်းပြင်းရိုက်နှက်ပစ်ပြီး အမှန်တရားကိုဖော်ထုတ်ပြသဖို့ဖြစ်သည်။

ကျွန်တော်တို့ဘဝအတွက် အရပ်သားစစ်စစ်အစိုးရကို မျှော်လင့်ခဲ့ရသည့်နှစ်က ရာစုနှစ်တစ်ဝက်ကျော်ကြာခဲ့သည်။

လသားအရွယ်အစိုးရယိုင်နဲ့စေရန် -----လိုလူတန်းစားများက နိုင်ငံရေးအောက်လမ်းနည်းများသုံးပြီး ပြည်ဖျက်ဖို့ကြိုးစားနေကြသည်။ ပြည်သူတို့က သတိရှိရှိဖြင့် အစိုးရနှင့်အတူလက်တွဲ၍ ပြည်ဖျက်သူများကို စောင့်ကြည့်ပြီး ပြတ်ပြတ်သားသား ဆုံးမနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဒီတစ်ခါတော့ ငယ်ငယ်တုန်းကလို အဖေကျွန်တော့ကို ရိုက်မှာမဟုတ်ကြောင်းစိတ်က သိနေသည်။

(၈) သတင်းသမားတစ်ယောက်ဖြစ်သော ကျွန်တော်က ကိုယ့်မွေးရပ်မြေရဲ့ အမြင်မတော်တာတွေ့လျှင်ရေးချင်သည်။ရေးနေဦးမှာလည်း သေချာစေသည်။

> စစ်မှန်တဲ့ နိုင်ငံရေး သမားတို့က ပြည်သူနှင့် တိုင်းပြည်မျက်နှာသာ ကြည့်မည် ဖြစ်သည်။ ပြည်သူ့ချဉ်ဖတ်တို့ကို လက်ခံမှာမဟုတ် ကြောင်း လူထုက ယုံကြည်နေကြ . . .

## ပုလဲမြို့နယ်ရှိ နွားများအား ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ပုလဲ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသည် ရက် (၁၀၀) စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အနေဖြင့် မေ ၅ ရက် နံနက် ၉ နာရီက မကျီးခွကျေးရွာရှိ နွား ၁၀၂ ကောင်အား ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာအေးမင်းကိုကိုက "ရက် (၁၀၀) စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဌာနရဲ့ အဓိကတာဝန်ဖြစ်တဲ့ Food safety and food security ကို အကောင်အထည်ဖော်ရန်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၂၂)အုပ်စု၊ ကျေးရွာပေါင်း ၄၅ ရွာသို့ အဖွဲ့သုံးဖွဲ့ခွဲကာ နယ်မြေကွင်းဆင်း၍ ကျွဲနွားများတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများမဖြစ်ပေါ်စေရေးအတွက် ဧပြီ ၅ ရက်မှ စတင်၍ ဇွန် ၂၆ ရက်အထိ အခမဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတယ်" ဟု ပြောကြားခဲ့သည်။

အလားတူ မေ ၄ ရက်က ဇောင်ဂျမ်းကုန်းကျေးရွာသို့ ကွင်းဆင်း၍ နွား ၁၂၃ ကောင်ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာအေးမင်းကိုကိုဦးဆောင်သည့် ဝန်ထမ်းများက ဒေါင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့သည်။ နွားများအားကာကွယ်ဆေးများ ထိုးပေးခြင်းဖြင့် ရာသီအလိုက် ဖြစ်ပွားကူးစက်တတ်သောရောဂါများကို ကာကွယ်ပေးနိုင်ခြင်း၊ တောင်သူဦးကြီးများအနေဖြင့် ကူးစက်ရောဂါများကြောင့် တိရစ္ဆာန်များ သေဆုံးမှုများအား လျှော့ချနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်း ရာသီချိန်အပြည့် အသုံးချနိုင်ခြင်းနှင့် တိရစ္ဆာန်များ သေဆုံးမှုလျော့နည်းခြင်းကြောင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခြင်းတို့ကို အထောက်အကူပြုနိုင်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီဖြစ်လာ

**ရန်ကုန် မေ ၇**

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်သည် ရန်ကုန်စတော့အိတ်ချိန်း၏ ခွင့်ပြုချက်အရ စာရင်းဝင်ကုမ္ပဏီဖြစ်လာခဲ့ပြီဖြစ်ရာ မေ ၂၀ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စဖွင့်မည့် အချိန်မှ စတင်ကာ ၎င်းကုမ္ပဏီ၏ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် စတင်ရောင်းဝယ်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းသွင်းရောင်းဝယ်ခွင့်ရရှိခဲ့ခြင်းသည် ကုမ္ပဏီအနေဖြင့် စီးပွားရေးချဲ့ထွင်နိုင်ရေးအတွက် လိုအပ်သော ရင်းနှီးငွေများအားရရှိမည်ဖြစ်ရာ အစုရှယ်ယာတန်ဖိုးများ စဉ်ဆက်မပြတ်တန်ဖိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီဖြစ်လာခဲ့ခြင်းသည် နောင်အနာဂတ်တွင် စာရင်းတင်သွင်းလာမည့် ကုမ္ပဏီများအတွက် စံနမူနာပြုကုမ္ပဏီတစ်ခုအနေဖြင့် ရပ်တည်လာနိုင်မည်ဖြစ်သည်။

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်သည် ကနဦးမတည် တည်ထောင်စဉ်က ကုမ္ပဏီကိုးခုဖြင့် စတင်ခဲ့ရာ လက်ရှိအချိန်တွင် အစုရှယ်ယာရှင်ပေါင်း ၁၆၇၀၀ ကျော်ရှိလာပြီး မြန်မာနိုင်ငံ၌ အစုရှယ်ယာရှင်အများဆုံးဖြင့် ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီလည်းဖြစ်လာခဲ့သည်။ ကုမ္ပဏီအနေဖြင့် အစုရှယ်ယာရှင်များ၏ မျှော်မှန်းချက်များကို စဉ်ဆက်မပြတ်ဖော်ဆောင်ခဲ့ရာ ကုမ္ပဏီလည်ပတ်သည့် ဒုတိယနှစ်အတွင်းမှာပင် အကျိုးအမြတ်ရှိစေရန် စီမံခန့်ခွဲလုပ်ကိုင်နိုင်ခဲ့ပြီး အစုရှယ်ယာရှင်များကိုလည်း အမြတ်ငွေများ ခွဲဝေပေးနိုင်ခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်ဝန်းကျင်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကုမ္ပဏီ၏ကြီးပွားတိုးတက်ရေးကို ပိုမိုမြင့်မားကောင်းမွန်စေရန်လည်း မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်အနေဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ ထို့ပြင် အစုရှယ်ယာရှင်များ၏ အစုရှယ်ယာတန်ဖိုးထပ်မံမြင့်တက်လာစေရန်လည်း အခြားသောစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## acsmif;qkwfcif;r&ef; tjrifbifwfe;zGifh

**ချောင်းဆုံ မေ ၇**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာသူ၊ ရွာသားများ ငြိမ်းချမ်းရေး၏ အနှစ်သာရကိုသိရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတတ်သည့် နိုင်ငံတော်ကိုအကောင်အထည်ဖော်ဆောင်ရန်အတွက် ပြည်နယ် (CSO) ကိုယ်စားလှယ် ဦးနောင်နောင် အဖွဲ့နှင့် မြို့နယ် (CSO) အဖွဲ့တို့မှ မေ ၄ ရက်က ငြိမ်းချမ်းရေးအမြင်ဖွင့် သင်တန်းကို ကွမ်လှာကျေးရွာ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် ငြိမ်းချမ်းခြင်း၏ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းတို့ကို သင်တန်းနည်းပြဆရာနှစ်ဦးတို့က နှစ်ရက်ကြာသင်ကြားပို့ချခဲ့ပြီး ကွမ်လှာ၊ အဘစ်၊ ကမာကေး၊ ကွင်းကလိန် ကျေးရွာများမှ သင်တန်းသား ၃၀ တတ်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


အချိန်မရွေး၊နေရာမရွေး
ဘယ်ဖုန်းကိုဖြစ်ဖြစ် ငွေဖြည့်နိုင်တဲ့
MAB မိုဘိုင်းဘဏ် ကို သုံးကြမယ်။
MAB မိုဘိုင်းဘဏ်သည် အခြားနေ့စဉ် ငွေကြေးဆောင်ရွက်မှုများကိုလည်း
လုံခြုံစိတ်ချစွာဆောင်ရွက်ပေးနေပါပြီ။
စာရင်းမရှိသူသို့ငွေပို့ခြင်း
လက်မှတ်ဝယ်ယူခြင်း
အေတီအမ်သို့
MAB
MOBILE BANK
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
မြန်မာ့ရှေ့ဆောင်ဘဏ်
အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကြော်ငြာ


### ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရွှေဟင်္သာတောရ ကျောင်းတိုက်တွင် သတ္တမစံကျောင်း ဆရာတော်ကြီး မွေးနေ့ပူဇော်ပွဲနှင့် ရွှေဟင်္သာဝံသနာရီစင် ဖွင့်ပွဲကျင်းပမည်

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သတ္တမစံကျောင်း ဆရာတော်ကြီး၏ သက်တော် (၉၇)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ၊ ရွှေဟင်္သာဝံသ သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းအားဖြင့် ဆောင်မြင်စွာ တည်ဆောက်ပြီး ရွှေဟင်္သာဝံသနာရီစင်ဖွင့်ပွဲကို ၁၃၇၈-ခုနှစ်၊ ကဆုန်လဆန်း (၆)ရက် (၁၂. ၅. ၂၀၁၆) ကြာသပတေးနေ့တွင် ရွှေဟင်္သာဝံသသံဃာ စုံအညီဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရွှေဟင်္သာဝံသ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်စာများ ဆက်ကပ် ထားပြီးဖြစ်သော်လည်း ပင့်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်တော်မူကြပါရန်နှင့် အလှူရှင် တပည့်ဒါယကာ ဒါယိကာမများ မွေးမိတ်ဆွေများ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ပါရန် နိုးဆော် ဖိတ်ကြားအပ်ပါသည်။

အလှူတော်ကျင်းပရေးကော်မတီ
ဖုန်း -၀၉၇၉၈၂၅၁၃၆၂



**အမည်ပြောင်း** ရန်ကုန်မြို့ တာမွေ ဦးအောင်ကိုကို (၁၂/ဥကမ(နိုင်)၁၉၃၃၃၈၇)၏ သမီး မဖူးပွင့်မေအောင်အား မမြသီတာထွန်း ဟုပြောင်းလဲခေါ်ပါရန်။ မမြသီတာထွန်း

**မီး သတိပြု**

**ငွေတာနာရှင်** - ကျိုက်ထီးရိုးရက် / ကျောင်းသားရက်
- ဘားအံ - ကျွဲကော်ရေတံခွန်၊ ဂူဘုရားများနှင့် မြဝတီ-မဲဆောက်၊ ဖဒေါ် (၄)ရက်
- ပုဂံ - ညောင်ဦး ပုပ္ပါး (၄)ရက် - မန္တလေး ပြင်ဦးလွင်၊ ဒီးဒုတ်ချောင်းချိုင် (၄)ရက်
- တောင်ကြီး အင်းလေး ပင်းတယ (၄)ရက် - ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်(၅)ရက်
- ဘားအံ - ကျွဲကော်ရေတံခွန်၊ ဂူဘုရားများနှင့် ဖော်လမြိုင်၊ ကျိုက်ထီး စက်ဆဲ (၃)ရက်

Ph: 01-392794, 09 73017110, 09 795066657, 09 785066657

**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး ရှောင်းသာ / ရွှေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**Honey Travels & Tours**
Singapore - Santosa (3N/4D) - $ 350 - May 13/20
မန္တလေး - မန္တီ - ဝူတ်ထိင်၊ -ပါရီ May 13/20 - 65000Ks
Ph: 09-263180930

**ရွှေကြေးစည် မှ** (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
- ▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
- ▲ပုဂံ၊ ညောင်ဦး၊ ခွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနီ
- ▲မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာကန်၊ ကျောက်စိမ်းဘုရား
- ▲ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ၊ ပခုက္ကူ
- ▲ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ခွားလပိုတောင် (ကျိုက်ထီးရိုး)
- ▲(ကျွဲကော်ရေတံခွန်၊ ဘားအံဂူ(၅)ဂူ)(နေပြည်တော်)(ဇလွန်)(အကောက်တောင်)

အမြတ်စဉ် သောကြာ နေ့

ဖုန်း ☎01-240860/01-372290 09-49282825, 09-73494339

**ပီတိသုခ** ၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၇၃၀၅၁၁၁၁၈ ၀၉ ၂၆၅၅၄၇၃၃၁၊ ၀၉ ၇၆၄၃၉၅၅၄၅ ထေ-13 ရွှေဂ်ုံ
- ▲ရွှေကျောင်းမြို့၊ ကြေးချိုင်ကမ်းခြေအပန်းဖြေနှင့် ဂေါ်ရင်ဂျီကျွန်း ၆၀၀၀၀/-
- ▲ဘားအံ၊ ကျွဲကော်ရေတံခွန်၊ မြဝတီဘုရား၊ မဲဆောက်၊ ဦးအောင်ဇေယျနန်း၊ ကျိုက်တိုက်၊ နဂါးရုံ၊ ရွှေကျောင်း၊ မဲဆောက်ဈေး၊ မယ်တော်လေးပန်းဈေး ၇၀၀၀၀/-

မိသားစုခရီးစဉ်များ စော်ဆိုလက်ခံသည်

**သုနာပြတက္ကသိုလ်(မန္တလေး)ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ**

၁၉၉၈-၂၀၁၅ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ မေလ ၂၁ရက် နံနက် ၉နာရီတွင် တော်ဝင်သဇင်ခန်းမ၊ သုနာပြတက္ကသိုလ် (မန္တလေး)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်---

| | | |
|---|---|---|
| မန္တလေး | -ဒေါ်သီရိဝင်းလင်း | -ဖုန်း-၀၉-၂၆၀၀၀၅၄၄၀ |
| | ဒေါ်မြလင်း | -ဖုန်း-၀၉-၄၃၀၅၅၁၀၆ |
| | ဦးမျိုးမင်းလတ် | -ဖုန်း၀၉-၂၆၀၈၀၀၈၉၈ |
| ရန်ကုန် | -ဒေါ်မျိုးမျိုးဇော | -ဖုန်း ၀၉-၂၆၃၇၈၉၀၈၂ |
| နေပြည်တော် | -ဦးသန်းမင်းနိုင် | -ဖုန်း-၀၉-၂၅၄၀၅၄၉၅၅ |









**အမြန်ရောင်းမည်**
၂လွှာ ၂၄၀သိန်း
၃လွှာ ၂၀၀သိန်း
နေထိုင်ရွှေ့ကျပြီး
၇/အနောက် သာကေတ
Ph:785386410, 73213410

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇/ခ+၂၉/က၊ မြေကွက်အမှတ်-၅၉+၁၀/က-၁၊ မြေကွက်တည်နေရာအမှတ်-၈/၉ လေးဖော်ကန်လမ်း ဆ/ကယ်ကွက် သယ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်စိန်(သိုင်းအတ်စ်အင်း-၁၅၅၅၄၂) အမည်ပေါက် နှစ်(၆၀) ငှားမြေအား အမည်ပေါက် ဒေါ်ခင်စိန် (မိခင်)နှင့် ဦးလှမျှမြင့်သိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြတ်ယုရွှင် ၁၂/သဃက(နိုင်)၀၀၁၅၀၈၊ ဦးထွန်းမင်း ၁၂/သဃက(နိုင်)၀၀၁၅၈၉၊ ဒေါ်ခင်လင်းမို ၁၂/သဃက(နိုင်)၁၄၆၅၈၈၊ ဦးစန်းမြည့်ထွန်း ၁၂/သဃက(နိုင်) ၁၄၆၅၈၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Code ဖြင့် | SMS ဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား ၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

ညစဉ် ည ( ၁၁ ) နာရီမှ နံနက် ( ၇ ) နာရီအတွင်း အသုံးပြုနိုင်ပါသည်။

၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-Paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- ညစဉ်ည (၁၁) နာရီမှ နံနက် (၇) နာရီအထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁) နာရီမှ နံနက် (၇) နာရီအတွင်း အသုံးပြုရန် သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- Package ဝယ်ယူထားသူများအတွက် ည (၁၁) နာရီမှ နံနက် (၇) နာရီအတွင်း အင်တာနက်သုံးစွဲမှုများကို "Data များနဲ့ည Package" မှသာ ကောက်ယူပါမည်။
- ဝယ်ယူထားသော Package မှ အင်တာနက်သုံးစွဲမှုများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ်ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟု ရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm https://facebook.com/mptofficialpage LINE MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106 (၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# သီတာ
## အာမခံစိန်ရွှေရတနာဆိုင်
( ၁၅` ရည်ပြည့် )

- ၁၅ ပဲရည်ပြည့် ရွှေထည်များကို ပန်းထိမ်ပင်ရင်း အလျော့တွက်ဖြင့် လက်လီ/လက်ကား ရောင်းချပေးနေပါသည်။
- ငွေ (၃) သောင်းဝန်းကျင်ဖြင့် ရွှေထည်များ၊ ငွေ (၅)သောင်းဝန်းကျင်ဖြင့် အီတလီနိုင်ငံထုတ် ပလက်တီနမ်များ ရောင်းချပေးနေပါသည်။
- ငွေ (၁ သိန်းခွဲ) ဝန်းကျင်ဖြင့် စိန်ထည်လှလှ လေးများကို ဝယ်ယူဝတ်ဆင်နိုင်သည်။
- စိန်အလွတ်များကို (၁) ပွင့်မှ စ၍ လိုသလောက် ရတီချိန်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
- ငွေစုလိုသူများအတွက်လည်း ရာနှုန်းပြည့် သန့်စင်ပြီး အခေါက်တုံးများကို(၁) ရွေးမှ စ၍ လိုသလောက် ရရှိနိုင်ပါသည်။
- Order ထည်များကို လက်ရာကောင်းမွန်စွာဖြင့် အထူးပြုလုပ်ပေးနေပါသည်။
- သီတာ ရွှေဆိုင်မှဝယ်ယူထားသော ပစ္စည်းများအား ဆိုင်ခွဲ(၃)ဆိုင်လုံးတွင် ဘောင်ချာနှင့်တကွ အချိန်မရွေး ရောင်းချ / လဲလှယ် နိုင်ပါသည်။
- ရွှေရွေးများကိုလဲ အချိန်မရွေးဆက်သွယ် စုံစမ်းနိုင်သည့်အပြင် အသေးစား ပြင်ဆင်မှုများကိုလဲ အခမဲ့ အထူးဝန်ဆောင်မှု ပေးနေပါသည်။



ကားကံထူးရှင်



၂၀၁၆ မဟာသင်္ကြန် အထူးအစီအစဉ်တွင် ကံထူးသွားသော ကံထူးရှင်များအား ဂုဏ်ပြုအပ်ပါသည်။

ဆိုင်ကယ် ကံထူးရှင် ( ၃ )ဦး



သီတာ ရွှေဆိုင် ( ၃ ) ဆိုင်လုံးတွင် နေ့စဉ် ပိတ်ရက်မရှိ ရာသက်ပန် ဖွင့်လှစ်လျက် ရှိပါသည်။

ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင်အနီး) ဖုန်း(၀၁)- ၂၃၃၂၄၆၄

ဆိုင်ခွဲ (၂) - အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးဆောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး) ဖုန်း(၀၁)- ၅၇၉ ၃၅၄၊ ၈၅၅၀၁၁၇

ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးဒေါင့်ကန်လမ်းမကြီး၊ သယ်္ဃန်းကျွန်းဈေးကြီးရှေ့၊ (ဆ/က) ရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁)- ၈၅၅၀ ၆၀၁


Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
THE FIRST-EVER BMW EXPO.
12-15 May 2016 | Myanmar Event Park | Yangon
THE NEXT 100 YEARS
The new BMW M3 Sedan
BMW Jump and Trial Show
The all-new BMW X6
BMW xDRIVE
BMW xDrive Experience
BMW Kids Course
BMW i8 Remote Control Track
ကြိုတင်လက်မှတ်များကို BMW Showroom နှင့် City Mart ဆိုင်ခွဲများတွင် ဝယ်ယူနိုင်ပါသည်။
Hotline: 01- 230 6133 (၁၀ နှစ်အောက်ကလေးများ ဝင်ကြေးလက်မှတ် မလိုပါ။)
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# ကောင်းမွန်သော အနာဂတ်ကိုမျှော်လင့်နေဆဲ သယံဇာတသားကောင်များ


ဖားကန့်ဒေသ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်ရှိ မြေစာပုံတွင် ရေမဆေးကျောက် ရှာဖွေနေကြသည့် ဒေသခံများအား တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ

တင်ထွဋ်နိုင်(ကြေးမုံ)

နံနက်မိုးမသောက်မီ ကြက်တွန်သံကြားချိန် အိပ်ရာမှ ကပျာကယာထ၊ ကိုယ်လက်သန့်ရှင်းရေးလုပ်၊ ကိုးကွယ်ဆည်းကပ်ရာ ဘုရားကိုဝတ်ပြု၊ ထမင်းကြမ်းခဲအနည်းငယ်နှင့် ဆာလောင်မွတ်သိပ်မှုကိုဖြေသိမ့်ကြ။ ပြီးနောက် လူငယ်အချို့က ဆိုင်ကယ်များဖြင့်၊ လူငယ်အချို့က ခြေကျင်ခရီးဖြင့် သူတို့နေထိုင်ရာ ငါးမိုင်ခန့်အကွာမှ မြေစာပုံ တောင်ထိပ်ဆီသို့ အပြေးအလွှားသွားနေကြသည်။

ထိုမြေစာပုံနေရာမှာ ယခုနှစ်ဦးပိုင်းက လူ့အသက်များကို နှစ်ကြိမ်၊ သုံးကြိမ်မက ဇီဝိန်ချွေခဲ့သော ဖားကန့်ဒေသ ကန်ချိရွာအနီးရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်ဖြစ်သည်။ ထိုလူငယ်လေးများမှာ ရေမဆေးကျောက် ရှာဖွေသူများ ဒေသအခေါ် ရေမဆေးသမားလေးများဖြစ်သည်။ ၎င်းတို့ဝမ်းရေး၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် သေဘေးကိုမကြောက် အသက်ကိုရင်း၍ မြေစာပုံများအတွင်းမှ ရေမဆေးကျောက်ကို နိစ္စဒူဝ ရှာဖွေနေကြသူများဖြစ်သည်။ အစောပိုင်းက လူ့အသက် ရာနှင့်ချီသေဆုံးခဲ့ရသည့်အဖြစ်ကိုလည်း သင်ခန်းစာမယူနိုင်၊ အန္တရာယ်ကိုလည်း မမှုနိုင်သူများဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❑

## ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေး သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ပေး

ကျော်ကျော်(မလှိုင်)

**မလှိုင် မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ကူမဲမြို့အရှေ့ဘက် ၂၀မိုင်အကွာ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကင်းတားရေလှောင်တမံသည် မြို့နယ်တွင်းတောင်သူလယ်သမားများ အဓိကအားကိုးအားထားနေရသည့် ဆည်တမံတစ်ခုဖြစ်သည်။

ပန်းလောင်မြစ်ပေါ်တွင် ကင်းတားဆည်၊ နက်လှဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့ကို ရေလွှဲဆည်များအဖြစ်တည်ဆောက်ပြီး မြစ်ရေနည်းပါးချိန်တွင် ရေမလုံလောက်မှုမှကာကွယ်ရန်၊ မြစ်ရေကြီးချိန်တွင် လယ်ယာမြေများရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရန်၊ တစ်နှစ်ပတ်လုံးရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၆၅သန်း ထုတ်လုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာတာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၈၉-၁၉၉၀ခုနှစ်ခန့်တွင် ပြီးစီးခဲ့သည်။

ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီးတမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေ၊ ရေထုတ်ပြွန်အမျိုးအစား ကွန်ကရစ်ဥမင်၊ ရေထုတ်ပြွန်အရွယ်အစား ၂၄ ဒသမ ၆ ပေ၊ ရေထုတ်ပြွန်အလျား ၁၅၂၅ပေ၊ ရေပိုလွှဲအမျိုးအစား ရေတံခါးတပ်ကွန်ကရစ်၊ ခန့်မှန်းကုန်ကျငွေ ၁၃၆၁ ဒသမ ၇၀ သန်းရှိကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၃ ❍**

